# ပိဋကတ်လမ်းညွှန်

(ဒုတိယတွဲ)

ဟံသာဝတီ

( ၅၇၀ )

ပိဋကလမ်းညွှန် ဒုတိယတွဲ

H 570 A [ဟံသာဝတီ]

၂၁၄၉၁

ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်း၊ဘုန်းတော်ကြီး ဦးကုသလ
ဝင်းမြို့နယ် ညောင်လွန့်တောရတိုက်၊ တိုက်အုပ်ဆရာတော် ဦးနာယက
စစ်ကိုင်းတောင်ရိုး ပဌာန်းသိပ္ပံတိုက်၊ဆရာတော် ဦးဇာန္ဒက စသော
အသျှင်သူမြတ်တို့၏ တပည့် (ပါဠိပါရဂူဘွဲ့ရ)

ဦးသီဟမလ

စီစဉ်ရေးသားအပ်သော

# ပိဋကလမ်းညွှန်

## ဒုတိယတွဲ

(ပ-မှ ဟ-အထိ)

နိကာယ်ငါးရပ် ပါဠိအဋ္ဌကထာတို့မှ မှတ်သားဘွယ်ရာ အချက်များကို
ထုတ်နုတ်၍ အက္ခရာစဉ်တို့ဖြင့် ညွှန်ပြထားသည်၊
(၈) ကြိမ်မြောက် ဓမ္မဒါနအဖြစ် လှူဒါန်းပါ၏။

ရန်ကုန်မြို့
ဟံသာဝတီပုံနှိပ်တိုက်

၁၃၂၉-ခု (သာသနာ ၂၅၁၁) ၁၉၆၇-ခု

ပိဋကလမ်းညွှန် ဒုတိယတွဲ
ပုံနှိပ်ခြင်း
၁၉၆၀-ခု၊ ဇန္နဝါရီလ
စာအုပ်ရေ (၁၀၀၀)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၁၀၂၆)

Made and Printed in the Union of Burma
by the Hanthawaddy Press, Rangoon

★

ရန်ကုန်မြို့ အမှတ် ၅၃-နတ်မောက်လမ်းသွယ်ရှိ
ဟံသာဝတီ ပုံနှိပ်တိုက်တွင် (မှတ်ပုံတင်အမှတ် ၀၀၀၄-၀၀၀၄)
ဦးဇော်ဝင်းက ပုံနှိပ်ထုတ်ဝေသည်။

# ပဏာမ ကထာ

(က) သဗ္ဗဒေဝမနုဿာနံ၊ နိဗ္ဗာန မဂ္ဂဒေသကံ။
မဂ္ဂင်္ပထပုရာဏံ၊ ဒီပကံ လောကနာယကံ။ ။

( ခ ) နမာမဟံ သုဝိသုဒ္ဓိံ၊ သဒ္ဓမ္မံ ဇိနပူဇိတံ၊
အနင်္ဂဏံ ဒွယသံဃံ၊ အာစေရံ တီဟိ သာဒရံ။ ။

သဗ္ဗဒေဝမနုဿာနံ၊ ကြွင်းမဲ့ဥဿုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဗြဟ္မာနတ်လူ ဟိန္နဂူတို့အား။ နိဗ္ဗာနမဂ္ဂဒေသကံ၊ တဏှာဝါန အေးမြငြိမ်းချမ်း နိဗ္ဗာန်သို့တက်လှမ်းနိုင်ရန် လမ်းအမှန်ကို ဧကန်ကျန ညွှန်ပြတော်မူတတ်ထသော။ မဂ္ဂင်္ပထပုရာဏံ၊ ရှေးရှေးနောင်တော် မြတ်ဇိနေ်တို့ဟောဖေါ်ညွှန်ပြ မဂ္ဂဒေသနာ လမ်းဟောင်းရာကို။ ဒီပကံ၊ ကမ္ဘာသချေ လွန်လေကြာညောင်း ပိတ်ပေါင်းခြုံနွယ် ပိတ်ဖုံးကွယ်သဖြင့် မလွယ်သိရန် လမ်းဟောင်းမှန်ကို ဧကန်ကျန ညွှန်ပြတော်မူတတ်ထသော။ လောကနာယကဥ္စ၊ လမ်းမှန်ညွှန်တတ် ဂုဏ်သကတ်ကြောင့် သုံးရပ်ဘုံသူ များဗိုလ်လူတို့ ကြည်ဖြူရှေ့ထား ရှေ့သွားကြီးမှူး ဦးစီးအကျော် မြတ်ဘုန်းမော်ကိုရင်း။ သုဝိသုဒ္ဓိံ၊ ကာမ, အတ္တ, နုယောဂလမ်း မသမ်းရှောင်ကွင်း ချဉ်းနင်းအလယ် မှီတွယ်ရခြင်းကြောင့် ကောင်းမွန်သန့်ရှင်း လွန်မင်းထူးမြတ် သန္တိဓာတ်လည်း ရှိပေထသော။ ဇိနပူဇိတံ၊ သုံးလူစိန္တေ မြတ်မဟေတို့ ရိုသေလေးမြတ် အာရုံပြုအပ်သည်လည်း ဖြစ်ထသော။ သဒ္ဓမ္မဥ္စ၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ပိုင်းခြား မြတ်တရားကိုရင်း။ အနင်္ဂဏံ၊ လောဘ,ဒေါသ,မောဟ စသား ညစ်ကြေးများတို့ လားလားမကပ် ကင်းစင်တတ်သဖြင့် မြင့်မြတ်သန့်စင် ကြည်လင်ပြီးသား ကြည်လင်ဌြားရန် လမ်းမှန်လိုက်တတ် ဂုဏ်သကတ်ကြောင့် မြင့်မြတ်သန့်စင် ကြည်လင်လတံ့ဖြစ်သော။ ဒွယသံဃဥ္စ၊ ရှစ်သွယ်အရိယာ များသံဃာနှင့် ကောင်းစွာကျင့်ဘိ သမုတိသံဃာ ဤနှစ်ဖြာကိုရင်း။ အာစေရဥ္စ၊ ဓမ္မဝိနယ လမ်းမှန်ကျအောင် ရှေ့ဆောင်ညွှန်ပြ အနန္တကျေးဇူး ပြုဘူးပေတတ် ဆရာမြတ် အပေါင်းကိုရင်း။ အဟံ၊ လောကဓမ်ကြို မတုန်လှုပ်တတ် ခန္တီဓာတ်အား ကြီးမားပြန့်ကျယ် သွယ်သွယ်ခဘားရန် တွန်းလှန်ဖြိုဖျက် ဤအနက်ကြောင့် အချက်သိမြင် ကျေးဇူးရှင်သည် မည်တွင်စေရ "သီဟဗလ" နာမမှည့်ခေါ် တပည့်တော်သည်။ တီဟိ၊ ကာယဝစီ တလီမနော သုံးပါးသောဒွါရတို့ဖြင့်။ သာဒရံ၊ ဘယလာဘ ကုသကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို ခညောင်းဝပ်စင်း ရိုသေခြင်းရှိသည်ဖြစ်၍။ နမာမိ၊ လက်အုပ်အဥ္ဇလီ ထိပ်ဝယ်ချီလျက် ရှင်ကြည်ဝမ်းသာ ရှိခိုးပါ၏ဘုရား။

(၁)

## ဝိသေသ ပဏာမကထာ

သီဟဗလံ သီဟနာဒံ၊ သီဟသေယျဉ္စ ဥတ္တမံ။
သီဟပုဗ္ဗဒ္ဓကာယံ တံ၊ ဝန္ဒာမိ သီဟဟာနုကံ။ ။

သီဟဗလံ၊ လောကမေကြို မတုန်လှုပ်တတ် ခန္တီခတ်အား ကြီးမားပြန့်ကျယ် သွယ်သွယ်ဘေးရန် တွန်းလှန်ဖြိုဖျက် ဤအနက်ကြောင့် ဖြောင့်ဖြောင့်တမူ ခြင်္သေ့မင်းအားနှင့်တူတော်မူထသော။ သီဟနာဒံ၊ သားမျိုးသနင်း ခြင်္သေ့မင်းသည် ကြောက်ခြင်းကင်းဘိ ရဲရင့်ရှိကာ ဟောက်ဝံ့ပါသို့ သုံးလူစိန္တေ မြတ်ဗုဒ္ဓေလည်း ဝေနေပေါ်ကြွယ် များဗိုလ်လယ်၌ ရဲရဲရင့်ရင့် နှုတ်ခွန်းဆင့်တော်မူတတ်ထသော။ ဥတ္တမံ၊ သုံးမျိုးလေးမျိုး အိပ်ကြရိုးတွင် အရိုးမြင့်မြတ် ဇာတိခတ်ကိန်း အေးငြိမ်းအိပ်တတ် အမြတ်ဖြစ်ပေထသော။ သီဟသေယျဉ္စ၊ လက်ျာနံတောင်း စောင်းလျက်ပြုကာ ခြေမှာနည်းငယ် ထက်အောက်ဖယ်၍ ပြည့်ကြွယ်အတိ သမ္ပဇဉ်ရှိလျက် မပျက်အမူ ကျိန်းစက်တော်မူထသော၊ သီဟပုဗ္ဗဒ္ဓကာယံ၊ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကိုယ် မောက်မို့ပြည့်သား ကဲ့ အလားသို့ ဘုရားကိုယ်တော် လုံးစုံလျော်ကန် ရှေ့ရံဝဲနောက် ပြည့်ဖြိုးမောက်ကာ လွန်စွာတင့်တယ်တော်မူထသော။ သီဟဟာနုကံ၊ (ဟနုကံဟုရှိသင့်သော်လည်း ဆန်းဂိုဏ်းငဲ့၍ ဒီဃနှင့်ရှိနေခြင်းဖြစ်၏)၊ ခြင်္သေ့မင်းဖျားအောက် မေးလားသို့ ထွားထွားပြည့်ကြွယ် နှစ်သွယ်ဇမေးဖျား ထင်ရှားပေါ်လွင် အမြင်သန့်ရှင်း ပြည့်ဖြိုးခြင်းလည်း ရှိတော်မူထသော၊ တံသီဟံ၊ ခြင်္သေ့မင်းစစ် အဖြစ်မှန်ငြား ထိုမြတ်စွာဘုရားကို။ (ဝါ) သီဟောတိခေါ် ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ-မြွက်ဟပါဠိ လာရှိဒေသနာ သချာရှင်းလင်း ခြင်္သေ့မင်းစစ် အဖြစ်မှန်ငြား ထိုမြတ်စွာဘုရားကို။ အဟံ၊ ''သီဟဗလ'' နာမမှည့်ခေါ် တပည့်တော်သည်။ ဝန္ဒာမိ၊ ဂုဏ်တော်ဖုံဖုံ အာရုံထုံမွမ်း စိတ်ဖြင့်မှန်းကာ သဒ္ဓါကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

---

## ဝန္ဒာရမ္ဘကထာ

ဒဒါမိ တံ အဟံ ဒါနံ၊ ပိဋက မဂ္ဂဒေသကံ။
ပိဋကေ အကိလမတ္ထာယ၊ ဂဝေသီနံ ယထာဗလံ။

ပိဋကေ၊ အစုသုံးသွယ် အကျယ်ငါးရပ် နှံ့စပ်ပြန့်ကျယ် ပိဋကပင်လယ်၌။ ဂဝေသီနံ၊ လိုရာလိုရာ ရှာဖွေပါသော် စိတ်တော်ပင်ပန်း ကိုယ်လည်းနွမ်းလျက် ခဲခက်ဘိတောင်း ရှာဖွေသူအပေါင်းတို့အား။ (ဝါ) ရှာဖွေသူ အပေါင်းတို့ကို၊

အကိလမတ္တာယ၊ အလွယ်တကူ ရှာဖွေယူနိုင် ေးမှိုင်မရှိ ပကတိရှင်လန်း မပင်ပန်းစိမ့်သော၄၊ ပိဋကမဂ္ဂဒေသကာံ၊ ပိဋကသုံးသွယ် နိကာယ်ငါးရပ် နှံ့စပ်ပြန့်ကြယ် မြစ်ပင်လယ်၌ အလွယ်တကူ ရှာဖွေယူဘို့ မချို့အကွာရာ စဥ်တန်းကာဖြင့် အသင့်တင်ပြ "ပိဋကလမ်းညွှန် မြတ်ကျမ်းမွန်ကို"၊ ယထာဗလံ၊ ကိုယ်အားဉာဏ်အား စွမ်းပကားရှိသမျှသာ၊ (လိခိတွာ) လေးမိုးလေးနှစ်အားသစ်လုံ့လ ဝီရိယဇွဲ မြဲမြဲကြိုးကုတ် အားထုတ်ရေးသားပြီး၍၊ ဒါနိဋ္ဌဒါနိ၊ အချိန်ရောက်လာ ယခုအခါ၌၊ တံ၊ ထို "ပိဋကလမ်းညွှန်" မြတ်ကျမ်းမွန်ကို၊ အဟံ၊ "သီဟဗလ" နာမမှည့်ခေါ် တပည့်တော်သည်။ ဒဒါမိ၊ ပညာပါရမီ ဖြစ်စေရည်လျက် မပျက်စေတနာ သုံးဖြာရှင်လန်း လှူဒါန်းပါ၏ဘုရား။

---

**ပတ္ထနာဂါထာ**

သီဃံ ပပ္ပေါမိ နိဗ္ဗာနံ၊ ဟန္တွာ ကိလေသ ကိစ္စနံ၊
ဗဟုလံဝ ပရတ္တမ္ဘိ၊ လဗေမိ ဇာတိ ဇာတိယံ။

ကိလေသ ကိစ္စနံ၊ သတ္တဝါဝေနေ များဗိုလ်ခြေတို့အား လှုပ်ရှားမငြိမ်ဋ္ဌာန္တကြင်း သိရိဖျင်းလေအောင် သွေးဆောင်နှိပ်စက် အဖျက်တရား ပေါင်းအများကို၊ ဟန္တွာ၊အရဟတ္တမဂ် ဓားသန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုမ်သင်ပြီး၍။ (ဝါ) သော်။ နိဗ္ဗာနံ၊ ဇာတိဇရာ အစဖြာသား ဆယ့်တပါးမီးအငြိမ်းငြိမ်းရာ မြိုက်ခေမာသို့၊ သီဃံ၊ အသော့မကြာ ဆောလျင်စွာ။ ပပ္ပေါမိ၊ ဆိုက်ရောက်ရပါလို၏။ ဇာတိ ဇာတိယံ၊ နိဗ္ဗာနဓာတ် အမြိုက်ရပ်သို့ ဆိုက်ကပ်မကြုံ ခိုက်အဟုန်ဝယ် သွယ်သွယ်များလှ ထိုထိုဘဝ၌၊ ပရတ္တမ္ဘိ၊ မိမိကိုယ်ကျိုး သည့်ပိုးပြီးလစ် အားသစ်မွေးကာ မေတ္တာချေထား သူတပါးတို့၏ အကျိုးစီးပွါးကိုလည်း၊ ဗဟုလံဝ၊ ထပ်ကာထပ်ကာ အကြိမ်များစွာသာလျှင်၊ လဗေမိ၊ မဖြစ်မနေ အားသစ်ဖွေလျက် မပျက်စေတနာ ရွက်ဆောင်နိုင်ရပါလို၏။

ဦးသီဟဗလ (ပါဠိပါရဂူ)
ပိဋကလမ်းညွှန် ကျမ်းပြုအသျှင်
မဓ္ဒဒါနအဖွဲ့တာဝန်ခံ အကျိုးဆောင်
ထီးလှိုင်ကျောင်း
ရမည်းသင်းမြို့နယ်။

(ဃ)

## ဤပိဋကလမ်းညွှန်ကျမ်းပြုအသျှင် ဦးသီဟဗလ အမှူးပြုသော ဓမ္မဒါနအဖွဲ့ကြီးမှ လှူဒါန်းပြီးသော ကျမ်းစာများ

| ဦးရေ | ကျမ်းစာ အမည် | အုပ်ရေ | ကုန်ကျငွေပေါင်း |
|---|---|---|---|
| ၁ | ပဋ္ဌာန်းပါဠိရဂူဇယားပုံ ကျမ်းငယ် | ၁၀၀၀ | ၁၅၇၄ |
| ၂ | ယမိုက်ပါဠိရဂူဇယားပုံ ကျမ်းငယ်နှင့် ဓာတုကထာ ဇယားပုံကျမ်း | ၁၀၀၀ | ၂၇၃၀ |
| ၃ | ဗုဒ္ဓလမ်းစဉ် | ၅၀၀ | ၄၅၀ |
| ၄ | ဓမ္မာစရိယပါဠိရဂူကျမ်း | ၁၀၀၀ | ၁၇၀၀ |
| ၅ | ဘော်လှိုင်ကျောင်း ဆရာတော်ကြီး ထေရုပ္ပတ္တိနှင့် စာမေးပွဲသတင်း ကြေငြာချက် | ၁၀၀၀ | ၂၈၅ |
| ၆ | ကျောင်းထိုင်ဘုန်းကြီး ကိုးကွယ်နည်း | ၁၀၀၀ | ၈၄၂ |
| ၇ | ပိဋကလမ်းညွှန်ကျမ်းကြီး(ပထမတွဲ) | ၁၀၀၀ | ၈၁၁၅ |
| | | | ၁၅၆၉၆ |
| ၈ | ပိဋကလမ်းညွှန်ကျမ်းကြီး(ဒုတိယတွဲ) လှူဒါန်းဆဲ | ၁၀၀၀ | ၉၅၀၀ |
| | စုစုပေါင်း ကုန်ကျငွေ.... | ............ | ၂၅၁၉၆ |

# နိဒါန်း

ဗုဒ္ဓမြတ်စွာ သာသနာ၏ လိုရင်းပဓာန အနှစ်သာရသည် ပတိဝေဓသဒ္ဓမ္မကို ရရှိသိမ်းပိုက် နှစ်ခြိုက်စွာခံစားနိုင်ခြင်းပင်ဖြစ်ပေသည်။ ပတိဝေဓ သဒ္ဓမ္မကို ရရှိသိမ်းပိုက် နှစ်ခြိုက်စွာ ခံစားနိုင်ရန်မှာလည်း ပတိပတ္တိသဒ္ဓမ္မ တည်းဟူသော လမ်းစဉ်ကို နှစ်နှစ်နှောနှော စောကြောဝေဖန်ကာ စစ်မှန်တိကျသောနည်းလမ်းအတိုင်း ဝိရိယနှင့် သမာဓိ မျှတအောင်ထားကာ မနေမနား ကြိုးစားရမည့် လုပ်ငန်းပင်ဖြစ်ပေသည်။

**ပရိယတ္တိ** စစ်မှန်တိကျသော ပတိပတ္တိသဒ္ဓမ္မ နည်းလမ်းကို ရရှိရန်မှာလည်း လွယ်ကူသောကိစ္စမဟုတ်ပါချေ။ ပရိယတ္တိ သဒ္ဓမ္မ တည်းဟူသော ကြီးကျယ်နက်ရှိုင်းမ်း ကမ်းကိုပင်မမြင်နိုင်သည့် ပင်လယ်ကို ကူးခတ်နိုင်မှသာဖြစ်နိုင်သောအရာဖြစ်ပေသည်။ ပရိယတ္တိ သဒ္ဓမ္မ တည်းဟူသော ပိဋက သုံးပုံ နိကာယ်ငါးရပ်ဆိုသည်မှာလည်း ကြီးကျယ်လှပါ၏၊ နက်နဲလှပါ၏၊ "မ-တထောင်တကောင်ဖွါး" တဦးတယောက်သာလျှင် ဆုံးခန်း တိုင်မြောက်ပေါက်ရောက်အောင် လေ့လာနိုင်သူ ရှိပေသည်၊

**မရှိမဖြစ်** တထောင်တယောက် ဆုံးခန်းပေါက် လေ့လာထားသူတို့ပင် ပရိယတ္တိသဒ္ဓမ္မ ပိဋကဝယ် ဘယ်သုတ်, ဘယ်ဝဂ်, ဘယ်အချက်၌ ဘယ်အရာကို ဟောထားလေသည်၊ ဘယ်အရာကို ဖွင့်ပြထားလေသည်-ဟု ဆောလျင်တဖြုတ် ယုတ်ခြည်းခဏ ညွှန်ပြနိုင်သူကား ရှာမှ ရှားပင်ဖြစ်၏။ နှံ့နှံ့စပ်စပ် ဆုံးခန်းပေါက်လေ့လာထားခြင်း မရှိသူတို့အဖို့ကား ဆိုဖွယ်ရာမရှိပါတော့ချေ၊ ထိုမျှကျယ်ဝှမ်းနက်နဲ ခက်ခဲလှသော ပိဋကဝယ် ဆောလျင်တဖြုတ် လိုရာကိုယုတ်ခြည်းဖေါ်ပြနိုင်သော ကျမ်းစာကား မရှိမဖြစ်, ခေတ်အခြေအနေအရ အလွန်ပင်လိုအပ်လှပေသည်၊

**မြန်မာ့သာသနာတခွင်** အမှန်ပင်လိုအပ်လျက်ရှိနေသော ပိဋက သုံးသွယ် နိကာယ်ငါးရပ်လုံးမှ ခြုံ၍ သိသင့် မှတ်သင့်သည်များကို အလွယ်တကူ ကြည့်ရှုနိုင်ရန် အတိအကျညွှန်ပြသော ကျမ်းစာကား မြန်မာ့သာသနာဝင်တလျှောက် ပုဂံ, ပင်းယ, စစ်ကိုင်း, အင်းဝ, အမရပူရ, မန္တလေး ရတနာပုံခေတ်အထိ မပေါ်ထွက်ခဲ့ပါသေးချေ။ မြန်မာ့သာသနာဝင် တလျှောက်လုံး၌ သန်ရာသန်ရာ ရေးသားပြုစုခဲ့ကြသည့် ကျမ်းစာများကား ထူးထွေဆန်းပြား ပေါများလှပါပေသည်။

**သဒ္ဒတ္ထရတနာဝလိ** လူမျိုးခြား အင်္ဂလိပ်လက်ထက်၌ကား ပိဋကမှ မှတ်သင့်မှတ်ရာများကို ထုတ်နုတ်၍ အတိအကျ လမ်းညွှန်ပြသော ကျမ်းငယ်တစောင် ပေါ်ထွက်ခဲ့ပေသည်၊ ဆက်ပါအံ့၊ ၁၂၇၀-ခုနှစ်၌ လယ်တီဆရာတော်ဘုရား၏ တိုက်တွန်းတော်မူချက်အရ မန္တလေးမြို့ မစိုးရိမ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သောမာဘိသိရိ ကြီးမှူးသော ဆရာတော်များအဖွဲ့က (သဒ္ဒတ္ထရတနာဝလိ) ဟူသောအမည်ဖြင့် ပါဠိအဘိဓာန်တစောင် စတင်ပြုစုခဲ့ပါသည်၊ ထိုအဘိဓာန်နှင့်အတူ "ပိဋက" မှ မှတ်သင့် သိသင့်သည်များကို ထုတ်နုတ်၍ အက္ခရာဝလိစဉ်ကာ ညွှန်ပြထားသော (သဒ္ဒတ္ထရတနာဝလိ) ဟူသော ကျမ်းငယ်တစောင် ပေါ်ထွက်ခဲ့ဖူးပေသည်၊ ထိုကျမ်းငယ်မှာလည်း အဘိဓာန်ပြုစုစဉ် သွားယင်းဟန်လွှဲသဘောမျိုးဖြင့် ပြုစုခြင်း ဖြစ်ပေရာ လမ်းရှင်းခြင်းမျှလောက်သာဖြစ်၍ အားရနှစ်သက်လောက်သည့် အခြေအနေ မဟုတ်ပါသေးချေ။

**တိပိဋကနီတိ** ပြည်ထောင်စုခေတ် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့၌ကား အရှင် ဇမ္ဗုဒီပဓဇဘိဝံသ၏ စာမျက်နှာ ၄၀၀-ကျော်ရှိ "တိပိဋကနီတိ" အမှတ် (က) ကျမ်းစာ ပေါ်ထွက်လာခဲ့ပါသည်။ တိပိဋကနီတိကျမ်းကား ပါဠိ,အဋ္ဌကထာ,ဋီကာတို့မှ ကောင်းနိုးရာရာ မှတ်သင့် သိသင့်သည်များကို ထုတ်နုတ်ဖော်ပြကာ ကျမ်းဂန် အစဉ်အတိုင်း စာမျက်နှာနံပါတ်များ ညွှန်ပြထားပေသည်၊

တိပိဋကနီတိကျမ်း ဖြစ်ပေါ်လာပုံကို ထိုကျမ်းနိဒါန်း၌ ဤသို့ ဖော်ပြထားပေသည်။ "ဤကျမ်းစာ ထွက်ပေါ်လာရန် ပထမအရင်းခံ ပုဂ္ဂိုလ်မှာ အဂ္ဂမဟာပဏ္ဍိတ မောင်းထောင်ဆရာတော် ဘုရားကြီး၏ သဒ္ဓိဝိဟာရိက တပည့်ကြီးဖြစ်သော "ပိဋကတ္တယပါရဂူ ဂန္ထန္တရဝိဒူ" ဟူသော သဘာဝ ဂုဏ်ထူးနှင့် "ဝိသုဒ္ဓါရုံဝံသ လက်ာရ သဒ္ဓမ္မပါလ ပဏ္ဍိတဓဇ" အကျော်သာသနဓသိရိပဝရ ဓမ္မာစရိယ ဖြစ်တော်မူသော ပုသိမ်မြို့ မောင်းထောင်တိုက် ဂဏဝါစက ဦးရီးတော်ရင်း "အရှင်သိရိကုဏ္ဍလ" မထေရ်ဖြစ်ပါသည်။ ထိုမထေရ်၏ ညွှန်ကြားပြသ ဓမ္မာနုဂ္ဂဟ ကိုခံယူ၍ ဤ"တိပိဋကနီတိ" ကျမ်း ထွက်ပေါ်လာနိုင်ခဲ့ပါသည်။

တိပိဋကနီတိ ကျမ်းမှာသည်း ရှေးဦးစွာ ခရီးခဲကို ကျော်ဖြတ်လာခဲ့ခြင်းဖြစ်ရာ အကြောင်းအရာ နည်းပါးခြင်း ထိုကိုပုံနှိပ်စက်များမှ ရိုက်နှိပ်သည့် ပါဠိ အဋ္ဌကထာ, ဋီကာ ကျမ်းစာအုပ်များ၏ နံပါတ်ကို ညွှန်ပြ ထားခြင်းကြောင့် တိတိကျကျ မရှိခြင်း, အက္ခရာဝလိ-အက္ခရာစဉ်ဖြင့် ပြထားခြင်း မဟုတ်သေးဘဲ

ကျမ်းဂန် အစဉ်အတိုင်း ပြထားခြင်းကြောင့် လိုအပ်သည့်အရာကို ရရှိရန်ခက်ခဲခြင်းစသောအကြောင်းတို့ကြောင့် ခေတ်ကာလအခြေအနေအရ ကောင်းမွန်လှသော်လည်း အားရနှစ်သက်ဖွယ် မဟုတ်သေးပါချေ။

**ပိဋကလမ်းညွှန်** မြန်မာနိုင်ငံသာသနာဝယ် ဖေါ်ပြပြီး အခြေအနေအရပ်ရပ်ကြောင့် တိပိဋက ပဉ္စနိကာယမှ သိသင့်သိထိုက်, မှတ်သင့်မှတ်ထိုက်သော ကောင်းနိုးရာရာ ပိဋက၏အရသာကို လျင်မြန်စွာစံစားနိုင်ရန်အတွက် ခေတ်မှီသော **ပိဋကလမ်းညွှန်** ကျမ်းတစောင် လိုအပ်လျက်ရှိပေသည်၊ ဆဋ္ဌသံဂါယနာလည်း တင်ပြီးလျက်ရှိနေလေရာ အခြေအနေကလည်း ပေးနေပေသည်၊ သို့ပါ၍ ဆဋ္ဌသံဂါယနာမူ ပါဠိအဋ္ဌကထာ ကျမ်းစာအုပ်များ၏မျက်နှာနံပါတ်ကိုမူထား၍ တိပိဋက ပဉ္စနိကာယမှ သိသင့်သိထိုက်, မှတ်သင့်မှတ်ထိုက်သည်များကို ထုတ်နုတ်ဖေါ်ပြလျက် အက္ခရာဝလိ စီစဉ်ကာ (**ပိဋကလမ်းညွှန်**)ဟူသောအမည်ဖြင့် ခေတ်မှီသောကျမ်းစာတစောင်ကို **အရှင်သီဟဗလ** က ခန့်ညားထယ်ဝါစွာ စီစဉ်လိုက်ခြင်းဖြစ်ပေသည်။

၎င်းပိဋကလမ်းညွှန်မှာ ဆဋ္ဌသံဂါယနာမူ ပါဠိအဋ္ဌကထာ ကျမ်းစာအုပ်တည်းဟူသော အမှီသဟဲကောင်းကိုရရှိခြင်း, တိပိဋကနီတိ ဖြတ်ကျော်ပြီးသောခရီးခဲကို ထပ်မံလိုက်ခဲ့ရခြင်း, ခေတ်မှီ၍တိုးတက်သော မိတ်ဆွေရင်းများ၏အကြံအား ဉာဏ်အားကို ကောင်းစွာရရှိခြင်း, အရှင်သီဟဗလ၏ သူမတူသော ဇွဲ, လုံ့လ, ဝီရိယ မြဲမြံသောသတိ, တည်တံ့သောသမာဓိရှိခြင်းတို့ကြောင့် ကာလချိန်ခါ ငါးနှစ်တာကြိုးပမ်းကာ ခေတ်ကာလအခြေအနေအရ အကောင်းဆုံးဟု တသာသနာလုံးက ထောမနာပြုခဲ့ရသော ကျမ်းစာတစောင်ဖြစ်ကြောင်း အားရရွှင်လန်းစွာ ရေးသားလိုက်ရပေသတည်း။

**အရှင်သုဇနပဏ္ဍိတ**
သာသနဓဇသိရီပဝရဓမ္မာစရိယ
မန္တလေးမြို့

## ကျေးဇူးရှင်ဆရာတော်များအား ကန်တော့ပန်း

(၁) ရမည်းသင်းမြို့နယ် ထီးလှိုင်ကျောင်း ဘုန်းတော်ကြီး ဦးကုသလ။
(၂) ငင်းမြို့နယ် ညောင်လွန့်တောရတိုက် တိုက်အုပ် ဆရာတော် ဦးနာယက။
(၃) ငင်းတိုက် (မလှိုင်မြို့နယ် အုန်နွဲ့စုရွာဇာတိ) စာချဘုန်းကြီး ဦးဥတ္တမ၊
(၄) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် သံတော်ဆင့်ကျောင်း ဘုန်းတော်ကြီး ဦးဝါသဝါဘိဝံသ။
(၅) မန္တလေးမြို့ မစိုးရိမ်တိုက် အာဂမနယပ္ပဒေသကျောင်းဆရာတော် ဦးဝိစိတ္တာဘိဝံသ။
(၆) ငင်းတိုက် ဝိဋကနယပ္ပဒေသကျောင်းဆရာတော် ဦးစန္ဒောဘာသာဘိဝံသ။
(၇) ငင်းတိုက် ဝိနယကျောင်း ဆရာတော် ဦးဉာဏဝံသ။
(၈) မန္တလေးမြို့ မဟာဝေယံဘုံသာတိုက် သံတော်ဆင့်ကျောင်း ပါဠိတက္ကသိုလ် ကထိက ဦးဝိမလ။
(၉) စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံတိုက် ဆရာတော် ဦးဇာနိန္ဒ။
(၁၀) စစ်ကိုင်းတောင်ရိုး ပါဠိကာရိသုံးခွတိုက် ဆရာတော် ဦးဝရသာမိဘိဝံသ။

ဤ၁၀-ပါးသော ဓမ္မာစရိယ ကျေးဇူးရှင်ဆရာတော်များအားငင်း၊

(၁) ရမည်းသင်းမြို့နယ် ညောင်လွန့်တောရတိုက် ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးဇာနိန္ဒာစာရ၊
(၂) မြင်းခြံမြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီး ဦးကဝိ။

ဤ၂-ပါးသော ကမ္မဋ္ဌာနာစရိယ ကျေးဇူးရှင် ဆရာတော်များအားငင်း။

(က) ရမည်းသင်းမြို့နယ် ထောက်ကြံခြင်းကျောင်း ဆရာတော်ဘုရားကြီး ဦးကလျာဏ (ဥပဇ္ဈာယာစရိယ) အားငင်း။
(ခ) ငင်းမြို့နယ် ညောင်လွန့်တောရတိုက် ဘဏ္ဍာဂါရိကဆရာတော် ဦးမာလာ (နိဿယာစရိယ) အားငင်း။
(ဂ) ငင်းမြို့နယ် ဇီးဖြူကုန်းကျောင်းသစ်ဆရာတော် ဦးဥဂ္ဂသ။
(ဃ) ငင်းမြို့နယ် ဆင်ကျုံးတောရဆရာတော် ဦးပညာ။
(င) ငင်းမြို့နယ် မှန်စီကျောင်းဆရာတော် ဦးဝိသုဒ္ဓ။

ဤသုံးပါးသော ဩဝါဒါစရိယ ဆရာတော်များအား ငင်း။

၅၊ဆိုခဲ့ပြီးသော ဆရာသခင်ကျေးဇူးရှင်တို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျော့ ကန်တော့ပါ၏။

၅၊ပိဋကလမ်းညွှန်ကျမ်းကြီးကို ရေးသားပြုစုရသော ဝေယျာဝစ္စကုသိုလ်၊ အလှူခံပုဂ္ဂိုလ်များလက်သို့အရောက်လှူဒါန်းရသော ဓမ္မဒါနကုသိုလ်၊ ဆည်းပူးကြိုးစားအားထုတ်ခဲ့သော အခြားသောကောင်းမှုကုသိုလ်များ၏ အဘိုဘာဂကို ဆိုခဲ့ပြီးသော ဆရာသခင် ကျေးဇူးရှင်တို့အား အစလက်ဦး အထူးအားဖြင့် အမျှပေးဝေပါ၏။

ထိုမှတပါး မိဘများနှင့်တကွ အားလုံးသော သတ္တဝါတို့အားလည်း အမျှပေးဝေပါ၏။

သာဓုနုမော် ကောင်းချီးခေါ်နိုင်ကြပါစေ။

# အညွှန်းရှင်းလင်းချက်

| ကျမ်းအမည် အကျဉ်း | ကျမ်းအမည် အပြည့်အစုံ |
|---|---|
| ပဏ်–၁ | မူလ ပဏ္ဏာသ |
| ပဏ်–၂ | မဇ္ဈိမ ပဏ္ဏာသ |
| ပဏ်–၃ | ဥပရိ ပဏ္ဏာသ |
| ပါ | ပါဠိ |
| ဋ္ဌ | အဋ္ဌကထာ |
| အံ– ၁ | အင်္ဂုတ္တရ ဧကကနိပါတ |
| အံ– ၂ | အင်္ဂုတ္တရ ဒုကနိပါတ |
| အံ– ၃ | အင်္ဂုတ္တရ တိကနိပါတ |
| အံ– ၄ | အင်္ဂုတ္တရ စတုက္ကနိပါတ |
| အံ– ၅ | အင်္ဂုတ္တရ ပဉ္စကနိပါတ |
| အံ– ၆ | အင်္ဂုတ္တရ ဆက္ကနိပါတ |
| အံ– ၇ | အင်္ဂုတ္တရ သတ္တကနိပါတ |
| အံ– ၈ | အင်္ဂုတ္တရ အဋ္ဌကနိပါတ |
| အံ– ၉ | အင်္ဂုတ္တရ နဝကနိပါတ |
| အံ–၁၀ | အင်္ဂုတ္တရ ဒသကနိပါတ |
| အံ–၁၁ | အင်္ဂုတ္တရ ဧကာဒသကနိပါတ |
| သဂါထာသံ | သဂါထာဝဂ္ဂ သံယုတ္တ |
| နိဒါနသံ | နိဒါနဝဂ္ဂ သံယုတ္တ |
| ခန္ဓသံ | ခန္ဓဝဂ္ဂ သံယုတ္တ |
| မဟာသံ | မဟာဝဂ္ဂ သံယုတ္တ |
| ခုဒ္ဒက | ခုဒ္ဒကပါဌ |
| ဓမ္မ | ဓမ္မပဒ |
| ဣတိ | ဣတိဝုတ္တက |
| သုတ္တ | သုတ္တနိပါတ |
| ဝိမာန | ဝိမာနဝတ္ထု |
| ပေတ | ပေတဝတ္ထု |
| ထေရ | ထေရဂါထာ |
| ထေရီ | ထေရီဂါထာ |

| ကျမ်းအမည် အကျဉ်း | ကျမ်းအမည်အပြည့်အစုံ |
|---|---|
| အပ | အပဒါန |
| ဗုဒ္ဓ | ဗုဒ္ဓဝံသ |
| ပဋိသံ | ပဋိသမ္ဘိဒါမဂ္ဂ |
| မဟာနိ | မဟာနိဒ္ဒေသ |
| စူဠနိ | စူဠနိဒ္ဒေသ |
| ပေဋက | ပေဋကောပဒေသ |
| ဝိသုဒ္ဓိ | ဝိသုဒ္ဓိမဂ္ဂ |
| ဇာတက–ပ | ဇာတက ပဌမ |
| ဇာတက–ဒု | ဇာတက ဒုတိယ |
| ဇာတက–တ | ဇာတက တတိယ |
| ဇာတက–စ | ဇာတက စတုတ္ထ |
| ဇာတက–မ | ဇာတက ပဉ္စမ |
| ဇာတက–ဆ | ဇာတက ဆဋ္ဌ |
| ဇာတက–သ | ဇာတက သတ္တမ |
| ဒီဃ–၁ | ဒီဃနိကာယ သီလက္ခန္ဓဝဂ္ဂ |
| ဒီဃ–၂ | ဒီဃနိကာယ မဟာဝဂ္ဂ |
| ဒီဃ–၃ | ဒီဃနိကာယ ပါထိကဝဂ္ဂ |
| ဝိ–၁ | ဝိနယ ပါရာဇိကကဏ္ဍ |
| ဝိ–၂ | ဝိနယ ပါစိတ္တိ |
| ဝိ–၃ | ဝိနယ မဟာဝဂ္ဂ |
| ဝိ–၄ | ဝိနယ စူဠဝဂ္ဂ |
| ဝိ–၅ | ဝိနယ ပရိဝါရ |
| အဘိ–၁ | အဘိဓမ္မ ဓမ္မသင်္ဂဏီ |
| ၂ | အဘိဓမ္မ ဝိဘင်္ဂ |
| ၃ | အဘိဓမ္မ ဓာတုကထာ |
| ၄ | အဘိဓမ္မ ပုဂ္ဂလပညတ္တိ |
| ၅ | အဘိဓမ္မ ကထာဝတ္ထု |
| ၆ | အဘိဓမ္မ ယမက |
| ၇ | အဘိဓမ္မ ပဋ္ဌာန |

## (၄) တညွှန်းရှင်းလင်းချက်

| ကျမ်းအမည် အကျဉ်း | ကျမ်းအမည်အပြည့်အစုံ |
|---|---|
| ပါ—ပ | ပါဠိ ပဌမအုပ် |
| ပါ—ဒု | ပါဠိ ဒုတိယအုပ် |
| ဋ္ဌ—ပ | အဋ္ဌကထာ ပဌမအုပ် |
| ဋ္ဌ—ဒု | အဋ္ဌကထာ ဒုတိယအုပ် |



# ပိဋကလမ်းညွှန်

## ဒုတိယတွဲ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ပဉ္စနိကာယပါဠိအဋ္ဌကထာ

### (ပ)

**ပစ္စဝေက္ခဏာသုတ်။** ။ဥဒါန–ပါ–၁၅၇၊ ဋ္ဌ–၃၀၄၊ ပယ်ပြီးသော ကိလေသာများနှင့် ပွားများပြီးသော ကုသလဓမ္မတို့ကို ဆင်ခြင်ပြီး ဘုရားရှင်နေ့တော်မူပုံဟောထား၏။

**ပစ္စဝေက္ခဏာပါဠိ။** ။(ပုတီးစိပ်ဟူ၍ ခေါ်ဝေါ်အသုံးပြု နေကြ၏။) ပဋိသေဝနာပဟာတဗ္ဗအာသဝဝဏ္ဏနာ၊ ပဏ်–၁–ပါ–၁၂၊ ဋ္ဌ–ပ–အုပ်–၈၀။ ။အံ–၆–ပါ–၃၄၁၊ ဋ္ဌ–၁၂၈။ ။ပဏ်–၂–ပါ–၃၃၉၊ ဋ္ဌ–၂၆၈။ ။မဟာနိ–ပါ–၃၉၇–၊ဋ္ဌ–၄၀၉။ ။ပါ–၁၈၅၊ဋ္ဌ–၃၀၀၊ ဝိဏ္ဏုပါတ ပစ္စဝေက္ခဏာပါဠိ။ ။စူဠနိ–ပါ–၂၉၂။ ။ဝိသုဒ္ဓိ–ပ–အုပ်–၃၀။ ။ဒီ.ဃ–၃–ပါ–၁၀၇၊ ဋ္ဌ–၉၆၊ ပစ္စယာနုညာတကာရဏာဒိဝဏ္ဏနာ-ပစ္စည်းလေးပါးခွင့်ပြုရခြင်းအကြောင်းကို ဟောထား၏။ ။အဘိ–၁–ဋ္ဌ–၄၃၀၊ ပါ–၂၆၂။

**ပစ္စဝေက္ခဏာ ဉာဏကထာ။** ။မာတိကာ၊ ပဋိသံ–ပါ–၂၊ ဋ္ဌ–ပ–အုပ်–၂၀။ ။နိဒ္ဒေသ၊ ပါ–၇၀၊ ဋ္ဌ–၂၆၁။ ။ပစ္စဝေက္ခဏာဉာဏ်–၁၉–ပါး ကိုရေတွက်ပြပုံ၊ဝိသုဒ္ဓိ–၃–အုပ်–၃၁၆၊ ။အဘိ–၄–ဋ္ဌ–၃၀။ ။ ရှုဋီ–ဋ္ဌ–၁၀၁။

**ပစ္စဝေက္ခဏာ မဆင်ခြင်ခြင်းအပြစ်ကိုပြဆိုခဏ်း။** ။ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်လျှင် ဒုဂ္ဂတိသို့ ပို့ဆောင်တတ်ကြောင်း ဂါထာ၊ ဓမ္မ–ဋ္ဌ–၃–အုပ်–၂၁၉၊ ၂၂၀။ ။နေတ္တိ–ပါ–၁၀၀၊ ဋ္ဌ–၂၂၃။ ။ပါ–၁၇၃၊ ။ပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာ ဆင်ခြင်ရန် ဟောထားသော လိင်္ဂတ္ထဇာတက၊ ပါ–ပ–အုပ်–၂၂၊ ဋ္ဌ–ပ–အုပ်–၄၀၂။ ။ဝိဿာသဇာတက၊ ပါ–၂၂၊ ဋ္ဌ–၄၁၁။ ။ပစ္စည်းလေးပါး နှင့် ဘဝါသဝတို့၌ တဏှာမဖြစ်ရန်ဟောသော မာလုကျပုတ္တသုတ်၊ အံ–၄–ပါ–၅၇၀၊ ဋ္ဌ–၃၉၆၊

**ပစ္စည်းဥစ္စာများကို အမျိုးအမည်ခွဲပြခဏ်း။** ။ထာဝရ၊ ဇင်္ဂမ၊ အင်္ဂသမ၊ အနုဂါမိက လေးမျိုးခွဲပြပုံ၊ ခုဒ္ဒက–ဋ္ဌ–၁၀၃။ ။၅–မျိုးခွဲပြပုံ၊ သုတ္တ ပါ–၂၀၂၊ ဋ္ဌ–ပ–အုပ်–၂၅၊ အနုဂါမိက၊ ထာဝရ၊ ဇင်္ဂမ၊ သံဟာရိမ၊ အင်္ဂသမ။

(၁) ဒါန သီလစသော ကုသိုလ်သည် အနုဂါမိက ပစ္စည်းဥစ္စာမည်၏။
(၂) လယ်-ယာ-ဥယျာဉ်မြေ စသည်သည် ထာဝရ ပစ္စည်းဥစ္စာ မည်၏။
(၃) ကျွဲ-နွား-ဆင်-မြင်း စသည်သည် ဇင်္ဂမ ပစ္စည်းဥစ္စာ မည်၏။
(၄) ရွှေ-ငွေ-ကျောက်သံ ပတ္တမြား စသည်သည် သံဟာရိမ ပစ္စည်း ဥစ္စာမည်၏။
(၅) တတ်သိနားလည်ထားသော အတတ်ပညာသည် အင်္ဂသမ ပစ္စည်းဥစ္စာ မည်၏။

**ပစ္စည်းဥစ္စာရှာဖွေရာ၌ မှတ်သားဘွယ်များ။** ။ပစ္စည်းဥစ္စာ ရှာဖွေရာ၌ မှတ်သားဘွယ်ကောင်းလှသောဂါထာ၊ သဂါထာ–သံ–ပါ–၂၀၇၊ ဋ္ဌ–၃၀၄။ ။ပဏ်–၃–ဋ္ဌ–၁၇၅၊ ခြကိုပုံထား၊ ပျားကိုပုံပြု၊ ရအောင်စုလော ဟူသောဂါထာ။ ။နေတ္တိ–ပါ–၁၂၆၊ ဋ္ဌ–၂၃၅။ ။နမူနာယူစရာ ကောင်းလှသော ရှုဋသေဋ္ဌိဇာတက၊ ပါ–ပ–အုပ်–၂၊ ဋ္ဌ–ပ–အုပ်–၁၃၀၊ ဋ္ဌ–၁၃၇၊ ရှုဋပန္တကမထေရ်အလောင်းဝတ္ထု။ ။ဂါထာ၊ ဒီဃ–

၁—ဠ—၂၆၅၊ အရင်းအနည်းငယ်ဖြင့် စီးပွားကြွယ်အောင်ပြုရပုံဂါထာ။ ။ ရခြင်းကုန်ခြင်း၌ နမူနာယူရန်ဂါထာ၊ ၁—ဠ—၃၁၇။ ။၃—ပါ—၁၅၃၊ ဠ—၁၃၄။ ။၁—ဠ—၂၀၇၊ လေးပုံခွဲဝေ၍ သုံးစွဲရန်ညွှန်ကြားသောဂါထာ၊ (စတုဓာဝိဘဇေဘောဂေ စသောဂါထာ)။ ။ရာသိယသုတ်—သံ။ ။ဥဇ္ဇယသုတ်၊ လိစ္ဆဝိကုမာရသုတ်—အံ။ ။ပစ္စည်းဥစ္စာ မကည်တတ်သူ ၆—ဦးကို ရှောင်ကြဉ်ရန် ဟောသော နဇီရတိသုတ်—သံ။ ။ပစ္စည်းမဖြစ်ထွန်းခြင်း အကြောင်းလေးပါး၊ ကမ္ဗောဇသုတ်—အံ။ ။တက်မှုကျမှုအတွက် ဆုံးမသောဂါထာ၊ သုတ္တ—ဠ—ဒု—အုပ်—၂၂၊ ၂၃၊ပါ—၃၁၉။ ။ခွဲဝေသုံးစွဲရပုံဂါထာ၊ ပေတ—ဠ—၁၂၂။ ။ပစ္စည်းဥစ္စာရကြောင်းသုံးပါးဂါထာ၊ သုတ္တ—ပါ—၃၀၇၊ ဠ—ပ—အုပ်—၂၂၀။ ။(စီးပွားခဏ်း၌ရင်း, လူ—ခဏ်း၌ရင်း ရှိသေး၏)။ ။ပစ္စည်းဥစ္စာ ရှာဖွေရခြင်း၊ သိမ်းဆည်းရခြင်း ဒုက္ခကိုပြဆိုခဏ်း၊ မဟာနိ—ပါ—၁၂၀၊ ဠ—၂၄၂။ ။ပါ—၃၂၆။ ။ ပစ္စည်းဥစ္စာနှင့်ပတ်သက်၍ ဖြစ်သော ဆန္ဒ ၅—မျိုး၊ပါ—၂၀၁၊ဠ—၃၀၉။

**ပစ္စည်းဥစ္စာ ပျက်စီးကြောင်းများ။** ။ပစ္စည်းဥစ္စာများ၊ (ဝါ) အမျိုးများ ပျက်စီးကြောင်း—၈—ပါး၊ ကုလသုတ်၊ သဠာ—သံ—ပါ—၅၀၈၊ ဠ—၁၄၄။ ။လေးပါး၊ အံ—၈—ပါ—၁၀၉၊ ဠ—၂၄၀။ ။ပါ—၁၁၂။ ။ ၄—ပါ—၅၇၂၊ ဠ—၃၉၇။ ။ပျက်စီးကြောင်း—၆—ပါး၊ ဒီဃ—၃—ပါ—၁၄၈၊ ဠ—၁၂၇။ ။ပစ္စည်း၏ ရန်သူမျိုးငါးပါးနှင့် ပစ္စည်းကြောင့် ရအပ်သော အကျိုးငါးပါးကို ဟောသောဘောဂသုတ်—အံ။ ။ပျက်စီးကြောင်း—၆—ပါး၊ မဟာနိ—ပါ—၂၀၅၊ ဠ—၃၁၀။ ။၈—ပါး၊ ပါ—၄။ ဠ—၂၃။

**ပစ္စည်းမက်မောလွန်သော ပုဂ္ဂိုလ်တို့ ရအပ်သော အပြစ်များ။** ။ပစ္စည်းကို အလေးပြုသော ရဟန်းမှာ အရှိန်အစော်ကင်းမဲ့ကြောင်း၊ ပဏ်—၁—ပါ—၁၃၊ဠ—ပ—အုပ်—၈၃။ ။ပစ္စည်းမက်သောရဟန်းတို့ သတိမူစရာဂါထာ၊ ထေရ—ပါ—၂၄၂၊ ဠ—ပ—အုပ်—၂၆၄၊ ။ပစ္စည်း လောဘကြောင့် မြွေ့,ကြွက် ဖြစ်ကြရကြောင်း၊ဇာတက—ဠ—ပ—အုပ်—၃၄၂။ ။ ကြွက်မ ဖြစ်ရပုံ၊၅၀၄။ ။ငါး, လိပ်, ဖါး ဖြစ်ကြရပုံ၊ ဠ—ဒု—အုပ်—၃၀၁။ ။ပစ္စည်းသိုမှီး၍ ကဲ့ရဲ့ခံရပုံ။ ဂန္ဓာရဇာတက၊ ပါ—ပ—အုပ်—၁၆၅။ ။ဠ—တ—အုပ်—၃၄၃။ ။(စွဲလမ်းမှုအခဏ်း၊နိက္ခန္တိအခဏ်းတို့၌လည်းရေးခဲ့ပြီ)။ ။ပစ္စည်းဥစ္စာနှင့်ပတ်သက်၍ သားနှင့်အမိစသည်တို့ ရန်

ဖြစ်ရတတ်ကြောင်း ဟောသော ဂါထာများ။ (အဖြစ်ပြဂါထာများဟူလို)။ ထေရီ—ပါ—၄၁၇—ဋ္ဌ—၂၄၀။

**ပစ္စည်းနှင့်လူ တဦးဦးက စွန့်သွားရကြောင်းဂါထာ။** ။မဟာနိ—ပါ—၉၆၊ ၃၄၅၊ ဋ္ဌ—၂၁၉။ ။ဇာတက—ပါ—ပ—အုပ်—၁၂၀၊ ဋ္ဌ—တ—အုပ်—၁၄၂၊ ၁၄၃။

**ပစ္စည်းဥစ္စာများမှာ ကုသိုလ်ကံအရှိန်ကုန်က ပျက်စီးတတ်ကြောင်းနမူနာ။** ။ ရွှေ,ငွေစသည် အစစ်များက မီးသွေးဖြစ်သွားပုံ၊ ကိသာဂေါတမီဝတ္ထု၊ သဂါထာ—သံ—ပါ—၁၃၀၊ဋ္ဌ—၁၇၅၊ ။ဓမ္မ—ဋ္ဌ—ပ—အုပ်—၄၄၃။ ။ ပေသဝတီဝိမာနဝတ္ထု၊ပါ—၅၀၊ဋ္ဌ—၁၄၂၊ဤ၌ အိုးခြမ်းကွဲ, ကျောက်စရစ်ခဲစသည် ဖြစ်ကုန်ကြောင်း မိန့်ဆိုထား၏။ ။နေရာရွှေပြောင်းသွားတတ်ကြောင်း၊နဂါးနှင့် ပြိတ္တာတို့ကလည်း ယူဆောင်သွားတတ်ကြောင်းဂါထာ၊ ခုဒ္ဒက—ပါ—၉၊ဋ္ဌ—၁၀၆၊ ၁၀၇၊နိဓိကဏ္ဍသုတ်။ ။ပစ္စည်းရှိလျက် မသုံးစွဲရက်သူတို့အပြစ်၊ သဂါထာ—သံ—ပါ—၉၂၊ဋ္ဌ—၁၄၇။ ။(အပရ စေတနာ ချို့ယွင်းခက်း, ဒါနခက်းတို့၌လည်း ရေးခဲ့ပြီ)။

**ပစ္စယုန် ၃-မျိုး။** ။(ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ အဒ္ဓါပစ္စုပ္ပန်)။ ဝိသုဒ္ဓိ ၃—အုပ်—၆၁။ ။ဝိ—၁—ဋ္ဌ—ပ—အုပ်—၃၉။ ။အဘိ—၁—ဋ္ဌ—၄၄၅၊ ပါ—၂၇၃။

**ပစ္စေကဗုဒ္ဓါအသျှင်တို့နှင့်စပ်၍ မှတ်သားဘွယ်များ။** ။ပစ္စေကဗုဒ္ဓါ အသျှင်မြတ်တို့အကြောင်းကို အပြည့်အစုံဟောထားသော ခဂ္ဂဝိသာဏသုတ်၊ သုတ္တ—ပါ—၂၀၄၊ဋ္ဌ—ပ—အုပ်—၄၂—မှ—၁၁၉—အထိ။ ။စူဠနိ—ပါ—၂၂၉၊ဋ္ဌ—၀၀။ ။ပစ္စေကဗုဒ္ဓ အပဒါန၊အပ—ပါ—ပ—အုပ်—၀၊ ဋ္ဌ—ပ—အုပ်—၁၄၂—မှ—၂၂၀—အထိ။ ။ပစ္စေကဗုဒ္ဓါဖြစ်ရန် ဆုတောင်းရာ၌ ပြည့်စုံရသော အင်္ဂါ ၅-ပါးဂါထာ၊ သုတ္တ—ဋ္ဌ—ပ—အုပ်—၄၆။ ။ အပ—ဋ္ဌ—ပ—အုပ်—၁၅၀။ ။ထေရ—ဋ္ဌ—ပ—အုပ်—၁၀၊၁၂။ ။၂-သင်္ချေနှင့်ကမ္ဘာ ၁-သိန်းသာ အလွန်ဆုံး ပါရမီဖြည့်ကြရကြောင်း၊ ထိုထက်မပိုလွန်ကြောင်း၊ဋ္ဌ—ပ—အုပ်—၁၁။ ။ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓါအထူး၊အပ—ဋ္ဌ—ပ—အုပ်—၁၅၉။ ။သုတ္တ—ဋ္ဌ—ပ—အုပ်—၄၆။ ။၎င်းတို့ ဥပုသ်ပြုကြပုံ၊အပ—ဋ္ဌ—ပ—အုပ်—၁၅၉။ ။သုတ္တ—ဋ္ဌ—ပ—အုပ်—၄၆။ ။ပစ္စေကဗုဒ္ဓါအသျှင်တို့အကြောင်း၊ကုမ္ဘကာရဇာတက၊ပါ—ပ—အုပ်—၁၆၆၊ ဋ္ဌ—တ—အုပ်—၃၅၄။ ။ပါနီယဇာတက၊ပါ—၂၃၄၊ဋ္ဌ—စ—အုပ်—၁၁၆။ ။ သုတ္တ—ဋ္ဌ—ပ—အုပ်—၄၅။ ။၎င်းတို့ဟောသော တရားအကျဉ်း၊ ဋ္ဌ—ပ—

၉၇။ ။အာဒိတ္တဇာတက၊ပါ—ပ—အုပ်—၁၇၃၊ဌ—တ—အုပ်—၄၄၇။ ။ ၎င်းတို့၏တရားစကားဖြင့် တရားထူး(မဂ်ဖိုလ်)မရနိုင်ကြကြောင်း။ အဘိ ၄-ပါ—၁၂၉၊ဌ—၅၆။ ။ထေရ—ဌ—ပ—အုပ်—၉။ ။အပ—ဌ—ပ—၁၅၉။ ။ပစ္စေကဗုဒ္ဓနိဒ္ဒေသ၊ အဘိ—၄-ပါ—၁၁၇၊ ဌ၊ ၄၀။ ။ပစ္ဆိမဘဝိက ဘုရားလောင်းတို့ မွေးဖွားလာလျှင် ၎င်းတို့ခေတ် ကုန်ဆုံးတော့ ကြောင်း မိန့်ဆိုထားပုံ၊ အပ—ဌ—ပ—အုပ်—၂၂၂။ ။သုတ္တ၊ဌ—ပ—အုပ်—၁၁၆။ ။၎င်းတို့လက်သုံး အနုမောဒနာဂါထာ၊ ဓမ္မ—ဌ—ပ—အုပ်—၁၂၇။ ။သုတ္တ—ဌ—ပ—အုပ်—၆၉၊ဣစ္ဆိတံ ပတ္ထိတံ တုယှံ—စသော ဂါထာ။ (ဤ ခဏ်း၌ရေးခဲ့ပြီ။) ပစ္စေကဗုဒ္ဓါစနာမ ဒုဋ္ဌတာနုကမ္ပကာ ဟောန္တိ။အံ—၁—ဌ—၁၄၅။ ။ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓါတို့မှာ အာပတ်သင့်ခြင်း မရှိကြကြောင်း၊ဝိ—၅—ပါ—၂၁၄၊ဌ—၁၅၇။ ။န အညေ ပဗ္ဗာဇေတွာ အာဘိသမာစာရိကံ သိက္ခာပေန္တိ-ဟု ဖွင့်ပြထားပုံ၊အပ—ဌ—ပ—အုပ်—၁၅၉၊ ။၁၉၁၊ ၂၂၁-၌ကား ရဟန်းပြုပေး၍ အာဘိသမာစာရိက ကျင့်ဝတ်များကို သင်ပေးကြ၏ဟု တမျိုးမိန့်ဆို ထားပြန်၏။ ။ပစ္စေကဗုဒ္ဓါ အသျှင်မြတ်တို့အား လှူဒါန်းရမှုကြောင့် ယခုဘဝမှာပင် ကောင်းကျိုးခံစား ရသူများ၊အပ—ဌ—ပ—အုပ်—၂၂၆။

**ပစ္စေကဗုဒ္ဓါအသျှင်တို့ကို ပြစ်မှားကြသူတို့အပြစ် ခံကြရပုံများ။** ။ပစ္စေက ဗုဒ္ဓါအသျှင်မြတ်အား ပြစ်မှားခြင်းကြောင့် အဝီစိငရဲကျပြီး တဖန် ပြိတ္တာ ဖြစ်ရသော သာဏာထေရ်အလောင်း ကိတဝမင်း၏သား ရာဇပုတ္တပေတ ဝတ္ထု၊ ပါ—၁၆၇၊ ဌ—၁၆၄။ ။အတိတ်ဝတ္ထု၊ ပါ—၂၁၁၊ ဌ—၂၄၆။ ။ ၎င်း၏ဆွေမျိုးများလည်း ငါတို့ဘုရားရှင် လက်ထက်တော်တွင် ပြိတ္တာဖြစ် ကြရပုံ၊ ၎င်းသာဏာသေရ်ာ ပြိတ္တာဘဝမှ လွှတ်စေပုံ။ ။ကျောက်စရစ်ခဲ ဖြင့် ပြစ်သတ်ခဲ့မှုကြောင့် အဝီစိငရဲကျပြီး တဖန် ပြိတ္တာဖြစ်ရပုံ၊ သဋ္ဌိကူဋ- ပေတဝတ္ထု၊ ပါ—၂၁၇၊ ဌ—၂၆၆။ ။ဓမ္မ—ဌ—ပ—အုပ်—၃၂၃။ ။ ဒုဋ္ဌကုမာရမင်းသား အဝီစိငရဲ ရောက်ရပုံ၊ ဇာတက—ဌ—ဒု—အုပ်— ၁၇၀။ ။ပစ္စေကဗုဒ္ဓါအသျှင်မြတ်၏ ပရိဘောဂများကို ရိုက်ခွဲမီးရှို့ခဲ့မှု ကြောင့် ပြိတ္တာဖြစ်ရပုံ၊ အဟိပေတဝတ္ထု၊ ဓမ္မ—ဌ—ပ—အုပ်—၃၂၀။

**ပဥ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု။** ။ဓမ္မ—ဌ—ဒု—အုပ်—၃၆၇။ ။သုတ္တ၊ ပါ— ၃၁၀၊ ဌ—ပ—အုပ်—၂၅၆၊ မလှူရဘဲ မစားတတ်သော ပုန်ဏားကြီး၊ ၎င်းပုန်ဏားကြီး၏ စားဆဲထမင်း ထက်ဝက်ကို အလှူခံ၍ ဘိက္ခုမြည်ပုံ ဖြေကြားရာ ၎င်းပုန်ဏားကြီး အနာဂါမိ တည်သွားပုံ။

**ပဉ္စဝဂ္ဂီ၅ဦး။** ။ပဏ်-၁-ပါ-၂၂၇၊ ၂၂၈၊ ဋ္ဌ-ဒု-အုပ်-၉၂၊ ၉၆။ ။ ပဋိသံ-ပါ-၃၂၉၊ ဋ္ဌ-ဒု-အုပ်-၂၁၄၊ ဂါထာ။ ။အပ-ဋ္ဌ-ပ-အုပ်-၆၉။ ။ဇာတက-ဋ္ဌ-ပ-အုပ်-၆၇။ ။ပဉ္စဝဂ္ဂိယကထာ၊ ဝိ-၃-ပါ-၁၀၊ ဋ္ဌ-၂၄၅။ ။

ကောဏ္ဍညော ဘဒ္ဒိယော ဝပ္ပေါ၊ မဟာနာမော စ အဿဇိ။
ဧတေ ပဉ္စ မဟာထေရာ၊ ပဉ္စဝဂ္ဂါတိ ဝုစ္စရေတိ။ ။

**ပဉ္စသိက္ခာပဒ သုတ်။** ။နိဒါန-သံ-ပါ-၃၇၇၊ ဋ္ဌ-၁၃၃။ ။ဒီဃ-၃-ပါ-၁၉၆၊ဋ္ဌ-၂၁၀။ ။(ငါးပါးသီလခဏ်း၌လည်း ရေးခဲ့ပြီ)။ ။

**ပဉ္စသတမတ္တာထေရီဂါထာ။** ။ထေရီ-ပါ-၃၉၄၊ ဋ္ဌ-၁၂၆၊ သားသမီး သေ၍ ဖြစ်သော သောကကို ငြိမ်းစေရပုံ၊ နောက်ကာလ၌ ရဟန္တာ ဖြစ်ကြ၏။ ။

**ပဉ္စာနန္တရိယကံ-၅-ပါးနှင့်စပ်၍ မှတ်သားဘွယ်များ။** ။ပဏ်-၃-ပါ-၁၁၀၊ ဋ္ဌ-၇၄။ ။နေတ္တိ-ပါ-၇၇၊ ဋ္ဌ-၁၅၇၊ ။ပရိကုပ္ပသုတ်၊အံ-၅-ပါ-၁၂၉၊ဋ္ဌ-၄၆။ ။ဝေါရောပိတသုတ်၊ အံ-၆-ပါ-၃၈၀။ ။ ဝိ-၃-ပါ-၁၂၁၊ ၁၂၂၊ ဋ္ဌ-၃၀၄။ ။သင်္ဂဟ-ဋ္ဌ-၁၅၁။ ။ အဘိ-၂-ပါ-၃၉၂၊ဋ္ဌ-၄၈၆။ ။ပါ-၃၄၉၊ ဋ္ဌ-၄၀၆၊၄၀၇။ ။ အံ-၁-ပါ-၂၈၊ ဋ္ဌ-၃၅၃၊ ၄၊ ၅၊ ၃၅၆။ ။စေတနာမပါလျှင် ပဉ္စာနန္တရိယကံမထိုက်ကြောင်း ရှင်းပြသော အသင်္ခတကထာ၊ အဘိ-၅-ပါ-၄၂၇၊ ဋ္ဌ-၂၇၁။ ။၎င်းတို့ခံရသောငရဲ၊ ဇာတက-ပါ-ဒု-အုပ်-၆၂၊ ဋ္ဌ-မ-အုပ်-၂၈၅၊ ၂၉၁။ ။ပါ-၁၉၂၊ ဋ္ဌ-ဆ-အုပ်-၁၄၀။ ။ ၎င်းတို့ကို ရှင်ရဟန်းပြုမပေးရဟု ပညတ်ထားသော သိက္ခာပုဒ်၊ ဝိ-၃-ပါ-၁၂၁၊ ဋ္ဌ-၃၀၄။ ။

**ပညာပုဒ်နှင့်စပ်၍ မှတ်သားဘွယ်များ။** ။ပညာ-၂-မျိုး၊ (သမာဓိပညာ၊ ဝိပဿနာပညာ။) ပဏ်-၁-ပါ-၃၆၇၊ ဋ္ဌ-ဒု-အုပ်-၂၄၅။ ။ပညာ ဝဂ္ဂ၊ မဟာပညာကထာ၊ ပဋိသံ-ပါ-၃၆၇-မှ-၃၈၃-အထိ၊ ဋ္ဌ-ဒု-အုပ်-၂၄၇-မှ-၂၆၄-အထိ။ ။ဝိဂ္ဂဟ၊ ပါ-၁၁၄၊ ဋ္ဌ-ပ-အုပ်-၃၄၂။ ။ပညာပဘေဒကထာ၊ ပညာအမျိုးမျိုးကိုခွဲခြားခဏ်း၊ဝိသုဒ္ဓိ-ဒု-အုပ်-၆၈။ ။ပညာဘာဝနာနိသံသနိဒ္ဒေသ၊ ၃၄၀၊ မဂ်ဖိုလ်ပညာ၏ အကျိုးများကို ပြဆိုခဏ်း။ ။ပညာ၏ ပရိယာယ်ပုဒ်များ၊ စူဠနိ-ပါ-၃၂။ ။ပညာပုဒ်အဖွင့်၊ အဘိ-၂-ဋ္ဌ-၁၃၂။ ။ပညာနှင့် အဓိပညာ

အရကောက်၊ မဟာနိ—ပါ—၃၀၊ ဠ—၁၀၃၊ ၁၂၅။ ။ပညာစက္ခု-နံ့ပိ ဝိဝရစက္ခုပုဒ်အဖွင့်၊ ပါ—၂၇၇၊ ၃၅၇၊ဠ—၃၃၇။ ။ပညာက္ခန္ဓ ကထာ၊ဒီဃ—၁—ပါ—၁၈၀၊ ဠ—၃၂၀။ ။ပညိန္ဒြိယံပုဒ်အဖွင့်၊ အဘိ—၁—ဠ—၁၆၅၊၁၈၁၊ ပါ—၁၇၊ ၁၉။ ။ပညာစက္ခု—၅—မျိုး၊ဇာတိ—ပါ—၂၁၁၊ ဠ—၉၄၊ (ဤပညာစက္ခု—၅—မျိုးကို စက္ခုခဏ်း၌လည်း ရေးခဲ့ပြီ)။ ။ပညာ၏ ကိုယ်စားလှယ် ပုဒ်များအဖွင့်၊ မဟာနိ—ပါ—၃၄၊ ဠ—၁၃၄။ ။

**ပညာ ၃-မျိုး။** ။သီလေ ပတိဋ္ဌာယ နရော သပ္ပညော-ပုဒ်၌ ပါသော ပညာကို အကြောင်းပြု၍ ပြဆိုခဏ်း၊ သဂါထာ—သံ—ပါ—၁၃၊ ဠ—၄၀။ ။ ဝိသုဒ္ဓိ—ပ—အုပ်—၃။ ။ထေရ—ဠ—ပ—အုပ်—၁၆။ ။ပဋိသမ္ဘိပညာ၊ပါရိ-ဟာရိယပညာ၊ ဘာဝနာပညာ၊ ကမ္မဿကတာပညာ၊ ဈာနပညာ၊ ဝိပဿနာပညာ ၃-မျိုး၊ ဇာတိ—ပါ—၂၅၁၊ ဠ—၂၅၀။ ။အံ—၃—ဠ—၂၀၁။ ။သုတမယပညာ၊ စိန္တာမယပညာ၊ ဘာဝနာမယပညာ ၃-မျိုး၊ နေတ္တိ—ပါ—၀၊ ဠ—၅၃၊ ၅၄။ ။ဝိသုဒ္ဓိ—ဒု—အုပ်—၆၉။ ။ပေဋက—ပါ—၃၂၁၊ ၃၂၄။ ။ဒီဃ—၃—ပါ—၁၀၃၊ ဠ—၁၀၄။ ။အာယ-ကောသလ္လ၊ အပါယကောသလ္လ၊ ဥပါယကောသလ္လ ၃-မျိုး၊ ဝိသုဒ္ဓိ—ဒု—အုပ်—၆၉။ ။အဘိ—၂—ပါ—၃၃၀၊ ဠ—၃၉၆။ ။ဒါနမယပညာ၊ သီလမယပညာ၊ ဘာဝနာမယပညာ ၃-မျိုး၊ ဠ—၃၉၅။ ။အဘိ—၂—ပါ—၃၃၇၊ ဠ—၃၉၂၊ နည်းအမျိုးမျိုးဖြင့် ပြဆိုခဏ်း။

**ပညာ ၆-မျိုးကို အကျယ်ပြဆိုခဏ်း။** ။ပဏ်—၃—ပါ—၇၅၊ ၁၀၇၊ ဠ—၅၆။ ။သုသိမသုတ်၊ သဂါထာ—သံ—ပါ—၆၃၊ ဠ—၁၁၀။ ။အံ—၁—ပါ—၄၆၊ ။ဠ—၄၁၂။ ။ထေရ—ဠ—ဒု—အုပ်—၄၀၅၊ ၆၊ ၇၊ ၀၊ ၄၀၉။ ။စူဠနိ—ပါ—၁၇၅။ ။မဟာနိ—ပါ—၇၃၊ ဠ—၂၀၀။ ။ ဒီဃ—၃—ဠ—၁၁၃၊ ပါ—၁၂၉၊ [၁]မဟာပညာ၊ [၂]ပုထုပညာ၊ [၃]ဟာသပညာ၊ [၄]ဇဝနပညာ၊ [၅]တိက္ခပညာ၊ [၆]နိဗ္ဗေဓိကပညာ။ ။ပညာ ၁၆-မျိုးကို အကျယ် ဟောထားသော သောဠသပညာနိဒ္ဒေသ၊ ပဋိသံ—ပါ—၃၇၁၊ ဠ—ဒု—အုပ်—၂၅၀။ ။

(၁) မဟာပညာ—သီလ, သမာဓိ, ပညာ, ဉာနာဉာန, ဝိဟာရ-သမ်ာပတ္တိ, သစ္စာ, ဗောဓိပက္ခိယတရား စသည်များ၌ ပိုင်းခြားသိမ်းဆည်းနိုင်သောပညာ။

(၂) ပုထုပညာ—ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ နိရုတ္တိ၊ သီလ၊ သမာဓိ၊ပညာ၊သစ္စာ၊ ဗောဓိပက္ခိယ စသည်များ၌ ကျယ်ကျယ် ပြန့်ပြန့်သိသောပညာ။

(၃) ဟာသပညာ—သီလ,သမာဓိ,ပညာ,ဝိမုတ္တိ,ဝိမုတ္တိဉာဏဒဿန, ဗောဓိပက္ခိယ စသည်များကို ပြည့်စုံအောင် ဖြည့်စွမ်းနိုင်သော ပညာ။ (ဝါ)၊ ပြည့်စုံခြင်းကြောင့် အားရရွှင်လန်း ပီတိလွှမ်း သော ပညာ။

(၄) ဇဝနပညာ—အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုစွမ်းဆင်ခြင်နိုင်စွမ်းသောပညာ။

(၅) တိက္ခပညာ—အလုံးစုံသော ကိလေသာတို့ကို ပယ်သတ်နိုင်သော ပညာ။

(၆) နိဗ္ဗေဓိကပညာ—အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့ခြင်း, ထိတ်လန့်ခြင်း, ကြောက်ရွံ့ခြင်းများဖြစ်၍ ကိလေသာများကို ထိုးဖောက်ဖျက်ဆီးနိုင်သော ပညာ။

**ပညာရကြောင်း၊ တိုးပွားကြောင်း၊ ဆုတ်ယုတ်ကြောင်းများ။** ။ပညာတိုးပွါးကြောင်းများ၊ အံ—၁—ဠ—၃၈၈။ ။**အမေးအဖြေ၊** အာနန္ဒသုတ်၊ အံ—၆—ပါ—၃၁၇၊ ဠ—၁၁၈။ ။၈—ပါ—၂၊ ဠ—၁၉၅။ ။ပညာရကြောင်းလေးပါး၊ အံ—၁—ပါ—၄၆၊ ဠ—၄၁၁။ ။ပညာဝုဒ္ဓိသုတ်၊ အံ—၄—ပါ—၅၆၇။ ။သဂါထာ—သံ—ပါ—၂၁၇၊ ဠ—၃၀၃၊ဂါထာ။ ။ဂါထာ၊ သုတ္တ—ပါ—၃၀၇၊ ဠ—ပ—အုပ်—၂၂၈၊ မှတ်သားဘွယ်ကောင်းလှ၏။ ။ပညာရကြောင်း ၈-ပါး၊ အဋ္ဌပညာပဋိလာဘကာရဏ၊ မိလိန္ဒ—ပါ—၁၀၀၊ ဂါထာ။ ။စင်ကြယ်ခြောင်းသုံးပါး၊ ဥဒါန—ဠ—၁၉၉။ ။ဝိပဿနာပညာပွါးရန်ဂါထာ၊ ဓမ္မ—ဠ—ဒု—အုပ်—၂၆၃။ ။နေတ္တိ—ပါ—၁၂၅၊ ဠ—၂၃၅။ ။ပညာသင်ရာ၌ တတ်သိခြင်း မတတ်မသိခြင်းအကြောင်း ၅-ပါးစီ၊ပဏ်—၂—ပါ-၂၉၈၊ဠ—၂၂၅။ ။သင်္ဂါရဝသုတ်၊ အံ—၅—ပါ—၂၀၂၊ ဠ—၆၇။ ။မေ့လျော့သူ၊ မမေ့လျော့သူ၊ ပဏ်—၃—ပါ—၂၈၃၊ ဠ—၂၀၈။ ။ပညာပျက်စီးတတ်ခြင်း အကြောင်း ဂါထာ၊ ဓမ္မ—ဠ—ဒု—အုပ်—၂၂၂။ ။ပညာပရိဟီနသုတ်၊ ဣတိ—ပါ—၂၁၉၊ ဠ—၁၄၈၊ ဝိပဿနာ မဂ္ဂဖလ ပညာမှကင်းလျှင် ခုနောင်ဆင်းရဲရကြောင်း၊ ပြည့်စုံလျှင် ချမ်းသာကြောင်း ဟောထား၏၊ ဂါထာများပါ၏။ ။ရာဂနှိပ်စက်က ရပြီးသား မဂ္ဂနှင့် ပျက်စီးတတ်ကြောင်းဟောသော

အနုဘိရတိဇာတက။ ။သင်္ဂါရဝသုတ်၊ မဟာ–သံ–ပါ–၁၀၆၊ ဋ္ဌ–၂၀၉။ ။ပညာဆုတ်ယုတ်ခြင်းသာ ဆုတ်ယုတ်သည်မည်၍ ပညာတိုးပွါးခြင်းသာ တိုးပွါးသည်မည်ကြောင်း ဟောသော ပညာပရိဟာနိကထာ၊ ပညာဝုဍ္ဎိကထာ၊ အံ–၁–ပါ–၁၃၊ ၁၄၊ ဋ္ဌ–၆၃၊ ၆၄၊ အခြားသော ဉာတိ၊ ဘောဂ၊ ယသ တို့ကား ဆုတ်ယုတ်သည်ဖြစ်စေ၊ တိုးပွါးသည်ဖြစ်စေ၊ နတ်ပြည်မဂ်ဖိုလ်မှ ဆုတ်ယုတ်ခြင်းကား မရှိနိုင်ကြောင်း ဟောထား၏။

**ပညာဖြင့်အသက်မွေးခြင်းသာ အမြတ်ဆုံးဖြစ်ကြောင်း။** ။သဂါထာ–သံ–ပါ–၂၁၆၊ ဋ္ဌ–၃၀၁။ ။ဂါထာ၊ သုတ္တ–ပါ–၃၀၆၊ ဋ္ဌ–ပ–အုပ်–၂၂၆။ ။ထေရ–ပါ–၂၉၅၊ ဋ္ဌ–၃–အုပ်–၁၄၀၊ ၁၄၉။ ။ပါ–၃၀၂၊ ဋ္ဌ–၁၀၄၊ ၁၀၆။ ။

**ပညာရောင်သာ အမြတ်ဆုံးဖြစ်ကြောင်း။** ။ပဋိသံ–ပါ–၁၁၄၊ ဋ္ဌ–ပ–အုပ်–၃၇၃။ ပဇ္ဇောတသုတ်–သံ။ ။အင်္ဂ–၁–ဋ္ဌ–၁၉၂။ ။အာဘာသုတ်၊ ပဘာသုတ်၊အာလောကသုတ်၊ ဩဘာသသုတ်၊ ပဇ္ဇောတသုတ်၊ အံ–၄–ပါ–၄၅၆၊ ၄၅၇၊ ဋ္ဌ–၃၃၉။ ။မဟာနိ–ပါ–၃၄၊ ဋ္ဌ–၁၃၄။ ။နတ္ထိ ပညာ သမာ အာဘာ စသော ဂါထာ၊ နေတ္တိ–ပါ–၁၆၀၊ ဋ္ဌ–၂၆၄။ ။နတ္ထိပုတ္တ သမသုတ်၊ သဂါထာ–သံ–ပါ–၆၊ ဋ္ဌ–၃၂။ ။ပဒသုတ်၊ မဟာ–သံ–ပါ–၂၀၂။ ဋ္ဌ–၂၀၀။ ။ပညိန္ဒြေသာ အချုပ်ဖြစ်ကြောင်း ဟောသော သာလသုတ်၊သာရသုတ်၊ပါ–၂၀၀။ ။သုတ္တ–ဋ္ဌ–ပ–အုပ်–၁၃၁။ ။၎င်း ၁၃၁–၌ အညွှန်းများကိုလည်း ပြဆိုထား၏၊ (အရောင်အလင်းခဏ်း၌လည်း ရေးခဲ့ပြီ)။ ။

**ပညာကြီးလိုသူတို့ သတိမူစရာ။** ။ခုဇ္ဇုတ္တရာ ကျွန်မမှာ သပိတ်ခြေလှူခဲ့သောကြောင့် ပညာကြီးကြောင်း မိန့်ဆိုထားပုံ၊ ဇာတိ–ဋ္ဌ–၂၉။ ။ဓမ္မ–ဋ္ဌ–ပ–အုပ်–၁၄၄။ ။အံ–၁–ဋ္ဌ–၃၃၀။ ။ပညာ ထက်မြက်လိုလျှင် အပ်လှူရကြောင်း၊ အပ–ပါ–ပ–အုပ်–၁၃၅၊ဋ္ဌ–၃–အုပ်–၁၀၂။ ။ပါ–၁၄၉၊ ဋ္ဌ–၁၁၆။ ။ပါ–၃၆၀။ ။အံ–၁–ဋ္ဌ–၃၄၀။ ။

**ပညာအားကြီး၍ သဒ္ဓါတရားနည်းပါးသော်ဖြစ်တတ်သောအပြစ်။** ။ပဏ်–၁–ဋ္ဌ–ပ–အုပ်–၂၉၅။ ။ဒီဃ–၂–ဋ္ဌ–၃၇၇။ ။ဝိသုဒ္ဓိ–ပ–အုပ်–၁၂၆။ ။မဟာ–သံ–ဋ္ဌ–၁၉၄။ ။အံ–၁–ဋ္ဌ–၃၉၁။ ။ကောက်ကျစ်စဉ်းလဲတတ်သည်ဟူလို။ ။ပညာအားနည်း၍ သဒ္ဓါတရားအားကြီး

သော် ဖြစ်တတ်သောအပြစ်ကိုလည်း ဆက်လက်ပြထား၏၊ အလွဲအမှားကို ကြည်ညိုမိတတ်သည်-ဟူလို၊ (သ—ခဏ်း၌ ပြလတ့်)။ ။

**ပညာရှိလက္ခဏာ-သုံးပါး။** ။နေတ္တိ—ပါ—၁၄၀၊ ဋ္ဌ—၂၅၆။ ။ပညာရှိ သဘော၊ အံ—၄—ပါ—၄၁၃၊ ဋ္ဌ—၃၂၆။ ။ပဋိသံ—ပါ—၃၆၁၊ ဋ္ဌ— ၃—အုပ်—၂၄၃။ ။အံ—၁—ပါ—၁၀၀၊ ၁၀၁၊ ဋ္ဌ—၇၀၊ ၇၁၊ လက္ခဏာသုတ်၊ စိန္တိသုတ်၊မှတ်သားဘွယ်အကျယ်။ ။ဗာလပဏ္ဍိတသုတ်၊ ပဏ်—၃—ပါ—၂၀၀၊ ဋ္ဌ—၁၅၂။ ။

(၁) သုစိန္တိတစိန္တီ—ကောင်းသော အကြံအစည်ကိုသာ ကြံစည်လေ့ ရှိခြင်း။

(၂) သုဘာသိတဘာသီ—ကောင်းသော စကားကိုသာ ပြောဆိုလေ့ ရှိခြင်း။

(၃) သုကတကမ္မကာရီ—ကောင်းသော အမှုကိုသာပြုလုပ်လေ့ရှိခြင်း။

**ပညာရှိနှင့်ပေါင်း ချမ်းသာကြောင်း ဂါထာများ။** ။ခုဒ္ဒက—ပါ—၃၊ ဋ္ဌ— ၁၀၀။ ။ပန်းမွှေးထုပ်လျက်၊ မျက်သစ်ရွက်လည်း၊ မွှေးသက်ကူးလာ၊ကဲ့ ပမာသို့—ဟူသောဂါထာ၊ ဇာတိ—ပါ—၂၄၁၊ ဋ္ဌ—၂၃၀။ ။သုတ္တ—ဋ္ဌ— ၃—အုပ်—၁၃။ ။စရိယာ—ဋ္ဌ—၂၆။ ။နေတ္တိ—ပါ—၁၂၅၊ ဋ္ဌ—၂၃၅။ ။ ဇာတက—ပါ—၃—အုပ်—၂၆၅၊ ဋ္ဌ—သ—အုပ်—၁၂၆။ ။ပါ—၃၁၉။ ။ ပါ—ပ—အုပ်—၃၃၀၊ ဋ္ဌ—စ—အုပ်—၄၃၀။ ။ပညာရှိနှင့်ပေါင်းသင်းရန် တိုက်တွန်းသောဂါထာ၊ စူဠနိ—ပါ—၂၇၀၊ ဋ္ဌ—၁၂၇။ ။ပေါင်းသင်း နိုင်ရန် ဆုတောင်းပုံ၊ ဇာတက—ပါ—ပ—အုပ်—၆၂၇၊ ဋ္ဌ—စ—အုပ်— ၂၄၁။ ။စရိယာ—ဋ္ဌ—၂၆။ ။

**ပညာရှိတို့ အဆင့်ဆင့်ရအပ်သော အကျိုးများ။** ။အဘိ—၁—ဋ္ဌ—၁၁၁။ ။ ပဏ်—၁—ပါ—၃၆၇၊ ဋ္ဌ—၃—အုပ်—၂၄၄၊ မဟာဝေဒလ္လသုတ်။ ။ ပဏ်—၃—ပါ—၂၀၀။ ။ပုဗ္ဗာရာမသုတ် (ပ—၃) မဟာ—သံ—ပါ— ၁၉၅၊ ဋ္ဌ—၂၇၉။ ။(ဆိုင်ရာဆိုင်ရာ နိကာယ်များ၌လည်း များစွာ ရှိ၏)။ ။

**ပညာရှိတို့ သတိမူစရာ။** ။ပညာရှိတို့မှာအချို့သောအရာများ၌ အ—ယောင်, ကာဏ်းယောင်,နားပင်းယောင် ဆောင်သင့်က ဆောင်ရကြောင်းဂါထာ၊ ထေရ—ပါ—၂၉၅၊ ဋ္ဌ—၃—အုပ်—၁၅၀။ ။ပါ—၃၀၅၊ ဋ္ဌ—၂၀၅။ ။ မိလိန္ဒ—ပါ—၃၄၉။ ။မဇ္ဈ—ဋ္ဌ—ပ—အုပ်—၃၄၄၊ ဤ၌ စုဏ္ဏိယ။ ။

**ပညာရှိအဖော်မရလျှင် တယောက်တည်း နေရသည်က မြတ်ကြောင်း ဂါ** ထာများ။ ။ဓမ္မ—ဋ္ဌ—ဒု—အုပ်—၃၂၂၊ပ—အုပ်—၄၀၊၂၉၆၊ ၊အပ— ပါ—ပ—အုပ်—၁၀၊ ဋ္ဌ—ပ—အုပ်—၁၉၂။ ။စူဠနိ—ပါ—၂၅၅၊ ၂၅၆၊ ဋ္ဌ—၁၁၀။ ။

**ပညာရှိ ဟန်ဆောင်သူတို့ထံ၌ စကားပြောဘို့ရန် ခက်ခဲလှကြောင်း။** ။ ပဏ်—၂—ပါ—၄၁၅၊ ဋ္ဌ—၃၀၃။ ။ပဏ္ဍိတပဋိရူပကာနံ ဟိ သန္တိကေ ကထေတုံ ဒုက္ခံ ဟောတိ၊ တေ ပဒေ ပဒေ အက္ခရေ အက္ခရေ ဒေါသ- မေဝ ဝဒန္တိ၊ ဒီဃ—၁—ဋ္ဌ—၁၄၄၊ ပါ—၄၀။ ။

**ပညာရှိနှင့်စပ်၍ မှတ်သားဘွယ်များ။** ။ပညာရှိပုဂ္ဂိုလ်ကိုတွေ့နိုင်ရန် တံခါး လေးဘက်၌ အစောင့်ထားသော မဟာကပ္ပိနမင်း၊ အံ—၁—ဋ္ဌ—၂၄၇၊ ၎င်းမင်းဝတ္ထုတိုင်း၌ ရှိ၏။ ။ပညာရှိသူတို့က နည်းပါးလှ၍ ပညာမဲ့သူ တို့သာများကြောင်း၊ အံ—၁—ပါ—၃၇၊ဋ္ဌ—၃၇၀။ ။ပညာသုတ်၊ မဟာ သံ—ပါ—၄၀၅၊ ဋ္ဌ—၃၃၄။ ။ပညာရှိတို့ မကဲ့ရဲ့အပ်သော တရားလေး ပါး၊အံ—၄၊ ပါ—၃၃၇၊ဋ္ဌ—၂၀၀။ ။ပညာရှိတို့မှာ ချီးမွမ်းခြင်း ကဲ့ရဲ့ ခြင်း၌မတုန်လှုပ်ကြောင်းဂါထာ၊ ဓမ္မ—ဋ္ဌ—ပ—အုပ်—၃၇၂၊ထေရ—ဋ္ဌ—ပ— အုပ်—၁၄။ ။ပညာရှိတို့အတွက် လျှာဥပမာ ဂါထာ၊ ဓမ္မ—၃၀၁။ ။ ပညာရှိတို့ စီးပွါးရှာနည်းဂါထာ၊၃၇၀။ ။ပညာရှိတို့ မွေ့လျော်သော တရားဂါထာ၊၃၅၉။ ။ပညာရှိသူတော်ကောင်းကို ထိပ်ပေါ်မှာတင်ထားလို သည်ဟု အချင်းသားရိပုတ္တရာထေရ်ပြောပြပုံဂါထာ၊ထေရ—ပါ—၃၄၄၊ဋ္ဌ— ဒု—အုပ်—၄၀၀။ ။ပညာရှိပုဂ္ဂိုလ်ကို စေတီကဲ့သို့ ပူဇော်အပ်ကြောင်း ဂါထာ၊မိလိန္ဒ—ပါ—၄၀၀။ ။ပညာရှိတို့မှာ ဒါန သီလ ဘာဝနာကို ပြုရာ ၌ နိဗ္ဗာန်ကိုရည်စူး၍သာ ပြုကြကြောင်းဂါထာ၊ မဟာနိ၊ ပါ—၃၃၄၊ဋ္ဌ— ၃၀၃။ ။ပညာရှိတို့ ပညတ်ထားသော အရာများ၊ ပဏ္ဍိတသုတ်၊ အံ၊ ပညာရှိတို့ ပကတိသဘောထားမှာ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ခြင်း၊ ချီးမွမ်းသင့် သူကို ချီးမွမ်းခြင်းဖြစ်ကြောင်း မိန့်ဆိုထားပုံ၊ ပေါတလိယသုတ်၊အံ—၄၊ဋ္ဌ— ၃၂၆၊ပါ—၄၁၃။

**ပညာမဲ့နှင့်စပ်၍ မှတ်သားဘွယ်များ။** ။ပညာမသင်သော မဟာဓနသေဌေး သား ပျက်စီးရပုံ၊ ခေတ္တူပမပေတဝတ္ထု၊ပါ—၁၂၇၊ဋ္ဌ—၃။ ။ဇာတက၊ ဋ္ဌ—စ—အုပ်—၂၅၆။ ။ဓမ္မ—ဋ္ဌ—ပ—အုပ်—ဂ၁။ ။လောကီ လောကုတ္တ ရာမှ ဆုတ်ယုတ်ကြောင်း ဟောထား၏၊ စရိယာ—ဋ္ဌ—၁၄၂။ ။ခုရထဲ ဆင်း သေရန်ကြံစည်ပုံ၊ ပညာမဲ့ပြီး အသက်တရာရှည်သူထက် ပညာရှိ

ဖြစ်ပြီး တရက်နေရသည်က မြတ်ကြောင်း ဂါထာ၊ ဓမ္မ–ဋ္ဌ–ပ–အုပ်–၄၃၄။ ။ပညာမတတ် ပျက်စီးတတ်ကြောင်းဂါထာ၊ဇာတက–ပ၊–ပ–အုပ်–၃၂၇၊ဋ္ဌ–စ–အုပ်–၄၃၀။ ။ပညာမဲ့သူ အပြစ်၊ ရှိသူ အကျိုး (အသမ္ပဇညဴ၊သမ္ပဇည)၊ အံ–၁–ပါ–၁၂၊ဋ္ဌ–၆၂။ ။ပညာ မဲ့ငြား၊ ပစ္စည်းကား၊ သူ့အားပြန်သတ်သည်-ဟူသော ဂါထာ၊ ဓမ္မ၊ ဋ္ဌ–၃–အုပ်–၃၅၅။ ။ပညာရှိဟန်ဆောင်ပြီး စကားများသူတို့ မှတ်သားဘွယ်ကောင်း လှသောဂါထာ၊ ဥဒါန်၊ ပါ–၁၅၀၊ ဋ္ဌ–၂၉၀။ ။ပညာမပြည့် ကြီးဘိ အသံ-ဟူသော စကားအတွက် ဥပမာဂါထာများ၊ သုတ္တ၊ ပါ–၃၉၀၊ဋ္ဌ–၃–အုပ်–၂၁၇။ ။ပညာမဲ့သူထံတွင် အခြွေအရံများခြင်းထက် ပညာရှိသူထံတွင် အခြွေအရံနည်းပါးခြင်းက မြတ်ကြောင်းဂါထာ၊ ထေရ–ပါ–၃၁၅၊ဋ္ဌ–၃–အုပ်–၂၄၀။ ။ပညာမဲ့သူ ချီးမွမ်းခြင်းထက် ပညာရှိသူ ကဲ့ရဲ့သည်က မြတ်ကြောင်းဂါထာ၊ ပါ–၃၁၆၊ ဋ္ဌ–၂၄၀။ ။လူမိုက် တသောင်း၊ ချီးမွမ်းရှောင်းလည်း၊ လူကောင်းတယောက်၊ ပြစ်တင်ကြောက် လော့ ဟူလို။ ။ပညာမဲ့နှင့် ပညာရှိကို ခွဲပြသောဂါထာ၊ပါ–၂၄၂၊ဋ္ဌ–ပ–အုပ်–၂၇၀၊ ၂၇၁။ ။တခုသာသိ၊ တခုသာစွဲ၊ ထိုသူ ဗာလဘဲ-ဟု မှတ်။

ပညာမျက်စိနှင့်စပ်၍ ပုဂ္ဂိုလ်သုံးမျိုး ခွဲပြပုံ။ ။အံဂုံ ၄၊ ပါ–၁၃၄၊ဋ္ဌ–၆၃။ ။သဂါထာ–သံ–ပါ–၂၁၆၊ဋ္ဌ–၃၀၁။ ။အန္တသုတ်၊ အံ–၃–ပါ–၁၂၆၊ ဋ္ဌ–၉၆။

(၁) အန္ဓ–နှစ်ဘက်ကာဏ်းသော ပုဂ္ဂိုလ်၊ပစ္စုပ္ပန်သံသရာ နှစ်ဖြာအတွက် ကောင်းကျိုးကိုမမြင်သူ။

(၂) ဧကစက္ခု–တဘက်ကာဏ်းသောပုဂ္ဂိုလ်၊ပစ္စုပ္ပန် ကောင်းကျိုးကိုသာပြ၍ သံသရာ၏ကောင်းကျိုးကို မမြင်သူ။

(၃) ဒွိစက္ခု–နှစ်ဘက်လုံးမြင်သောပုဂ္ဂိုလ်၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာလုံးအတွက် ကောင်းကျိုးကို မြင်သောသူ။

ပညာပါရမီ။ ။ပညာပါရမီဖြစ်ရန် ဆင်ခြင်ခဏ်း၊စရိယာ၊ဋ္ဌ–၂၀၀။ ။ပညာပါရမီအကျိုးကိုပြဆိုခဏ်း၊၂၀၀။ ။၎င်းကျင့်စဉ်ကို ပြဆိုခဏ်း၊၃၀၇။ ။ပရမတ္ထပါရမီကို အရကောက်ပြပုံ၊၂၆၄၊ ၃၁၂။

ပဋ္ဌာစာရထေရီဝတ္ထု။ ။အံ–၁၊ ပါ–၂၆၊ ဋ္ဌ–၂၇၅၊ အကျယ်၊ ဧတဒဂ္ဂ ဘိက္ခုဝေ မမ သာဝိကာနံ ဘိက္ခုနီနံ ဝိနယဓရာနံ ယဒိဒံ ပဋ္ဌာစာရာ။ ထေရီ၊ ပါ–၃၉၂၊ ဋ္ဌ–၁၁၁၊ ။အပ–ပါ–၃–အုပ်–၂၃၆မှ၂၃၉

အထိ။ ။ဓမ္မ—ဌ—၁—အုပ်—၄၃၇။ ။မျက်ရည်ထွက်ရသည်က သမုဒ္ဒရာရေထက်ပင် များကြောင်း၊ အဖြစ်အပျက်ကို မြင်မှ မြတ်ကြောင်း ဂါထာများ။ ။ဌ—ဒု—အုပ်—၂၇၁၊ နိဗ္ဗာန်လမ်း ခရီးကိုသာ သုတ်သင်ရန် ဟောထား၏။ ။

**ပဋိကူလမနသိကာရ ပဗ္ဗဝဏ္ဏနာ။** ။(ကာယာနုပဿနာ သတိပဋ္ဌာန်ခဏ်း)၊ ပဏ်—၁—ပါ—၇၃၊ ဌ—ပ—အုပ်—၂၇၅။ ။ဒီဃ—၂—ပါ—၂၃၃၊ ဌ—၃၅၉၊ (သတိပဋ္ဌာန်ခဏ်းတိုင်း၌ ရှိ၏)။ ။

**ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုခဏ်း။** ။နိဒါနသံယုတ္တ၊ နိဒါန—ပါ—၂၄၃၊ ဌ—၁၊ ၎င်းသံယုတ္တမှာ အားလုံး ပဋိစ္စသမုပ္ပါဒ်ကိုသာ ဟောထား၏၊ ပါ—၂၄၃—မှ—၃၅၁—အထိ၊ဌ—၁—မှ—၁၁၀—အထိ။ ။လောကသမုဒယသုတ်၊သဠာ—သံ—ပါ—၃၀၇။ ။ကစ္စာနသုတ်—သံ။ ။ဝိဘင်္ဂသုတ်၊သမ္မသသုတ်—သံ။ ။ဆဋ်ခြင်ပုံဟောသော ပရိဝိမံသနသုတ်—သံ။ ။ပဏ်—၁—ပါ—၀၊ ဌ—ပ—အုပ်—၅၅၊ အကျဉ်း။ ။ပါ—၃၂၉၊ ဌ—ဒု—အုပ်—၂၀၀၊ အကျယ်။ ။ပဋိသံ—ပါ—၉၊ ဌ—ပ—အုပ်—၀၄၊ ဝိဂ္ဂဟများ။ ။ပါ—၄၀၊ ဌ—၂၂၁။ ။ပါ—၁၀၉၊ ဌ—၃၁၆၊ အကျယ်၊ မှတ်သားဘွယ် ဂါထာများ ပါ၏။ ။မဟာနိ—ပါ—၇၂၊ ဌ—၁၉၂။ ။နေတ္တိ—ပါ—၅၅၊ ဌ—၁၂၇။ ။ပေဋက—ပါ—၂၄၀၊ ၂၄၆။ ။ဝိသုဒ္ဓိ—ပ—အုပ်—၁၉၂။ ။ဒု—အုပ်—၁၄၀၊ ၁၅၉၊ ၂၁၁၊ ၂၂၁။ ။အံ—၁၁—ပါ—၄၀၅။ ။ဥဒါန—ပါ—၇၇၊ ဌ—၃၄။ ။ဗောဓိသုတ္တ အဘိနိဝေသဝဏ္ဏနာ၊ ဒီဃ—၂—ပါ—၂၆၊ဌ—၅၀၊ဝိပဿိဘုရားလောင်း ဆင်ခြင်တော်မူခဏ်း။ ။မဟာနိဒါနသုတ်၊ ပါ—၄၇၊ ဌ—၀၇။ ။ဝိ—၁—ဌ—ပ—အုပ်—၀၅။ ။ဝိ—၃—ပါ—၁၊ ဌ—၂၃၅—အကျဉ်း။ ။အဘိ—၂—ပါ—၁၄၂၊ ဌ—၁၁၃၊ သုတ္တန္တ ဘာဇနီယ။ ။အဘိဓမ္မာ ဘာဇနီယ၊ ပါ—၁၄၅၊ ဌ—၁၀၉။ ။စက်—၂—ပိုင်း ခွဲခြားပြပုံ၊ ဌ—၁၀၁၊ အချုပ် မှတ်သားဘွယ်။

**ပဋိစ္စသမုပ္ပါဒ်နှင့်စပ်၍ မှတ်သားဘွယ်များ။** ။ပဋိစ္စသမုပ္ပါဒ်၌ မခက်ခဲလှဘဲ ပေါ်လွင်သည်ဟု ထင်ရသော အသျှင်အာနန္ဒာ၏ ထိုသို့ထင်ခြင်းအကြောင်း လေးပါး။ နိဒါန—သံ—ဌ—၀၃။ ။နိဒါနသုတ်။ ပါ—၃၁၇။ဌ—၇၉။ ။ ဗုဒ္ဓနှင့်ပစ္စေက ဗုဒ္ဓါတို့မှတပါး အခြားပုဂ္ဂိုလ်တို့မှာ မိမိတို့အလိုအလျောက် ဆရာမရှိဘဲ ဤပဋိစ္စသမုပ္ပါဒ်ဘရားကို ဖြောင့်တန်းစွာမသိနိုင်ကြကြောင်း။

နိဒါန—သံ—ဌ—၇၉။ ။ပဋိသံ—ဌ—၃—အုပ်—၁၇။ ။ဒီဃ—၂—ဌ—၇၆။ ။ ဂန္ဓိရတနာလေးချက်။ ၂—ပါ—၄၇။ ဌ—၇၃။ ။ဒေသနာလေးချက်။ အဘိ—၂—ဌ—၁၂၄။ ။သုတ္တ—ပါ—၃၉၂။ ဌ—၃—အုပ်—၂၂၂။ ဒွယတာနုပဿနာသုတ်။ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ်၌ ဖြစ်ကြောင်း ချုပ်ကြောင်းနှင့်တကွ သိမသိ အကျိုးအပြစ်ကိုဟောထား၏။ ဂါထာများ မှတ်သားဘွယ်ကောင်းလှ၏။ ။အာဒီန၀၊နိဗ္ဗုတ္တကိုမေးဖြေချက်။ပဋိသံ—ပါ—၁၉၃။ ဌ—၃—အုပ်—၁၂၀။

**ပဋိပဒါ ၄-ပါး။** ။[၁]ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ၊ [၂]ဒုက္ခပဋိပဒါခိပ္ပါဘိညာ၊ [၃]သုခပဋိပဒါဒန္ဓာဘိညာ၊ [၄]သုခပဋိပဒါခိပ္ပါဘိညာ ၄—မျိုး၊ သံခိတ္တသုတ်၊ ဝိတ္ထာရသုတ်။ အသုဘသုတ်။ ခမသုတ်—၁—၃၊ ဥဘယသုတ်၊ မဟာ မောဂ္ဂလ္လာနသုတ်။သာရိပုတ္တသုတ်။အံ—၄—ပါ—၄၆၇—မှ—၄၇၃—အထိ။ ဌ—၃၄၂—မှ—၃၄၅—အထိ။ ။အံ—၁၀—ပါ—၃၀၆၊ ၎င်းလေးပါး တွင် အမြတ်ကိုဟောထား၏။ ။ထေရ—ဌ—၃—အုပ်—၅၄၄၊ အကျယ် ရှင်းပြထား၏။ ။ပဋိသံ—ပါ—၇၂၊ ဌ—၁—အုပ်—၂၇၁။ ။ဝိသုဒ္ဓိ—၁—အုပ်—၇၃။ ။၃—အုပ်—၃၀၆၊ ၃၀၇။ ။နေတ္တိ—ပါ—၇။ ၉၃။ ဌ—၄၉။၁၉၇။ ။ဒီဃ—၃—ပါ—၇၇၊ ဌ—၇၅။ ။အဘိ—၁—ပါ—၅၀၊ ဌ—၂၂၇။ ။ပါ—၇၂၊ ဌ—၂၆၀၊ ၂၇၉။ ။ပုဂ္ဂိုလ်သုံးမျိုးနှင့် တွဲပြပုံ၊ နေတ္တိ—ပါ—၁၀၄၊ ဌ—၂၀၆။ ။ပါ—၇၊ ဌ—၄၉။ ။ပါ—၉၃၊ ဌ—၁၉၇။ ။ပေဋက—ပါ—၃၂၉၊ ၎င်းလေးပါး၏ အရင်းခံ အကြောင်းကို ဟောထား၏။

(၁) ဝိပဿနာအလုပ်ကို အားထုတ်စဉ်အခါ၌ ရာဂ, ဒေါသ,မောဟ တရားတို့က ပြင်းထန်စွာ နှိပ်စက်သည်ကို ခံရ၍ သဒ္ဓိန္ဒြေ စသည် ၅-ပါးတို့ကလည်း နုံ့နဲ့ အားနည်းလှသောကြောင့် ခဲယဉ်းပင်ပန်းစွာ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်သည် ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ ပုဂ္ဂိုလ်မည်၏။

(၂) ဝိပဿနာအလုပ်ကို အားထုတ်စဉ်အခါ၌ ရာဂ, ဒေါသ,မောဟ တရားတို့က ပြင်းထန်စွာ နှိပ်စက်ခြင်းကို ခံရသော်လည်း သဒ္ဓိန္ဒြေ စသည် ၅-ပါးတို့က လွန်ကဲအား ရှိသောကြောင့် လျင်မြန်စွာ မပင်ပန်းဘဲ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်သည် ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ ပုဂ္ဂိုလ် မည်၏။

(၃) ဝိပဿနာအလုပ်ကို အားထုတ်စဉ်အခါ၌ ရာဂ, ဒေါသ,မောဟ တရားတို့က နှိပ်စက်ခြင်းကို မခံရသော်လည်း သဒ္ဓိန္ဒြေ စသည့် ၅-ပါးတို့က နုံ့နဲ့အားနည်းလှသောကြောင့် ပင်ပန်း ခဲယဉ်းစွာ မဂ်ဖိုလ်ရသော ပုဂ္ဂိုလ်သည် သုခပဋိပဒါ ဒန္ဓာဘိညာ ပုဂ္ဂိုလ် မည်၏။

(၄) ဝိပဿနာအလုပ်ကိုအားထုတ်စဉ်အခါ၌ ရာဂ, ဒေါသ,မောဟ တရားတို့က ပြင်းထန်စွာ နှိပ်စက်သည်ကိုလည်း မခံရဘဲ သဒ္ဓိန္ဒြေ စသည် ၅-ပါးတို့ကလည်း လွန်ကဲအားရှိသောကြောင့် မပင်ပန်းဘဲ လျင်မြန်စွာ မဂ်ဖိုလ် ရသော ပုဂ္ဂိုလ်သည် သုခပဋိပဒါခိပ္ပါဘိညာပုဂ္ဂိုလ် မည်၏။

**ပဋိပဒါ ၂-ပါး။** ။(မိစ္ဆာပဋိပဒါ၊သမ္မာပဋိပဒါ)။ ပဋိပဒါသုတ်–သံ၊ ။ မိစ္ဆာပဋိပတ္တိဖြင့် မဂ်ဖိုလ်မရနိုင်ကြောင်း၊ သမ္မာပဋိပတ္တိဖြင့်သာ မဂ်ဖိုလ် ရနိုင်ကြောင်း။ အံ–၂–ပါ–၇၀၊ ဋ္ဌ–၄၅။ ။ပုညာဘာဂိယပဋိပဒါ၊ ဖလာဘာဂိယပဋိပဒါ ၂–မျိုး၊ နေတ္တိ–ပါ–၄၂၊ ဋ္ဌ–၁၁၁။ ။ပဋိပဒါ ၁၁–မျိုးကိုပြဆိုချက်၊ ပါ–၆၅။ ဋ္ဌ–၁၃၅။ ။၃–မျိုး။ အစေဝစလက သုတ်၊ အံ–၃–ပါ–၃၀၀၊ ဋ္ဌ–၂၄၅။

**ပဋိပတ္တိ။** ။ပဋိပတ္တိသဒ္ဓမ္မောတိ ပဋိပတ္တိပူရကော သတ္တေသု အသတိ အန္တရဓာယတိ နာမ၊ ပဏ်–၂–ဋ္ဌ–၁၀၀၊ ပါ–၁၀၀။ ။ပဋိပတ္တိကို ကျင့်မှသာ ချမ်းသာစွာနေရကြောင်း ဟောသော နဋကပါနသုတ်၊ ပါ– ၁၂၅၊ ဋ္ဌ–၁၂၄၊ ၁၂၇။ ။ပဋိပတ္တိနာမ သာဝကာနံ ကိစ္စံ၊ သဠာ– သံ–ဋ္ဌ–၁၄၀။ ပါ–၅၃၅။ ။ပဏ်–၁–ဋ္ဌ–ပ–အုပ်–၁၉၉၊ ပါ– ၅၆။ ။ပဋိပတ္တိသာရံ ဟိ သာသနံ၊ သုတ္တ–ဋ္ဌ–ဒု–အုပ်–၂၃၅၊ပါ– ၃၉၀။ ။မယှံ ဟိ ပဋိပတ္တိကထနမေဝ ဘာရော၊ ပဋိပတ္တိပူရဏံ ပန ကုလပုတ္တာနံ ဘာရော၊ခန္ဓ–သံ–ဋ္ဌ–၂၉၃။ ။ပဋိပတ္တိယာ ဟာယမာ– နာယ သတ္တာ ဟာယန္တိနာမ၊ ပဏ်–၂–ဋ္ဌ–၁၀၀။

**ပဋိနိဿဂ္ဂ ၂–မျိုး။** ။(ပရိစ္စာဂ၊ ပက္ခန္ဒန)၊ ဝိ–၁–ပါ–၀၉၊ဋ္ဌ–ဒု–အုပ်– ၃၅။ ။ဝိသုဒ္ဓိ–ပ–အုပ်–၂၀၂။

**ပဋိဘာန ၃–မျိုး။** ။ဉာဏ်အမြင်၊ (ပရိယတ္တိ၊ ပရိပုစ္ဆာ၊အဓိဂမ)၊ သုတ္တ– ပါ–၂၀၀၊ ဋ္ဌ–ပ–အုပ်–၉၉။ ။အပ–ပါ–ပ–အုပ်–၁၂၊ ဋ္ဌ–ပ– အုပ်–၂၀၇။ ။စူဠနိ–ပါ–၂၂၄၊ ၂၇၀၊ ဋ္ဌ–၁၂၇၊ အကျယ်ဟော ထား၏။ ။မဟာနိ–ပါ–၁၀၀၊ ဋ္ဌ–၂၉၀။

**ပဋိဝေဓဉာဏ် ၂–မျိုး။** ။(ဥပ္ပဇ္ဇမာန၊ ဥပ္ပန္န)ဘုရားရှင်နှင့်စပ်၍ ဖွင့်ပြခဲ့၏။ ပဏ်–၁–ပါ–၉၉။ ဋ္ဌ–ပ–အုပ်–၃၃၃။ ။နိဒါန–သံ–ဋ္ဌ–၄၄။

**ပဋိသန္ထာရ ၂–မျိုး။** ။(ဓမ္မပဋိသန္ထာရ၊ အာမိသပဋိသန္ထာရ)။စေ့စပ်ခြင်း။ (ဝါ) ချီးမြှောက်ခြင်း ၂–မျိုး ဟူလို၊ သန္ထာရဝဂ္ဂ။ အံ–၂–ပါ–၉၂။ ဋ္ဌ–၆၁။ ။ဇာတက–ဋ္ဌ–ပ–အုပ်–၁၆၁။ ပရိသတ် မပျက်စီးအောင် ဆောင်ထားနိုင်ရန် ဟောထား၏၊ ဒီဃ–၃–ပါ–၁၇၉။ ဋ္ဌ–၁၆၃။ ၁၆၄။ ။ပဋိသန္ထာရနိဒ္ဒေသ။ အဘိ–၁–ပါ–၂၆၁။ ဋ္ဌ–၄၂၆။ ။ ပဋိသန္ထာရကထာပြုရပုံနှင့် ပြုရခြင်း၏အကျိုးကို ပြသောဝတ္ထုများ။ ဝိ–၁–ဋ္ဌ–၃–အုပ်–၆ဂ။ ။သဂ်ဟ–ဋ္ဌ–၁၃။

**ပဋိသန္ဓေနှင့်စပ်၍ မှတ်သားဘွယ်များ။** ။ဘဝမဆုံးသေးသော သတ္တဝါတို့မှာ ဘဝသစ်၌ ပဋိသန္ဓေတည်နေရန် စောင့်ဆိုင်းနေရသေးသည် မဟုတ်ကြောင်း ရှင်းပြခဲ့၏၊ ပဏ်–၁–ပါ–၃၃၂၊ ဋ္ဌ–၃–အုပ်–၂၁၀။ ။ အန္တရာဘဝကထာ၊အဘိ–၅၊ ပါ–၂၆၉၊ ဋ္ဌ–၂၀၅။ ။နေတ္တိ၊ ဋ္ဌ–၁၀၂၊ ပါ–၃၄။ ။ပဋိသန္ဓေနှင့်စပ်၍ မှတ်သားဘွယ်အကျယ်၊ မိလိန္ဒ၊ ပါ–၃၁၊ ၇၄၊ စသည်၌ ကြည့်ရှုပါ။ ။ဝိသုဒ္ဓိ၊ ဒု–အုပ်–၁ဂဝ၊ပဋိသန္ဓေပေါင်း ၂၀၊ ၁၉ ပါးတို့ အကျိုးပေးပုံ၊ အာရုံပြုပုံ၊ ရုပ်ကလာပ်တို့ ရပုံ စသည်ကို အကျယ်ပြဆိုခဲ့၏၊ အဘိ၊ ၂၊ ဋ္ဌ–၁၄၇၊ ဂ၊ ပါ–၁၄၂။ ။ မဟာနိ၊ ပါ–၉၂၊ ဋ္ဌ–၂၁၄။ ။ပဋိသန္ဓေတည်နေပုံကို ပြသောဂါထာများ၊ သဂါထာ၊ သံ–ပါ–၂ဝဂ၊ ဋ္ဌ–၂၇၄၊ ၅၊ ယက္ခသံယုတ္တ၊ ဣန္ဒကသုတ်။ ။အဘိ–၂၊ ဋ္ဌ–၂၀၊ ၂၁။ ။ဂဏ္ဍသေယျက၊ ဇာတက၊ ဋ္ဌ–၈–အုပ်–၅၀၁။ ။ပဋိသန္ဓေအခါ၌ရသောရုပ်ကလာပ်များကို ရေတွက်ပြခဲ့၏၊အဘိ–၂၊ဋ္ဌ–၂၀။ ။ဝိသုဒ္ဓိ–ဒု–အုပ်–၁ဂ၅၊ဂါထာ။ ။အဖန်ဖန် ပဋိသန္ဓေနေရလတံ့သောပုဂ္ဂိုလ်ကိုပြသောဂါထာ၊နေတ္တိ၊ပါ-၃ဝ–၁၀ဂ-ဋ္ဌ–၂၂၂။ ။ပေဋကပါ–၂၁၁၊၂–ဂါထာ၊ဓမ္မ–ဋ္ဌ–ဒု–အုပ်–၃၁၅။

**ပဋိသမ္ဘိဒါလေးပါး။** ။ဝိဘင်္ဂသုတ်၊အံ–၄၊ပါ–၄၇၉၊ဋ္ဌ–၃၅၀၊ [၁]အတ္ထပဋိသမ္ဘိဒါ၊ [၂]ဓမ္မပဋိသမ္ဘိဒါ၊ [၃]နိရုတ္တိပဋိသမ္ဘိဒါ၊ [၄]ပဋိဘာနပဋိသမ္ဘိဒါ၊ ။ပဋိသမ္ဘိဒါပတ္တသုတ်၊ အံ–၅၊ ပါ–၉၉၊ ဋ္ဌ–၃ဂ။ ။သီတင်းသုံးဘော်တို့ ချစ်ကြောင်း မုန်းကြောင်းအင်္ဂါများကိုဟောထား၏၊ ဥဒါန–ဋ္ဌ–၁၂၀။ ။ဣတိ၊ ဋ္ဌ–၁၁ဂ။ ။ပဋိသမ္ဘိဒါဉာဏနိဒ္ဒေသ၊ပဋိသံ၊ ပါ–ဂ၅၊ ဋ္ဌ–ပ–အုပ်–၂၇၆၊ ပါ–၁၁၅၊ ဋ္ဌ–၃၄၄။ ။မိလိန္ဒ၊ ပါ–၃၂၂၊ အကျယ်။ ။ပဋိသမ္ဘိဒါဝိဘင်္ဂ၊ အဘိ–၂၊ ပါ–၃၀၇၊

ဋ္ဌ-၃၇၀။ ။ပါ-၃၄၄၊ဋ္ဌ-၄၀၁။ ။နိရုတ္တိပဋိသမ္ဘိဒါ၊ပေဋကၢ၊ပါ-၂၃၀။ ။အံ-၁၊ ပါ-၂၂၊ ဋ္ဌ-၉၃။ ။ပဋိသမ္ဘိဒါကထာ၊ (ခမ္မစက္ကပ္ပဝတ္တနဝါရ)။ ပဋိသံ၊ ပါ-၃၂၉၊ ဋ္ဌ-၃-အုပ်-၂၁၄။ ။ငုင်းလေးပါးရလွယ်သောအကျင့်ကိုဟောသော ပဋိသမ္ဘိဒါသုတ်၊(ပ-၃)၊အံ-၇၊ ပါ-၄၂၂၊ ဋ္ဌ-၁၆၂။ ။စင်ကြယ်ကြောင်း ၅-ပါး၊ ပဋိသံ၊ ပါ-၄၊ ဋ္ဌ-ပ-အုပ်-၆၊ ၃၃၊ ၅၂။ ။ငုင်းလေးပါးစင်ကြယ်စေရန် အကြောင်းများ ဝိသုဒ္ဓိ၊ ၃-အုပ်-၇၀၊ ၇၂။ ။မဟာနိ၊ ပါ-၁၀၀၊ ဋ္ဌ-၂၉၇၊ ဂ။ ။ ပဋိသမ္ဘိဒါပ္ပတ္တသ အပ္ပဋိဘာနံနာမ နတ္ထိ၊ အံ-၉၊ ဋ္ဌ-၂၆၀၊ ပါ-၁၇၀။ ။ပဋိသမ္ဘိဒါမဂ္ဂပါဠိကို အသျှင်သာရိပုတ္တရာထေရ်ဟောတော်မူကြောင်းရှင်းပြချက်၊ ပဋိသံ၊ ဋ္ဌ-ပ-အုပ်-ဂ။

(၁) အတ္ထပဋိသမ္ဘိဒါ—အကြောင်းကြောင့် ဖြစ်းပေါ်လာသော အကျိုးတရားစု၊ နိဗ္ဗာန်၊ ပါဠိ၏ အနက်သဘော၊ ဝိပါက်စိတ်၊ ကြိယာစိတ်၊ဤတရား ၅-ပါးစု၌ သိသောဉာဏ်သည် အတ္ထ ပဋိသမ္ဘိဒါဉာဏ်မည်၏။

(၂) ဓမ္မပဋိသမ္ဘိဒါ—အကျိုးကိုဖြစ်စေတတ်သော အကြောင်းတရားစု၊ အရိယာမဂ်လေးပါး၊ ပါဠိအစဉ်၊ ကုသိုလ်၊ အကုသိုလ်၊ ဤတရား ၅-ပါးစု၌ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏၊

(၃) နိရုတ္တိပဋိသမ္ဘိဒါ—ဆိုခဲ့ပြီးသော အတ္ထ ၅-မျိုး၊ ဓမ္မ ၅-မျိုးတို့နှင့်ဆိုင်ရာ သဒ္ဒါ-ပုဒ်ပါဌ် စသောဆယ်ပါး၌ သိသောဉာဏ်သည် နိရုတ္တိ ပဋိသမ္ဘိဒါမည်၏။

(၄) ပဋိဘာနပဋိသမ္ဘိဒါ—ဆိုခဲ့ပြီးသော ပဋိသမ္ဘိဒါ သုံးပါးလုံးကို ထူးထွေကွဲပြား ပိုင်းခြားဝေဘန်၍ သိသောဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါမည်၏။

**ပဏ္ဍိတမည်ပုံဂါထာ။** ။ဇာတိ၊ ပါ-၂၀၆၊ ဋ္ဌ-၇၇။ ။သဂါထာ၊ သံ၊ပါ-ဂ၇၊၉၀၊ ဋ္ဌ-၉။ ။အံ-၅၊ပါ-၄၂။ ။အံ-၁-ဋ္ဌ-၉။ ။ဥဒါန်၊ ဋ္ဌ-၁ဂ။ ။ပဏ်၊ ၁-ဋ္ဌ-ပ-အုပ်-၉။ ။ဒီဃ၊၁-ဋ္ဌ-၃၂။ ။ဝိ၊၁-ဋ္ဌ-ပ-အုပ်-ဂဂ။ ။ဓမ္မ၊ ဋ္ဌ-၃-အုပ်-၂၄၂။ ။အဘိ-၁၊ ဋ္ဌ-၁၀၀။ ။အံ-၄၊ ပါ-၃၅၅၊ ဋ္ဌ-၃၀၄၊ ဂါထာ။ ။ပါ-၄၉ဂ၊ ဋ္ဌ-၃၆၀၊ ပဏ္ဍိတ၊မဟာပညာမည်ပုံ။ ။ပညာဝန္တမည်ပုံ၊ဇာတက၊ ပါ-၃-အုပ်-၉၊ဋ္ဌ-

မ—အုပ်—၁၅၅။ ။ပညာဝါမည်ပုံ၊ ပဏ်—၁၊ ပါ—၃၆၆၊ ဋ္ဌ—ဒု-အုပ်—၂၃၉။ ။ပဏ္ဍိတမည်ပုံဂါထာကား။—

ဒိဋ္ဌေ ဓမ္မေစ ယော အတ္ထော၊ ယော စတ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတောတိ ပဝုစ္စတီတိ။

**ပဏ္ဍိတပုဒ်နှင့်စပ်၍ မှတ်သားဘွယ်များ။** ။အံ—၃၊ ပါ—၁၀၀၊ ဋ္ဌ—၇၀၊ အကျယ်။ ။၄၊ ပါ—၄၉၈။ ။ပဏ္ဍိတဝဂ်၊ ဓမ္မ—ဋ္ဌ—ပ—အုပ်—၃၄၆ မှ ၃၈၁—အထိ။ ။အရကောက်၊သုတ္တ—ပါ—၃၁၉၊ဋ္ဌ—ဒု—အုပ်—၁၂။ ။ခုဒ္ဒက၊ ပါ—၃၊ ဋ္ဌ—၁၀၇။ ။ဝိဂ္ဂဟ၊သုတ္တ—ဋ္ဌ—ဒု—အုပ်—၁၅၄၊ ပါ—၃၅၉။ ။ထေရ၊ ဋ္ဌ—ပ—အုပ်—၄၇။ ။သုသိမသုတ်၊ သဂါထာ—သံ—ပါ—၆၂၊၆၃၊ဋ္ဌ—၁၁၀။ ။ပဏ္ဍိတတို့မှာ လူနတ်ဖြစ်သော် အထက်တန်းစား၌ ဖြစ်တတ်ကြောင်း၊ ပဏ်—၃—ပါ—၂၁၅၊ဋ္ဌ—၁၆၃။ ။ပဏ္ဍိတမည်ကြောင်း လေးပါး၊ ပါ—၇၅၊ ၁၀၇၊ဋ္ဌ—၅၆။ ။သဠာ—သံ—ဋ္ဌ—၃၄၊ ဓာတုကုသလတာ၊ အာယတနကုသလတာ၊ ပဋိစ္စသမုပ္ပါဒကုသလတာ၊ ဌာနာဋ္ဌာနကုသလတာ။ ။ပဏ်—၁—ပါ—၁၆၁၊ ဋ္ဌ—ပ—အုပ်—၃၈၂။ ။ပဏ္ဍိတာနံ ပန နိဂဏ္ဌဝါဒေါဝါ အညောဝါ ဘာရတ ရာမ သီတာဟရဏာဒိ နိရတ္ထကကထာ မဂ္ဂေါ အပ္ပိယောဝ ဟောတိ၊ ပဏ်—၂—ပါ—၄၈၊ ဋ္ဌ—၆၇။ ။ပဏ္ဍိတတို့ ကိုယ့်ကိုယ်ကို စောင့်ရှောက်ပုံများ၊ အံ—၂—ပါ—၈၈၊ ၈၉၊ ဋ္ဌ—၅၉၊ ၆၀။ ။ပဏ္ဍိတတို့ ပညတ်ထားသောအရာ ၃-မျိုး၊ ပဏ္ဍိတသုတ်—အံ။ ။ပဏ္ဍိတတို့ ပကတိသဘောထား၊ ပေါတလိယသုတ်—အံ။ ။ပဏ္ဍိတာနာမ ခန္တိဗလာ ဘဝန္တိ၊ နကောဓဗလာ၊ ဇာတက၊ ဋ္ဌ—စ—အုပ်—၃၁၃။

**ပဏ္ဍိတ အမျိုးမျိုးခွဲပြခဏ်း။** ။အပြစ်ကိုမြင်သူ၊ အပြစ်ရှိသည်ကို တောင်းပန်က ကြေနပ်သူကို ပဏ္ဍိတဟု ဟောထားသော အစ္စယသုတ်၊ သဂါထာ—သံ—ပါ—၂၄၁၊ ဋ္ဌ—၃၂၅။ ။အံ—၂—ပါ—၆၁၊ ဋ္ဌ—၂၅။ ။အံ—၄—ပါ—၃၀၉၊ ဋ္ဌ—၂၅၀၊ ခတသုတ်၊ (ပ-ဒု)၊ ကဲ့ရဲ့သင့်သူကို ကဲ့ရဲ့ခြင်း၊ ချီးမွမ်းသင့်သူကို ချီးမွမ်းခြင်း၊ မကြည်ညိုသင့်သောအရာ၌ မကြည်ညိုခြင်း၊ ကြည်ညိုသင့်သောအရာ၌ကြည်ညိုခြင်း၊ ဤလေးမျိုးနှင့် ပြည့်စုံသူကို ပဏ္ဍိတဟု ဟောထား၏။ ။အံ—၄—ပါ—၅၅၀၊ ၅၅၁၊ ဋ္ဌ—၃၉၀၊ ဒိဋ္ဌိသုတ်၊ ကာယသုစရိတ၊ ဝစီသုစရိတ၊ မနောသုစရိတ၊ သမ္မာဒိဋ္ဌိ။ ။ကမ္မသုတ်၊ ပါ—၅၇၅။ ။ဒုတိယခတသုတ်၌ မှတ်သားဘွယ် ဂါထာများပါ၏။ ။ဒုတိယဥရုဝေလသုတ်၊ ၄—ပါ—၃၃၀၊ ဋ္ဌ—၂၆၆၊ ကာလဝါဒီ၊ ဘူတဝါဒီ၊

အတ္တဝါဒီ၊ ဓမ္မဝါဒီ၊ ဝိနယဝါဒီ၊ နိဓာနဝတီ ဝါစံ ဘာသိတာ။ ။ပဏ္ဍိတ တမျိုးမျိုးကို ဟောထားပုံ၊ အံ—၂—ပါ—၀၃၊ ဌ—၅၆။ ။အံ—၃—ပါ—၁၀၁—မှ—၁၀၃—အထိ၊ ဌ—၇၁၊ ၇၂။

**ပဏ္ဍုပလာသဥပမာ ပုဒ်အဖွင့်။** ။မဟာနိ—ပါ—၁၆၊ ဌ—၇၆။ ။ဒီဃ—၃—ပါ—၂၂၄၊ ဌ—၂၃၄။ ။အံ—၄—ဌ—၃၀၀။

**ပဏ္ဍုကမ္ဗလာ။** ။(သိကြားမင်း၏ နေထိုင်ရာ)၊ ၎င်း၏ အတိုင်းအတာကို ပြဆိုခဏ်း၊ ဓမ္မ—ဌ—ပ—အုပ်—၁၁၊၁၇၃။ ။ပဏ္ဍုကမ္ဗလသိလာယန္တိ ရတ္တကမ္ဗလ သဒိသပါသာဏပိဋ္ဌေ—ဟု ဖွင့်ပြထားပုံ၊ မဟာနိ—ဌ—၃၀၇၊ ပါ—၃၅၂။

**ပတ္တနိကုဇ္ဇနသုတ်။** ။အံ—၀—ပါ—၁၅၀၊ ဌ—၂၅၄။ ။ဝိ—၄—ပါ—၂၆၂၊ ၂၆၃၊ ဌ—၅၁။ ။သင်္ဂဟ—ဌ—၄၁၀၊ ရဟန်းတို့က လူတို့အပေါ် သပိတ်မှောက်ထိုက်သော အင်္ဂါ ၀-ပါးကို ဟောထား၏။ ။(ပတ္တနိကုဇ္ဇနကံ)။

**ပတ္တနာ ၂-မျိုး။** ။(တောင့်တခြင်း၊ တဏှာပတ္တနာ၊ ဆန္ဒပတ္တနာ)၊ ပဋ်—၁—ပါ—၅၊ ဌ—ပ—အုပ်—၄၃။ ။ဇာတိ—ပါ—၂၀၁၊ ဌ—၅၀။

**ပထဝီဝါရဝဏ္ဏနာ။** ။ပဋ်—၁—ပါ—၁၊ ဌ—ပ—အုပ်—၂၆၊ ၂၇။ ။ပထဝီ လေးမျိုး၊ ဗုဒ္ဓ—ပါ—၃၀၀၊ ဌ—၄၄။ ။အဘိ—၂—ပါ—၀၄၊ ဌ—၅၂၊ (ဓါတ်ကြီးလေးပါးခဏ်း၌လည်း ရေးခဲ့ပြီ)။

**ပဒုမဗုဒ္ဓဝံသ ဝဏ္ဏနာ။** ။ဗုဒ္ဓ—ပါ—၃၃၀၊ ဌ—၂၁၁၊ ၀-လ—ဒုက္ကရစရိယာ ကျင့်တော်မူရကြောင်း၊ ၎င်းဘုရားရှင် ကိုယ်တော်တိုင် ကူညီ၍ ကထိန်သင်္ကန်းကို ချုပ်ပေးတော်မူပုံ၊ ဌ—၂၁၃။ ။ဓါတ်တော်များ ပြန့်နှံ့၍ တည်ခဲ့ကြောင်း၊ ပါ—၃၄၀။ ။ဇာတက—ဌ—ပ—အုပ်—၄၄။ ။အပ—ဌ—ပ—အုပ်—၄၅။ ။အဘိ—၁—ဌ—၆၃။

**ပဒုမုတ္တရဗုဒ္ဓဝံသ ဝဏ္ဏနာ။** ။ပဋ်—၂—ဌ—၁၉၉။ ။နိဒါန—သံ—ဌ—၀၃။ ။အံ—၁—ဌ—၁၀၆၊ ၂၂၄။ ။အပ—ဌ—ပ—အုပ်—၄၆။ ။ဒီဃ—၂—ဌ—၇၀၊၇၉။ ။အဘိ—၁—ဌ—၆၄။ ။ဇာတက—ဌ—ပ—အုပ်—၄၅။ ။ထေရ—ဌ—ပ—အုပ်—၃၅၊ အညွန်း။ ။၎င်း၏ ဓါတ်တော်ကို စေတီတည်ကြပုံ၊ ၃၉၄—အညွန်း။ ။စေတီတော်ကို ပူဇော်ကြပုံအကျယ်၊ အပ—ပါ—ပ—အုပ်—၇၀၊၇၉၊၀၀။ ။ပါ—ဒု—အုပ်—၂၆၀။ ။တန်ခိုး

တော်၊ ပါ—၃—အုပ်—၁၇၉။ ။ဗုဒ္ဓ—ပါ—၃၄၃၊ ဋ္ဌ—၂၂၆၊၇—ရက်သာ ကျင့်ရကြောင်း၊ ၁၂—ယူဇနာ တိုင်တိုင် ကိုယ်ရောင်တော် (ပကတိ) အမြဲထွန်းလင်းတော်မူကြောင်း၊ ပြာသာဒ်ယာဉ်ပုံဖြင့် တောထွက်တော်မူကြောင်း ဖွင့်ပြထား၏။ ။သို့ဘုရားရှင် လက်ထက်တော်၌ တိတ္ထိတို့မရှိကြကြောင်း၊ အနည်းငယ်ရှိသော်လည်း လူတို့က မပြုစုကြကြောင်း၊ ဗုဒ္ဓ—ပါ—၃၄၄၊ ဋ္ဌ—၂၃၁၊ ၂၃၂၊ တိတ္ထိတို့လည်း ဘုရားရှင် ရှေ့တော်ရောက်လျှင် အနည်းဆုံး ၅—ပါးသီလတည်ကြကြောင်း။ ။အပ—ပါ—၃—အုပ်—၁၂၂၊ ၁၃၁၊ ၁၃၇၊ ၁၃၉။ ။ထေရ—ဋ္ဌ—ပ—အုပ်—၃၅၊ ၅၁။ ။၃—အုပ်—၇၉။

**ပဒုမဒေဝီမိဖုရားဝတ္ထု**။ ။အကျဉ်း၊ ဥဒါန—ဋ္ဌ—၂၆၄။ ။၎င်း၏ သား ငါးရာအမည်များ၊ ပဏ်—၃—ပါ—၁၁၃၊ ဋ္ဌ—၉၀။ ။ထေရီ—ဋ္ဌ—၁၉၁။ ။ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ပဒုမ္မာကြာပန်းပေါက်ပေးရသူ။ (ဥပ္ပလဝဏ် ထေရီ အလောင်းဖြစ်၏)။

**ပဒုမရဲသက်ကို ပြဆိုခဏ်း**။ ။ကောကာလိကရဟန်းကျရောက်သောငရဲ၊ ၎င်းငရဲမှာ သီးခြားမဟုတ်ဘဲ အဝီစိငရဲတွင် ပါဝင်ကြောင်း ဖွင့်ပြထား၏။ အံ—၁၀—ပါ—၃၉၅၊ ဋ္ဌ—၃၂၉။ ။သုတ္တ—ပါ—၃၀၁၊ ဋ္ဌ—၃—အုပ်—၁၉၇။ ။ခုဒ္ဒ—ပါ—၁၁၁၊ ဋ္ဌ—၂၂၇။ ။ပါ—၁၅၃၊ ဋ္ဌ—၂၅၉။ ။(ကောကာလိက—ခဏ်း၌လည်း ရေးခဲ့ပြီ။)

**ပဒုမံယထာကောကနဒံ သုဂန္ဓံစသောဂါထာ**။ ။သဂါထာ—သံ—ပါ—၇၁၊ ဋ္ဌ—၁၃၉။ ။အံ—၅—ပါ—၂၀၉၊ ဋ္ဌ—၇၁။ ။ဓမ္မ—ဋ္ဌ—ပ—အုပ်—၁၅၅။ ။(စူဠပန္ထကမထေရ်ဝတ္ထုတိုင်း၌ ပါရှိ၏)။

**ပဓာနတရား ၄—ပါး**။ ။သံဝရသုတ်၊ အံ—၄—ပါ—၃၂၃၊ ဋ္ဌ—၂၆၀။ ။ပဓာနသုတ်၊ ပါ—၃၇၅၊ ဋ္ဌ—၃၁၇၊ မှတ်သားဘွယ်ဂါထာ။ ။သံဝရသုတ်အလို—

(၁) သံဝရပ္ပဓာန—ဣန္ဒြေ ၆—ပါး လုံခြုံအောင် အားထုတ်ခြင်း။
(၂) ပဟာနပ္ပဓာန—ဝိတက်ဆိုးသုံးပါးကို ပယ်နိုင်အောင် အားထုတ်ခြင်း။
(၃) ဘာဝနာပ္ပဓာန—ဗောဇ္ဈင် ၇-ပါးကို ပွားများအားထုတ်ခြင်း။
(၄) အနုရက္ခဏာပ္ပဓာန—သမာဓိ နိမိတ်ကောင်းကို မပျက်စီးရအောင် စောင့်ရှောက်ခြင်း။

ပဓာနသုတ်အလိုကား—သမ္မပ္ပဓာန် လေးပါးပင်တည်း။ ။ပဓာနသုတ်၊ အံ-၄-ပါ-၃၀၀၊ ဋ္ဌ-၃၁၀၊ သီလဝါ၊ ဗဟုဿုတ၊ အာရဒ္ဓဝီရိယ၊ ပညဝါ၊ လေးပါး။ ။ဒီဃ-၃-ပါ-၁၀၉၊ ဋ္ဌ-၂၀၂၊ အကျယ်။ ။ ပဓာနအလုပ်ကို အားမထုတ်နိုင်၊ အားထုတ်နိုင်သောကာလကိုပြဆိုချက်၊ အံ-၅-ပါ-၅၀၊ ဋ္ဌ-၂၇။ ။ပဓာနပုဒ်ဝိဂ္ဂဟ၊ ဇုတိ-ဋ္ဌ-၁၁၀၊ ပါ-၂၁၆။ ။ပဋိသံ-ဋ္ဌ-၃-အုပ်-၇၀။

**ပဓာနိယင်္ဂကထာ။** ။ပဓာနိယအင်္ဂါလေးပါးကိုဟောသော သာမုဂိယသုတ်၊ အံ-၄-ပါ-၅၁၅၊ ဋ္ဌ-၃၆၆၊ သီလပါရိသုဒ္ဓိ၊ စိတ္တပါရိသုဒ္ဓိ၊ ဒိဋ္ဌိပါရိသုဒ္ဓိ၊ ဝိမုတ္တိပါရိသုဒ္ဓိ၊ လေးပါး။ ။သမယသုတ်၊ အံ-၅-ပါ-၅၀၊ ဋ္ဌ-၂၇၊ ပဓာနအလုပ်ကို အားမထုတ်နိုင်သောကာလမှာ၊ ဇိဏ္ဏ-ဗျာဓိ-ဒုဗ္ဘိက္ခ-ဘယ၊ သံဃဘိန္န ၅-မျိုး။ ။အားထုတ်နိုင်သော ကာလမှာ-ဒဟရ၊ အပ္ပါဗာဓ၊ သုဘိက္ခ၊ မနုဿသမဂ္ဂ၊ သံဃသမဂ္ဂ။ ။သေနာသနသုတ်၊ အံ-၁၀-ပါ-၂၆၀၊ ဋ္ဌ-၂၀၉၊ သဒ္ဓ၊ အပ္ပါဗာဓ၊ အသဌအမာယာဝီ၊ အာရဒ္ဓဝီရိယ၊ ပညဝါ။ ။ပဓာနိယအင်္ဂါ ၅-ပါး၊ ဒီဃ-၃-ပါ-၁၉၀၊ ဋ္ဌ-၂၁၂။ ။ပါ-၂၃၂။ ။အံ-၅-ပါ-၅၇၊ ဋ္ဌ-၂၆၊ ပဓာနိယင်္ဂသုတ်။ ။ပဏ္ဏ-၂-ပါ-၂၉၀၊ ဋ္ဌ-၂၂၅။ ။ပါ-၃၂၉၊ ဋ္ဌ-၂၄၆။ ။ ပဓာနိယအင်္ဂါ ၉-ပါး၊ ဒီဃ-၃-ပါ-၂၅၂၊ ဋ္ဌ-၂၄၇။ ။ဝိသုဒ္ဓိ ၇-ပါးနှင့် ပညာဝိသုဒ္ဓိ၊ ဝိမုတ္တိဝိသုဒ္ဓိ ၂-ပါးထည့် ၉-ပါးဖြစ်၏။ ။ ပဋိသံ-ပါ-၂၇၊ ဋ္ဌ-ပ-အုပ်-၁၁၉၊ ဤ ၂-ဌာနစလုံး တရားအားထုတ်သူတို့ ပြည့်စုံရသော အင်္ဂါများတည်း။

**ပပဉ္စတရား ၃-ပါး။** ။သမနုပဿနာသုတ်၊ ခန္ဓ-သံ-ပါ-၃၀၊ ဋ္ဌ-၂၄၀၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ချဲ့ထွင်တတ်သောတရားသုံးပါးဟူလို။ ။ပပဉ္စာနာမ ရာဂါဒယော ကိလေသာ-ဟု ဖွင့်ပြထားပုံ၊ ထေရ-ဋ္ဌ-၃-အုပ်-၃၄၄၊ ပါ-၃၃၆။ ။မဟာနိ-ပါ-၂၆၇၊ ဋ္ဌ-၃၂၀။ ။ဒီဃ-၂-ပါ-၇၊ ဋ္ဌ-၁၀။ ။ပါ-၂၂၁၊ ဋ္ဌ-၃၁၃။ ။နေတ္တိ-ပါ-၃၂၊ ဋ္ဌ-၁၀၁၊ ပပဉ္စာနာမ တဏှာဒိဋ္ဌိမာနာ တဒဘိသင်္ခတာစ သင်္ခါရာ-ဟု ဟောထားပုံ။ ။ ပပဉ္စတရားတို့ စွဲလမ်းပုံကိုပြသောဂါထာ၊ ပဏ္ဏ-၁-ဋ္ဌ-ပ-အုပ်-၄၁။ ။ ပထဝီစသည်၌ ပပဉ္စတရားတို့ဖြင့် စွဲလမ်းပုံ၊ ပဏ္ဏ-၁-ပါ-၁၊ ဋ္ဌ-၂၇၊ ၄၁။ ။ပပဉ္စတရားတို့ဖြင့် မစွဲလမ်းရန်ဟောထားသော ယဝကလာပိသုတ်၊ သဠာ-သံ-ပါ-၄၀၅၊ ဋ္ဌ-၁၁၄။ ။၎င်းပပဉ္စတရားကိုပယ်ရန်၊ အံ-၃-ပါ-၁၃၁၊ ဋ္ဌ-၁၀၀။ ။ပပဉ္စက္ခယသုတ်၊ ဥဒါန-ပါ-၁၇၃၊

တောင်ကွန်းထားပြန်ပွားရေးဦးစီးဌာန
စာကြည့်တိုက်
၂၁၄၉၁
စာအုပ်စဉ်—ရန်ကုန်

ဌ္ဌ–၃၃၀၊ ဤ၌ ရာဂ-ဒေါသ-မောဟ သုံးပါးနှင့် ပပဉ္စတရား ၆-ပါး ဟောထား၏။ ။ပပဉ္စာရာမ၊ ပပဉ္စရတပုဒ်အဖွင့်၊ ပဏ်–၁–ပါ–၉၃၊ ဌ–ပ–အုပ်–၃၁၆။

**ပမာဏ ကရဏတရား။** ။တိုင်းတာခြင်းကို ပြုတတ်သော၊ (ဝါ)တိုင်းတာ၍ လွယ်ကူသော တရားဟူလို။ (ရာဂ-ဒေါသ-မောဟ)၊ တိမ်ရောင်နှင့် နက်သောရေအိုင်ဥပမာ၊ ပဏ်–၁–ပါ–၃၇၁၊ ၂၊ ဌ–၃–အုပ်–၂၅၃။ ။ ပဋိသံ–ပါ–၃၁၁၊ ဌ–၃–အုပ်–၂၀၆၊ (အပ္ပမာဏပုဒ်အဖွင့်၌လည်း ရှိ၏။)

**ပမာဒဝိဟာရီသုတ်။** ။သဠာ–သံ–ပါ–၃၀၀၊ ဌ–၃၀၊ ဣန္ဒြေမစောင့်စည်းလျှင် ပမာဒဝိဟာရီမည်ကြောင်း၊ မဂ်ဖိုလ်လည်း မရနိုင်ကြောင်း ဟောထား၏။ ။ပမာဒပုဒ်အဓိပ္ပါယ်၊ အံ–၁၀–ပါ–၁၀၊ ဌ–၅၆။ ။ ပမာဒဝဂ္ဂ၊ အံ–၁–ပါ–၁၄၊ ၁၆၊ ဌ္ဌ–၆၅၊ မေ့လျော့ခြင်း၏ အပြစ်များကို ဟောထား၏။ ။စူဠနိ–ပါ–၂၆၊၂၇၊ဌ–၃၂၅၊ ။ပမာဒနိဒ္ဒေသ၊ အဘိ–၂–ပါ–၃၀၊ ၁၉၁၊ ၃၆၃၊ ဌ–၄၅၀။ ။ပမာဒ၏ အကြောင်း ၂–ပါး၊ (တဏှာ-အဝိဇ္ဇာ) နေတ္တိ–ပါ–၃၅၊ ဌ–၁၀၅။ ။အပြစ်ပြ ဂါထာများ၊ ဇာတက–ပါ–ပ–အုပ်–၃၉၇၊ ဌ–မ–အုပ်–၁၀၄။ ။ ဉာတိ–ဌ္ဌ–၇၆။ ။စရိယာ–ဌ–၃၂၅၊ အညွှန်းများ၊ (အပ္ပမာဒပုဒ်နှင့် တွဲလျက် ပြထားသည်လည်း ရှိတတ်၏။)

**ပရဒါရကံကျူးလွန်ပြစ်ကိုပြဆိုခဏ်း။** ။ဂါထာများ၊ ဓမ္မ–ဌ–၃–အုပ်–၃၀၀။ ။ခေမကသေဋ္ဌိပုတ္တဝတ္ထု၊ ၎င်းကံကြောင့် ပြိတ္တာဖြစ်ကြရသော ကောသလမင်းကြီး၏ သားနှစ်ယောက်၊ ကုမာရပေတဝတ္ထု၊ ပါ–၂၁၀၊ ဌ–၂၄၃။ ။ဣသိဒါသီထေရီ၊ ထေရီ၊ ပါ–၂၄၇၊ ဌ–၂၇၅၊ ဂါထာများ။ ။အပ–ဌ္ဌ–ပ–အုပ်–၁၇၉၊ကြောက်မက်ဘွယ်ရာ မိန်းမ ဖြစ်ပြန်သော် ၎င်းမိန်းမကို လင်ဖြစ်သူက မချစ်နှစ်သက်ခြင်း ပြစ်ပယ်ထားခြင်းမှာ လည်း ၎င်းကံလွန်ကျူးပြစ်ဟု ဖွင့်ပြထား၏။ ။သုတ္တ၊ပါ–၂၀၅၊ ဌ–ပု–အုပ်–၆၀။ ။ပစ္စေကဗုဒ္ဓါအလောင်း အပြစ်ခံရပုံ၊ မိန်းမဖြစ်ရခြင်းမှာ လည်း ၎င်းကံကြောင့်ဟု မိန့်ဆိုထားပုံ၊ ဓမ္မ–ဌ–ပ–အုပ်–၂၀၀။ ။ သသိသကသုတ်၊ နိဒါန–သံ–ပါ–၄၅၀၊ ဌ–၂၀၃၊ မစင်တွင်းထဲ ၎ုပ်နေရသောပြိတ္တာ။ ။ဝိ–၁၊ ပါ–၁၄၇၊ ဌ–၃–အုပ်–၉၉။ ။ဒု သ နု သော သေဋ္ဌေးသားလေးယောက်၊သေဋ္ဌိပုတ္တပေတဝတ္ထု၊ပါ–၂၁၆၊

ဋ္ဌ—၂၆၂၊ ပြိတ္တာမဟုတ်၊ ငရဲသားများဖြစ်ကြ၏။ ။၎င်းကံလွန်ကျူးသူတို့ ခံရသောငရဲ၊ ဇာတက—ပါ—ဒု—အုပ်—၆၄၊ ဋ္ဌ—မ—အုပ်—၂၈၆၊ ၂၉၃။ ။ပါ—၁၉၄၊ ဋ္ဌ—ဆ—အုပ်—၁၄၄။ ။ပါ—၂၇၂၊ ဋ္ဌ—သ—အုပ်—၁၄၂။ ။အသျှင်အာနန္ဒာထေရ်အလောင်း ရုစာမင်းသမီးက ပြန်ပြောပြပုံ၊ ပါ—ဒု—အုပ်—၂၆၆၊ ဋ္ဌ—သ—အုပ်—၁၂၇။ ။(ဒု သ န သော ခဏ်း၊ ကာမေသုမိစ္ဆာစာရခဏ်း၌လည်း ရေးခဲ့ပြီ)။

**ပရမဋ္ဌကသုတ်။** ။သုတ္တ၊ ပါ—၄၀၃၊ ဋ္ဌ—ဒု—အုပ်—၂၄၄၊ တိတ္ထိတို့၏ အယူဝါဒနှင့်စပ်၍ အချင်းချင်းငြင်းခုံကြသည်ကို ဖြေရှင်းဟောထား၏။ ။မဟာနိ၊ ပါ—၈၈၊ ဋ္ဌ—၂၁၁၊ တိတ္ထိတို့၏အယူဝါဒကို ပြဆိုခဏ်း။ ။ပါ—၇၈၊ ဋ္ဌ—၂၀၇။ ။ရဟန္တာတို့အား ချီးကျူးခဏ်းလည်းပါ၏။

**ပရမတ္ထဓမ္မတို့နှင့်စပ်၍ မှတ်သားဘွယ်များ။** ။အာရုံတခုတည်းဝယ် ပရမတ္ထဓမ္မတို့ စုပေါင်းဖြစ်ရာ၌ ဘုရားရှင်တို့သာလျှင် ခွဲခြား၍သိနိုင်ကြောင်း၊ ပဏ်—၁၊ ဋ္ဌ—ဒု—အုပ်—၂၄၅၊ (နေဝသညာနာသညာယတနခဏ်း၊ နာမ်ခဏ်းတို့၌လည်း ရေးခဲ့ပြီ)။ ။ပရမတ္ထတရား လေးပါးကို ဟီန၊ မဇ္ဈိမ၊ ပဏီတ ခွဲပြပုံ၊ သုတနသုတ်၊ မဟာ—သံ—ပါ—၂၆၀၊ ဋ္ဌ—၂၉၃။ ။ပရမတ္ထတရားတို့ အသီးအသီး လက္ခဏာများကိုပြဆိုခဏ်း၊ ဒီဃ—၁—ဋ္ဌ—၆၂၊ ၆၃။ ။(လက္ခဏာခဏ်း၌လည်းရှိ၏)။

**ပရိက္ခရာ ၈-ပါးဂါထာ။** ။အံ—၄—ဋ္ဌ—၃၈၀။ ။ပဏ်—၁—ဋ္ဌ—ဒု—အုပ်—၁၁၆။ ။၂—ဋ္ဌ—၂၃၁။ ။ဇာတက—ဋ္ဌ—ပ—အုပ်—၇၆။ ။ဗုဒ္ဓ—ဋ္ဌ—၃၃၃။ ။အပ—ဋ္ဌ—ပ—အုပ်—၇၈။ ။မဟာနိ—ဋ္ဌ—၄၀၉။ ။ဇာတက—ဋ္ဌ—တ—အုပ်—၃၅၆။ ။ဝိ—၁—ဋ္ဌ—ပ—အုပ်—၂၀၅။

၁။ သင်းပိုင်၊
၂။ ကောသီ၊
၃။ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်း၊ } သင်္ကန်းသုံးထည်။
၄။ သပိတ်၊
၅။ သင်ဓုန်းဒါး၊
၆။ အပ်နှင့် အပ်ချည်၊
၇။ ခါးပန်းကြိုး၊
၈။ ရေစစ်၊

၉။ အိပ်ရာခင်း၊၊ သို့မဟုတ်—ဖျာချောန။
၁၀။ နိသိဒိုင်၊ သို့မဟုတ်—သားရေနွယ်။
၁၁။ တောင်ဝှေး၊ သို့မဟုတ်—ဆီကျည်ဘူး။
၁၂။ ထီး၊ သို့မဟုတ်—ဘိနပ်။

တိစီဝရဥ္စ ပတ္တော စ၊ ဝါသိ သူစိ စ ဗန္ဓနံ။
ပရိဿာဝနေန အဋ္ဌေတေ၊ ယုတ္တယောဂဿ ဘိက္ခုနောတိ။ ။

ပဏ်—၁—ဋ္ဌ—ဒု—အုပ်—၁၁၆၊ပါ—၂၃၇၊ပရိက္ခရာ ၉-ပါး၊၁၀-ပါး၊ ၁၁-ပါး၊ ၁၂-ပါး၊ယူပုံလည်းပြထား၏။ ။အံ—၄—ဋ္ဌ—၃၇၀။ ။ဒီယ—၁—ဋ္ဌ—၁၇၄၊ ၁၇၅၊ ရဟန်းတို့၏ အသုံးအဆောင်များ။

**ပရိက္ခာရသဒ္ဒါ ဟောနိုင်သော ၃-နက်။** ။ဒီယ—၂—ဋ္ဌ—၂၃၇၊ ပါ—၁၇၅။ ။ပဋိသံ—ပါ—၄၅၊ ဋ္ဌ—ပ—အုပ်—၂၁၁။ ။ဝိသုဒ္ဓိ—ပ—အုပ်—၃၃။ ။မဟာနိ—ဋ္ဌ—၄၁၁၊ ပါ—၃၉၇။ ။ဝိ—၁—ဋ္ဌ—ဒု—အုပ်—၁၃၇၊ ပါ—၁၉၂။ ။(အလင်္ကာရ၊ ပရိဝါရ၊ သမ္ဘာရ၊ သုံးနက်)။ ။

**ရဟန္တာအသျှင်တို့ ခန္ဓာကိုယ်၌စိတ်ထားပုံ။** ။သဂါထာ–သံ–ဋ္ဌ–၁၁၆။ ။

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။

ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာတိ။

ထေရ–ပါ–၃၁၄၊ ဋ္ဌ–ဒု–အုပ်–၂၄၃။ ။ပါ–၃၄၅၊ ဋ္ဌ–၄၀၃။ ။ ပါ–၂၅၈၊ ဋ္ဌ–ပ–အုပ်–၄၀၇။ ။ပါ–၃၀၇၊ဋ္ဌ–ဒု–အုပ်–၂၁၇။ ။ သုတ္တ–ဋ္ဌ–ဒု–အုပ်–၁၅၁။ ။ဥဒါန–ဋ္ဌ–၁၅၀၊၃၈၈။ ။ဇာတ်–ဋ္ဌ– ၂၃၂။ ။မိလိန္ဒ–ပါ–၄၅။ ။နေတ္တိ–ဋ္ဌ–၈၄။ ။ဒီဃ–၂–ဋ္ဌ– ၃၉၉။

**ရဟန္တာအသျှင်တို့သေခြင်းကို မကြောက်လန့်ကြကြောင်း။** ။ဂါထာ၊မဟာနိ–ဋ္ဌ–၃၀၅။ ။အဇ္ဈတ္တေရဂါထာ၊ ထေရ–ပါ–၂၂၄၊ ဋ္ဌ–ပ–အုပ်–၉၁။ ။ပါ–၂၃၀၊ ဋ္ဌ–၁၄၀၊ ။ပါ–၂၅၇၊ ဋ္ဌ–၄၀၂။ ။ပါ–၃၂၀၊ ဋ္ဌ–၃–အုပ်–၂၆၆။ ။မိလိန္ဒ–ပါ–၂၀၄။ ။ဓမ္မ–ဋ္ဌ–၃–အုပ်–၃၄၀၊ ၄၀၆၊ ၄၅၂။ ။ဥဒါန်–ပါ–၁၃၂၊ ဋ္ဌ–၂၄၅။

**ရဟန္တာအသျှင်တို့ မလွန်ကျူးသောအရာများ။** ။သုတ္တဝါသုတ်၊ သဇ္ဈသုတ်၊ အံ–၉–ပါ–၁၇၇၊ ဂ၊ ဋ္ဌ–၂၆၅။ ။ဓမ္မ–ဋ္ဌ–ပ–အုပ်–၃၁၂။ ။ ဋ္ဌ–၃–အုပ်–၄၁၀။ ။လက်နက်ကိုစွန့်ပယ်ထားကြောင်း၊၄၁၆။ ။ဖရုသဝါစာကိုလည်း ပယ်စွန့်ထားကြောင်း၊ ၄၂၀၊ ဝါသနာကိုမူ မစွန့်ပယ်နိုင်ကြောင်း မိန့်ဆိုထား၏။ ။ဗြာဟ္မဏဝဂ္ဂအကုန်၊ဓမ္မ–ဋ္ဌ–၃–အုပ်–၃၉၃–မှ–၄၅၄–အထိ။ ။ကာမဂုဏ်မခံစားတော့ကြောင်း၊အပ–ဋ္ဌ–၃–အုပ်–၂၇၃။ ။မိစ္ဆာဇီဝအမှုများကိုလည်း မဂ်ဖြင့်ပယ်ထားပြီးဖြစ်ကြောင်း၊ ဥဒါန်–ဋ္ဌ–၁၅၀၊ ။သိက္ခာပုဒ်များကိုလည်း အသက်နှင့်လဲ၍စောင့်ရှောက်တော်မူကြကြောင်း၊ ထေရ–ဋ္ဌ–၃–အုပ်–၁၄၀၊ပါ–၂၉၃၊ ။ဒီဃာသဝေါ တာဝ လောကဝဇ္ဇံ နာပဇ္ဇတိ၊ ပဏ္ဏတ္တိဝဇ္ဇမေဝအာပဇ္ဇတိ၊ အံ–၃–ဋ္ဌ–၂၁၆၊ပါ–၂၃၄။ ။ဒီဃ–၃–ဋ္ဌ–၁၇၅။ ။ဒီဃာသဝ အဘဗ္ဗဋ္ဌာနဝဏ္ဏနာ၊ ဒီဃ–၃–ပါ–၁၀၀၊ဋ္ဌ–၉၆။ ။အာရုံ ၆-ပါး၌ သောမနဿ ဒေါမနဿ မဖြစ်တော့ဘဲ ဥပေက္ခာသာဖြစ်တော့ကြောင်း၊ အံ–၄–ပါ–၅၁၉၊ဋ္ဌ–၃၆၀။ ။တုဝဋ္ဋကသုတ်၊ သုတ္တ–ပါ–၄၂၁၊ဋ္ဌ–၃–အုပ်–၂၇၇။ ။ရဟန္တာဖြစ်ရန် ကျင့်စဉ်ကိုလည်း ဟောထားတော်မူ၏။ ။မဟာနိ–ပါ–၂၆၃၊ဋ္ဌ–၃၂၆၊ ။စေတသိကဒုက္ခလည်းမရှိတော့ကြောင်း၊ ဓမ္မ–ဋ္ဌ–ပ–အုပ်–၃၀၃၊ ။ဥဒါန်–ဋ္ဌ–၁၄၇၊ ပါ–၁၀၀၊ ။ထေရ–ပါ–၃၂၀၊ ဋ္ဌ–၃–အုပ်–၂၆၆။ ။မိလိန္ဒ ပါ–၄၄၊ ။ဒကာ-ဒကာမ-ပစ္စည်း၌လည်း မကပ်ငြိတော့ကြောင်း၊ဓမ္မ-ဋ္ဌ–ပ–အုပ်–၃၀၅။ ။ပစ္စယသံယုတ္တကထာကိုလည်း မပြောဆိုတော့ကြောင်း၊ ၃၀၀။ ။ဆီ-ဆန်-စသည်ကို သိုမှီး၍ပင် မသုံးဆောင်တော့ကြောင်းမိန့်ဆိုထားပုံ၊ ပဏ–၂–ဋ္ဌ–၁၆၂၊ပါ–၁၉၂၊ အခြားဂိလာန စသည်တို့အတွက်ကား သိုမှီးထားသေး၏။ ။(မဂ်ပယ်သောကိလေသာ အခဏ်း၌ရှင်း၊ အရိယာခဏ်း၌ရှင်း တွဲလျက်ပြထားတတ်၏)။

**ရဟန္တာဟုတ်,မဟုတ်စီစစ်ရန်။** ။ညွှန်ကြားချက်များ၊ စီစစ်ရန်အချက်ကြီး ၆-ချက် ဟောထားတော်မူပုံ၊ဆဗ္ဗိသောဓနသုတ်၊ပဏ–၃–ပါ–၇၉၊ဋ္ဌ–

၆၂၊ ဌ—၅ ခေတ်သစ်နည်းဖြင့် စမ်းသပ်ချန်လည်း ညွှန်ပြထား၏။ ။ ဌ—၄၄။ ။မိမိကိုယ်ကို ရဟန္တာဟုအထင်ရှိနေသော မဟာနာဂမထေရ်ကို တပည့်ဓမ္မဒိန္နထေရ်ကလာ၍ သတိပေးခဏ်း၊ အဓိမာန နိဒ္ဒေသ၊ အဘိ—၂—ဌ—၄၇၀၊ ပါ—၃၇၀။ ။ရဟန္တာမဟုတ်ပါဘဲလျက် ရဟန္တာဟုထင်အောင် ကြံဖန်လိမ်နေကြသော အိုးစရည်းရဟန္တာနှင့် သစ်မြစ်ပျဉ်းရဟန္တာ ၂-ဦးဝတ္ထု၊ ဌ—၄၅၀၊ ပါ—၃၆၄။ ။ကြောက်လန့်ခြင်းရှိ,မရှိဖြင့် အကဲခတ်ပုံ၊ ဝိသုဒ္ဓိ—ဒု—အုပ်—၂၇၀၊ ၂၇၁၊ မဟာနာဂမထေရ်ကြီးပင်တည်း။ ။ဝိ—၁—ဌ—အုပ်—၀၃။ ။သင်္ဂဟ—ဌ—၃၁၀၊ အကဲခတ်နည်းများ။

**ရဟန္တာအသျှင်တို့စိတ်သဘောထား။** ။ရဟန္တာအသျှင်တို့၏ နှလုံးသွင်း ၆-မျိုး၊ အံ—၆—ပါ-၃၃၁၊ ဌ—၁၂၅၊ သောဏသုတ်၊ ၁နေက္ခမ္မာဓိမုတ္တ၊ ၂ပဝိဝေကာဓိမုတ္တ၊ ၃အဗျာပဇ္ဇာဓိမုတ္တ၊ ၄တဏှာက္ခယာဓိမုတ္တ၊ ၅ဥပါဒါနက္ခယာဓိမုတ္တ၊ ၆အသမ္မောဟာဓိမုတ္တ။ ။ဝိ—၃—ပါ-၂၇၀၊ ဌ—၃၆၅။ ။ ၎င်းတို့၏ အလေ့အကျင့်ကိုပြဆိုခဏ်း၊ မဟာနိ—ပါ—၅၀၊ ၅၃၊ ဌ—၁၆၀-မှ-၁၇၄-အထိ။ ။ရဟန္တာအသျှင်တို့ နေထိုင်ခြင်းသုံးမျိုး၊ (၁သုညတဝိဟာရ၊ ၂အနိမိတ္တဝိဟာရ၊ ၃အပ္ပဏိဟိတဝိဟာရ)၊ ပဋိသံ—ဌ—ပ—အုပ်—၂၄၉၊ ပါ—၆၀။ ရဟန္တာဖြစ်ပြီးကာစ၌ ငါသိသောတရားကို အလုံးစုံသော လူ,နတ်,ဗြဟ္မာတို့ လျင်မြန်စွာသိကြပါစေ-ဟူသော စိတ်ထားဖြစ်ပေါ်လာခြင်း၊ အရဟတ္တဖိုလ်ရကြောင်းကို အခြားသူတို့အား မပြောကြားလိုခြင်း၊ ဤအခြင်းအရာနှစ်ပါး ဖြစ်ပေါ်လာဘတ်ကြောင်း၊ သဂါထာ—သံ—ဌ—၆၉၊ ။မိလိန္ဒမင်းကြီးက အသျှင်နာဂသေနမထေရ်အား ရဟန္တာလော-ဟုမေးရာ ဟုတ်ကြောင်းတိုက်ရိုက်မဖြေကြားဘဲ သွယ်ဝိုက်၍ ဖြေကြားတော်မူပုံ၊ မိလိန္ဒ-ပါ—၃၁၊ ၄၀။ ။ရဟန္တာအသျှင်တို့မှာ အကြောင်းမရှိဘဲ ပြုံးတော်မမူကြကြောင်း၊ ဝိ—၁—ဌ—ဒု—အုပ်—၉၆။ ။ ရဟန္တာအသျှင်တို့မှာ ကဲ့ရဲ့သူတို့ အပြစ်ဖြစ်မည်ကို သနားတော်မူသောကြောင့် ပရူပဝါဒဘေးကို စောင့်ရှောက်တော်မူကြကြောင်း၊ ပဏ—၁—ဌ—ဒု—အုပ်—၂၀၃။ ။ဓမ္မသေနာပတိသဒိသဿပိ ခီဏာသဝဿ မနောဒွါရေ သဥပါရမ္ဘဝသေန မနောဒုစ္စရိတံ ဥပ္ပဇ္ဇတိဧဝ—ဟု ဖွင့်ပြထားပုံ၊ ဒီဃ—၃—ဌ—၁၇၅၊ (ဥပနိက္ခိတ္တသာဒိယနဝသေန မနောဒွါရေ ရူပိယပ္ပဋိဂ္ဂဟဏာပတ္တိ အာပဇ္ဇတိ) ဤစကားနှင့်စပ်၍ ဖွင့်ပြခြင်းဖြစ်၏။ ။ ရဟန္တာအသျှင်တို့ လောကဝေါဟာရ သုံးစွဲတော်မူကြပုံကို ရှင်းပြခဏ်း၊ သဂါထာ—သံ—ပါ—၁၃၊ ဌ—၅၀။ ။

**ရဟန္တာအသျှင်တို့ မဆိတ်သုဉ်းကြောင်း။** ။ဒီဃ—၂—ပါ—၁၂၅၊ ဌ—၁၀၁၊ ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿာတိ။ ။အံ—၁—ဌ—၇၂၊ အဋ္ဌနိ။

**ရဟန္တာအသျှင်တို့၏ ဂုဏ်ကို ပုထုဇဉ်တို့ မသိနိုင်ကြကြောင်း။** ။ကတမော-ဒကတိဿသုတ်၊သဂါထာ သံ—ပါ—၁၅၀၊ဌ—၁၉၇၊ကောကာလိကသုတ်၊ ပါ—၁၅၀၊ ဌ—၁၉၆။ ။ဥဒါန—ပါ—၁၅၆၊ ဌ—၃၀၁။ ။ရဟန္တာ အသျှင်တို့၏ သီလ ,သမာဓိ, ပညာကို ရဟန္တာပုဂ္ဂိုလ်ချင်းသာ သိနိုင်ကြောင်း၊ ပုထုဇဉ်ကမူ မသိနိုင်ကြကြောင်းဂါထာ၊ နေတ္တိ ပါ—၁၁၁၊ ဌ—၂၂၆။ ။ဒါရုကမ္မိကသုတ်၊ အံ—၆—ပါ—၃၄၃၊ဌ—၁၃၀။

**ရဟန္တာအသျှင်တို့ အိပ်စက်ရကြောင်းကို ရှင်းပြချက်။** ။ပဏ်—၁—ဌ—ဒု—အုပ်—၁၉၄၊ ပါ—၃၁၆။ ။သဂါထာ—သံ—ပါ—၁၉၉၊ ဌ—၂၆၃၊ ဥပဋ္ဌာနသုတ်။ ။အဘိ—၁—ဌ—၄၀၉၊ ပါ—၂၃၃။

**ရဟန္တာအသျှင်တို့ အိပ်မက် မမက်တော့ကြောင်း။** ။မဟာနိ—ဌ—၃၆၅။ ။ ဝိ—၁—ဌ—ဒု—အုပ်—၁၀၀။ ။အဘိ ၂—ဌ—၃၉၀။ ။အံ—၅—ဌ—၇၂၊ပါ—၂၀၉။ ။သုတ်လွှတ်မှုလည်း မရှိတော့ကြောင်း၊ ဝိ—၃—ပါ—၄၀၉၊ဌ—၄၁၀၊ ။သုတ်လည်းမရှိ၊ လွှတ်လည်း မလွှတ်တော့ကြောင်း ရှင်းပြချက်၊ ပရိဝါရကထာ၊ အဘိ—၅—ပါ—၁၂၇၊ ဌ—၁၆၀။

**ရဟန္တာသီတင်းသုံး၊ ရွှင်ပြုံးဘွယ်ပါ၊ ထိုနေရာ။** ။ရဟန္တာအသျှင်တို့ နေထိုင်သောနေရာမှာမွေ့လျော်ဘွယ်သာဖြစ်ကြောင်းဂါထာ၊အပ—ဌ—ဒု—အုပ်—၂၅၂။ ။ထေရ—ပါ—၃၄၄၊ ဌ—ဒု—အုပ်—၄၀၀။ ။အံ—၁—ဌ—၁၀၀၊ ။ဓမ္မ—ဌ—ပ—အုပ်—၄၀၀။ ။ဥဒါန—ဌ—၁၆၆။ ။ရာမ-ဏေယျကသုတ်၊ သဂါထာ—သံ—ပါ—၂၃၃၊ဌ—၃၂၀။ ။ပဏ်—၁—ဌ—ပ—အုပ်—၁၅၂။

**ရဟန္တာအသျှင်တို့နှင့်စပ်၍ မှတ်သားဘွယ်များ။** ။ရဟန္တာ အသျှင်တို့ ပရိနိဗ္ဗာန်စံခြင်းနှင့်စပ်၍ မေးဖြေထားပုံ၊ပဏ်—၂—ပါ—၁၅၄၊ဌ—၁၃၀။ ။ ဘုရားရှင်မှတပါး အခြားပုဂ္ဂိုလ်များရဟန္တာဖြစ်နိုင်,မဖြစ်နိုင်မေးလျှောက်၍ ဖြေထားသော မဟာဝစ္ဆသုတ်၊ ပါ-၁၅၆၊ဌ—၁၃၉။ ။ရဟန္တာဖြစ်ကြောင်း ၇-ပါး၊နိဒ္ဒသဝတ္ထု၊(နိ—ခဏ်း၌ ရေးခဲ့ပြီ)။ ။ရဟန္တာတို့အကျင့်နှင့် တိတ္ထိတို့အကျင့်ကို ခွဲခြားဟောထားသော ဒုဋ္ဌဋ္ဌကသုတ်၊ (ဒု—ခဏ်း၌ ရေးခဲ့ပြီ)။ ။အရဟတ္တဖိုလ်ရရန်ကျင့်စဉ်ကိုဟောထားသော တုဝဋ္ဋကသုတ်၊

(တု—ခဏ်း၌ရေးခဲ့ပြီ)။ ။ရဟန္တာ အသျှင်မြတ်တို့သော်ပင် ဖလသမာပတ်ကို ဝင်စားလိုသော် သခ်ါရုပေက္ခာဉာဏ်ကို သုံးသပ်ရသေးကြောင်း၊ ပဋိသံ—ပါ-၆၃၊ ဌ—ပ—အုပ်—၂၅၂။ ။ရဟန္တာပုဂ္ဂိုလ်တို့၏ခန္ဓာကိုယ်ကို နတ်တို့ကဖေါက်ထွင်း၍ မမြင်နိုင်ကြကြောင်း၊ ဒီဃ—၂—ဌ—၁၇၀၊ ပါ—၁၁၅။ ။ရဟန္တာဖြစ်သော လူနှင့်နတ်တို့အတွက် ဖြေရှင်းထားသော ပဉ္စာဗျာကရဏ ဝဏ္ဏနာ၊ ဒီဃ—၃—ပါ—၁၁၀၊ ဌ—၉၇။ ။ရဟန္တာအသျှင်တို့က လက်ဖျောက်တီး၍ နှင်ထုတ်လျှင် နတ်များပင် မနေနိုင်ကြကြောင်း၊ဥဒါန်—ဌ—၅၆။ ။ဓမ္မ—ဌ—ဒု—အုပ်—၆၊ရဟန္တာအသျှင်တို့ကို မြင်ရကြားရရှိမျှနှင့်ပင် ကျေးဇူးများလှကြောင်း ဟောထားသော သမ္ပန္နသီလသုတ်၊ ဣတိ။ ။ရဟန္တာသာမဏေတို့က ပုထုဇဉ်ရဟန်းတို့အပေါ်၌ ဝတ်ကြီးဝတ်ငယ် ပြုကြရသည်သာ ဖြစ်ကြောင်း၊ ဒီဃ—၁—ပါ-၉၄၊ ဌ—၂၄၀။

**ရဟန္တာ ၇-ဦးတို့၏ မယ်တော်။** ။သတ္တန္နံ အရဟန္တာနံ မာတာ-၌ သတ္တန္နံ အရကား အသျှင်သာရိပုတ္တရာ၊ အသျှင်ဥပသေန၊ အသျှင်စုန္ဒ၊ အသျှင်ရေဝတ-သားလေးယောက်၊ စာလာ၊ ဥပစာလာ၊ သီသူပစာလာ ဘိက္ခုနီ သမီးသုံးယောက်၊ ပေါင်း ၇-ယောက်ဖြစ်၏၊ ၎င်း ၇-ဦးတို့၏ မယ်တော်မှာ ရူပသာရီ ပုဏ္ဏေးမကြီးဖြစ်ကြောင်း၊မဟာ—သံ—ဌ—၂၄၆၊ပါ—၁၃၉၊

**ရဟန္တာအဖြစ်များသောဆဆက္ကသုတ်။** ။ပဏ္ဏ—၃—ပါ—၃၂၇၊ ဌ—၂၄၅၊ နေရာပေါင်း ၆၀-တွင် တနေရာ တနေရာ၌ ရဟန္တာပေါင်း ၆၀-စီ ဖြစ်ကြောင်း၊ ၆၀×၆၀=၃၆၀၀+၁၀၀၀=၄၆၀၀-ရဟန္တာ ရဟန်းတော်ပေါင်း၊ နတ်များကား မရေမတွက်နိုင်ကြောင်း မိန့်ဆိုထား၏။

**ရဟန်းတို့ဆင်ခြင်ရန် မှတ်သားရန်အချက်များ။** ။ရဟန်းတို့ တနေ့လျှင် တကြိမ်မျှ အနည်းဆုံး ဆင်ခြင်ထိုက်လှသော အနုမာနသုတ်၊ ပဏ္ဏ—၁—ပါ—၁၃၂၊ဌ—ပ—အုပ်—၃၇၀။ ။အံ—၁၀—ပါ—၃၂၅၊ဌ—၃၁၃၊ပဗ္ဗဇိတအဘိဏှသုတ်၊ ကျက်မှတ်ထားဘွယ် အလွန်ကောင်းလှ၏။

**ရဟန်းတို့အမြဲဆင်ခြင်အပ်သော အရာ ၁၀-မျိုး**

၁။ လူတို့နှင့်အသွင်အပြင် အသုံးအဆောင် မတူသည်ကိုဎင်း။
၂။ သူတပါးကိုမှီ၍အသက်မွေးရသည်အဖြစ်ကိုဎင်း။
၃။ လူတို့နှင့်သွားလာခြင်းစသည်၌ မတူသည်အဖြစ်ကိုဎင်း။
၄။ မိမိကိုယ်ကိုပြန်၍သီလမပျက်စီးသလောဟူ၍ဎင်း။

၅။ မိမိအပေါ်၌ သီတင်းသုံးဘော်တို့က သီလ ပျက်သည်ဟု မစွပ်စွဲပါ သလောဟူ၍ ့ရင်း။

၆။ နာနာဘာဝ(ရှင်ကွဲ)၊ဝိနာဘာဝ(သေကွဲ)ကိုရင်း၊

၇။ ကမ္မဿကာ ကမ္မဒါယာဒါ စသည်ကိုရင်း။

၈။ ကုန်လွန်သွားသောအချိန်များမှာ အကျိုးရှိ မရှိကိုရင်း။

၉။ ကိုယ်စိတ်နှစ်ပါး ဆိတ်ငြိမ်ရာ၌ ပျော်မွေ့ပါသလောဟူ၍ ့ရင်း။

၁၀။ သေခါနီး၌သီတင်းသုံးဘော်တို့က မဂ်ဖိုလ်ရပါသလောဟု မေးခဲ့လျှင် ရှင်လန်းစွာ ဖြေကြားနိုင်အံ့လော ဟူသည်ကိုရင်း။ (၅၁၀-ချက်ကို အမြဲဆင်ခြင်ရမည်ဟူလို) သာရတ္ထိယသုတ်၊ အံ-၃-ပါ-၁၀၅၊ ဋ္ဌ-၇၅။

## မမေ့အပ်သောအရာသုံးမျိုး

၁။ ရဟန်းဖြစ်ရာ နေရပ် သိမ် အချိန်ကာလ။

၂။ သောတာပန်ဖြစ်ရာ နေရပ် အချိန်ကာလ။

၃။ ရဟန္တာဖြစ်ရာ နေရပ် အချိန်ကာလ။

သာရဏိယတရားများ၊ အံ-၆-ပါ-၂၅၅၊ ဋ္ဌ-၈၉။ ။မှတ်သားဘွယ်ကောင်းလှသော အနင်္ဂဏသုတ်၊ ပဏ်-၁-ပါ-၂၉၊ ဋ္ဌ-ပ-အုပ်-၁၄၂။ ။မှတ်သားထိုက်လှသော အနာဂတဘယသုတ်၊ (ဒု-တ-စ)၊ အံ-၅-ပါ-၉၀-မှ-၉၆-အထိ၊ ဋ္ဌ-၃၆၊၃၇။ ။ရဟန်းတို့ တမလွန်ဘဝ၌ မပူပင်ရသော တရားများကို စုပေါင်းဟောထားသော ဂါထာများ၊ ထေရ-ပါ-၂၉၅၊ ဋ္ဌ-ဒု-အုပ်-၁၅၁။ ။အံ-၄-ပါ-၃၄၀၊ ဋ္ဌ-အပရိဟာနိယသုတ်။ ။၆-ပါ-၃၄၀၊ ဋ္ဌ-၁၂၇၊ အာသဝသုတ်။ ။ထေရ-ပါ-၂၂၆၊ ဋ္ဌ-ပ-အုပ်-၁၀၀၊ ဂါထာများ။ ။ဋ္ဌ-ဒု-အုပ်-၂၄၅။ ။မဟာနိ-ပါ-၃၀၄။ ။ဂါထာများ၊ ဓမ္မ-ဋ္ဌ-ဒု-အုပ်-၃၇၃၊ ၃၇၄။ ။ထေရ-ပါ-၃၄၃၊ ဋ္ဌ-ဒု-အုပ်-၃၉၀၊ အသျှင်သာရိပုတ္တရာထေရ် ဟောထား၏။ ။နိဒါန-သံ-ဋ္ဌ-၅၁၊၅၂။ ။ကလိင်္ဂရသုတ်-သံ....။ ။ကဋ္ဌုပိယသုတ်....အံ။ ။နဂရောပမသုတ်..အံ။

ရဟန်းဟူ၍ ခေါ်ဆိုနိုင်သော အင်္ဂါရပ်များ။ ။ဒုဟာအဿပုရသုတ်၊.... ပဏ်၊ ။ဟိရိဩတ္တပ္ပနှင့် ပြည့်စုံမှ သမဏခေါ်ကြောင်း ဟောထား၏။ ။စူဠအဿပုရသုတ်၊ ပဏ်-၁-ပါ-၃၄၉၊ ဋ္ဌ-ဒု-အုပ်-၂၂၅။ ။

အဘိဇ္ဈာစသော တရားယုတ်များကင်း၍ ဗြဟ္မဝိဟာရဖြင့် နေမှသာ သမဏခေါ်ကြောင်း။ ။သမဏဗြာဟ္မဏသုတ်များ၊ သံ။ ။ဒုတိယ သောဏသုတ်၊ သံ။ ။သာမညသုတ် (ပ-ဒု)၊ သံ။ ။ဇရာမရဏသုတ်၊ သံ။ ။ဘဒ္ဒကသုတ်၊ အံ။ ။(ဆိုင်ရာအက္ခရာအခန်းမှာ ရှာဖွေကြည့်ရှုပါ)။ ။သမဏမည်ပုံ ပြောပြသောဂါထာများ၊ ဓမ္မ-ဌ-ဒု-အုပ်-၂၉၂၊ ကျက်မှတ်ထားဘွယ် အလွန်ကောင်းလှ၏။

**ရဟန်းတို့ရှောင်ကြဉ်ရန် ကျင့်သုံးရန်အချက်များ။** ။ပဏ်-၁-ပါ-၂၃၆၊ဋ္ဌ-ဒု-အုပ်-၁၁၀၊စူဠဟတ္ထိပဒေါပမသုတ်။ ။အဏ္ဏ္ဌကပသုတ်၊အံ-ပ-ပါ-၅၂၉၊ဋ္ဌ-၃၇၇။ ။ဥပါလိသုတ်၊အံ-၁၀-ပါ-၄၂၀၊၄၂၂၊ဋ္ဌ-၃၃၂၊ ရဟန်းတို့ကျင့်ဝတ်ကို အပြည့်အစုံဟောထား၏။ ။မဟာအဿပုရသုတ်၊ ပဏ်-၁-ပါ-၃၃၀၊ဋ္ဌ-ဒု-အုပ်-၂၁၂၊အကျယ်။ ။စူဠအဿပုရသုတ်၊ ပဏ်-၁-ပါ-၃၄၉၊ ဋ္ဌ-၂၂၅။ ။သာရိပုတ္တနိဒ္ဒေသ၊ မဟာနိ-ပါ-၃၅၂၊ဋ္ဌ-၃၀၆၊အကျယ်။ ။သာရိပုတ္တသုတ်၊ သုတ္တ-ပါ-၄၂၆၊ ဋ္ဌ-ဒု-အုပ်-၂၀၅၊ အသျှင်သာရိပုတ္တရာထေရ်အကျယ်ဟောထား၏။ ။ အရိယာရဟန်းတော်တို့ ကျင့်ဝတ်ကို ဟောထားသော ဓမ္မိကသုတ်၊ပါ-၃၃၉၊ဋ္ဌ-၉၉။ ။ဒေဝဒဟသုတ်၊ ပဏ်-၃-ပါ-၁၂၊ဋ္ဌ-မဖွင့်။ ။ အံ-၃-ပါ-၁၁၄၊ ဋ္ဌ-၀၆၊ဒုတိယ ပါပဏိကသုတ်။ ။ထေရ-ပါ-၃၀၆၊ ဋ္ဌ-ဒု-အုပ်-၂၀၀၊ ဂေါတမထေရ်ဟောထား၏။ ။ပါ-၃၅၀၊ ဋ္ဌ-၄၅၀၊ အသျှင်မဟာကဿပထေရ်ဟောထား၏။ ။ကဿပသုတ်၊ သံ၊ (ပ-ဒု-)၊ ဆုံးမသောဂါထာများ အချုပ်မှတ်သားဘွယ်။ ။ရဟန်း ဟူသည်မှာ လက်,ခြေ,နှုတ်,စိတ်ကို စောင့်စည်းအပ်ကြောင်းဂါထာ၊ဓမ္မ-ဋ္ဌ-ဒု-အုပ်-၃၆၀။ ။ဂါထာများ၊ ၂၁၂၊၂၆၁၊၃၆၂၊၃၆၄၊၃၇၃၊ ၃၇၀။ ။ရဟန်းတို့ကိုယ်တွင်းသို့ ကိလေသာရန်သူ မဝင်နိုင်ရန် ခံတပ် ၇-မျိုးကိုဟောသော နဂရောပမသုတ်၊ အံ-၇-ပါ-၄၇၉၊ဋ္ဌ-၁၀၃။ ။ ရဟန်းတို့ ကျင့်အပ်သောတရားများ ၉-ဂါထာ၊ ဓမ္မ-ဋ္ဌ-ဒု-အုပ်-၃၆၉။ ။ရဟန်းတို့အကျင့်ဟုတ်-မဟုတ်ကိုပြဆိုခန်း၊ဝိသုဒ္ဓိ-ပ-အုပ်-၁၇။ ။အဘိ-၄-ပါ-၁၆၆၊၁၆၀၊ဋ္ဌ-၀၆-မှ-၉၃-အထိ။ ။ရဟန်း တို့လိုက်နာရန် အသျှင်သာရိပုတ္တရာထေရ် ဟောထားသောအချက်(၁၀) ချက်၊ ဂေါလိယာနိသုတ်၊ ပဏ်-၂-ပါ-၁၃၃၊ ဋ္ဌ-၁၂၇။ ။ဂဏက မောဂ္ဂလ္လာနသုတ်၊ ၃-ပါ-၅၂၊ဋ္ဌ-၄၆။ ။ရဟန်းကျင့်ဝတ်များကို ဟောထားသော တုဝဋ္ဋကသုတ်၊ သုတ္တ-ပါ-၄၂၂၊ဋ္ဌ-ဒု-အုပ်-၂၇၀၊

(တု—ခဏ်း၌ရှိ၏)။ ။သတိမှုစရာ၊ ဇရုဒပါနဉပမာ၊ နိဒါန—သံ—ပါ—၄၀၂၊ ဋ္ဌ—၁၅၆။ ။ပေမသုတ်၊ အံ—၄—ပါ—၅၃၆ ဋ္ဌ—၃၀၀။ ။ဘုရားရှင်လက်ထက်တော်က ရဟန်းကောင်းတို့ နေထိုင်ကျင့်ကြံကြပုံကို ဟောသောဂါထာများ၊ ထေရ—ပါ—၃၃၀၊ဋ္ဌ—ဒု—အုပ်—၃၅၁။ ။နကုဟနသုတ်—ဣတိ၊ ။ဆုံးမပုံ အကျဉ်းစကား၊သဂါထာ—သံ—ပါ—၄၃၊ ဋ္ဌ—၉၆။ ။ပဗ္ဗဇ္ဇာသုတ်၊အံ။ ။ရဟန်းတို့ချမ်းသာစွာနေရခြင်းအကြောင်းကိုဟောသော နဋကပါနသုတ်၊ ပဏ်။ ။ရဟန်းတို့ သာသနာတော်၌ အနှစ်သာရကိုသာ ရှာရန်ဟောထားသော သာရောပမသုတ်၊ ပဏ်—၁—ပါ—၂၅၀၊ ဋ္ဌ—ဒု—အုပ်—၁၃၄။

ရဟန်းကိစ္စ။ ။ရဟန်းတို့ပြုအပ်သောကိစ္စသုံးပါး၊ နေတ္တိ—ပါ—၁၆၀၊ဋ္ဌ—၂၆၃၊ [1]ပါတိမောက္ခသံဝရသံဝုတ၊ [2]အာစာရဂေါစရသမ္ပန္န၊ [3]အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ။ ။ရဟန်းကိစ္စပြုသည်ကိုသာ ဘုရားရှင် ချီးမွမ်းတော်မူကြောင်းဟောသော နဝသုတ်၊ သံ၊ ။ရဟန်းဟူသည်မှာ ဝိတက် ဆိုးသုံးပါးကိုပယ်ရကြောင်း ဟောသော ဝိတက္ကသုတ်၊ဣတိ—ပါ—၂၄၄၊ ဋ္ဌ—၂၃၆။ ။ရဟန်းဟူသည်မှာ အချမ်းအပူ-စသည်ကို သည်းခံရကြောင်း ဂါထာ၊ သုတ္တ—ပါ—၂၀၇၊ ဋ္ဌ—ပ—အုပ်—၉၀။ ။ရဟန်းတို့ဆွမ်းခံသွားရာ၌ ရှောင်ကြဉ်ရန်, နှလုံးသွင်းရန်ဟောထားသော ဂါထာများ၊ ပါ—၃၃၆၊ဋ္ဌ—ဒု—အုပ်—၁၀၄၊၅။ ။ရဟန်းတို့၌ ဇာတ် စသည်မှာ လိုရင်း မဟုတ်၊ကိုယ်တွင်းဂုဏ်သာ လိုရင်းဖြစ်ကြောင်း၊ ပဏ်—၂—ဋ္ဌ—၆၂။ ။အလိုဆိုးကိုပယ်ထားနိုင်လျှင် ရွာနီးကျောင်း၌နေသော်လည်း ကွဲရဲ့အပ်သည်မဟုတ်ကြောင်း၊ ပဏ်—၁—ပါ—၃၆၊ဋ္ဌ—ပ—အုပ်—၁၅၅။ ။ရဟန်းကိစ္စမပြုနိုင်အောင် တားဆီးတတ်သောအကြောင်း ၇-မျိုး၊ပဏ်—၂—ပါ—၁၂၆၊ဋ္ဌ—၁၂၆။ ။ရဟန်းတို့မှာ သီလ,သမာဓိ,ပညာ သုံးပါးကို မဖြည့်ကျင့်ဘဲ အခြားအလုပ်များကို လုပ်နေလျှင် အာသဝေါတိုးပွါးကြောင်းသာ-ဟု ဟောထားသောဂါထာ၊ ထေရ-ပါ—၃၁၂၊ ဋ္ဌ—ဒု—အုပ် ၂၃၅။ ။ရဟန်းဟူသည်မှာ ကမ္မာရာမဉ္စမွေ့လျော်နေလျှင် သမာဓိမျှ မရနိုင်ကြောင်းဂါထာ၊ ပါ—၃၅၂၊ဋ္ဌ—၄၅၃။

ရဟန်းတို့အပေါ်၌ ကြည်ညိုဘွယ်အင်္ဂါများ။ ။၁၀—ပါ—၊ဈာနသုတ်၊အံ—၁၀—ပါ—၂၆၄၊ ဋ္ဌ—၂၀၀။ ။သဒ္ဓါသုတ်၊ (ပ—ဒု)၊ ဂ—ပါ—၁၃၃၊၄၊ ဋ္ဌ—၂၅၁၊အင်္ဂါ ဂ-ပါး။ ။ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက် ရဟန်းတော်တို့မှာ ကြည်ညိုဘွယ်ကိုဆောင်ရန် အချက် (၁၀)ချက်ကိုမှီ၍ နေတော်မူကြ

ကြောင်းအသျှင်အာနန္ဒာထေရ်ဟောထားသောဂေါပကမောဂ္ဂလ္လာနသုတ်၊ ပဏ်—၃—ပါ—၅၀၊ဋ္ဌ—၄၇။ ။ရဟန်းတို့အတွက် သမာပတ် ၈-ပါးအထိ အသပ္ပုရိသ, သပ္ပုရိသခွဲပြသော သပ္ပုရိသသုတ်၊ ပါ—၀၆၊ ဋ္ဌ—၆၇။

**ရဟန်းတို့အလှူခံရာ၌သတိမူစရာအချက်များ။** ။ပဏ်—၁—ဋ္ဌ—၃—အုပ်—၄၆၊ (ပစ္စယအပ္ပိစ္ဆ)။ ။အလှူခံထိုက်,မခံထိုက်အင်္ဂါများ၊အံ—၅—ပါ—၁၄၀၊ ဋ္ဌ—၄၉၊ အက္ခမသုတ်။ ။လူတို့သဒ္ဓါတရားမပျက်အောင် အလှူခံနည်း၊ ဥဒါန—ဋ္ဌ—၂၀၇၊ ။ဇာတိ—ဋ္ဌ—၉၄၊ ပါ—၂၁၀၊ ။ဒီဃ—၃—ဋ္ဌ—၁၉၇။ ။ဝိ—၁—ဋ္ဌ—၃—အုပ်—၁၄၉၊ လက်အမှု စသည်နှင့် ပစ္စည်း လေးပါးကို တောင်းရာ၌ မှတ်သားဘွယ်အချက်များ။ ။ကာယဝိညတ်ဖြင့် သာ တောင်းသင့်ကြောင်းဂါထာ၊ ဇာတက—ပါ—ပ—အုပ်—၁၆၂၊ ဋ္ဌ— ၀—အုပ်—၃၃၃။ ။အလှူခံခဏ်း၌ အကျယ်ရေးခဲ့ပြီ)။

**ရဟန်းတော်တိုင်းနေရာခင်းထားကြပုံ။** ။ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် အခါက ရဟန်းတော်တိုင်း ဘုရားရှင်အတွက် နေရာကိုအမြဲခင်းထားသော အလေ့ရှိခဲ့ကြပုံ၊ ပဏ်—၁—ဋ္ဌ—၃—အုပ်—၇၄။ ။ခန္ဓ—သံ—ဋ္ဌ—၂၀၀။ ။ ဓမ္မ—ဋ္ဌ—ပ—အုပ်—၁၀၀။ ။ဥဒါန—ဋ္ဌ—၉၁။ ။ဒီဃ—၁—ဋ္ဌ—၄၉။

**ရဟန်းပြုကာစ၌ အရေးကြီးလှပုံ။** ။ရဟန်းပြုကာစ၌ မနှိပ်ကွပ်ဘဲ ချီး မြှောက်မှသာ နောင်အခါတွင် ကြီးပွါးနိုင်ကြောင်း၊ ပဏ်—၂—ပါ—၁၀၀၊ ဋ္ဌ—၁၀၀။ ။ရဟန်းပြုစ၌ ဆရာကောင်းရဘို့ရန် အလွန် အရေးကြီး လှပုံ၊ ပဏ်—၁—ပါ—၃၀၊ ဋ္ဌ—ပ—အုပ်—၁၄၆။ ။ရှေး အခါက ရဟန်းပြုစကပင် သစ္စာလေးပါးကို သင်ပေးထားကြကြောင်း နမူနာ ယူစရာ၊ ဋ္ဌ—၃—အုပ်—၂၅၀။ ။ရဟန်း ပြုစ၌ စောင့်ရှောက်ရန် ဟောထားသော ကာမသုတ်၊ အံ—၅—ပါ—၅၊ ဋ္ဌ—၂။ ။သဠာ—သံ— ဋ္ဌ—၇၇၊ ဆရာမကောင်းက တပည့်မှာ အလွန်နစ်မွန်းလှကြောင်း,ရဟန်း သာမဏေပြုစ၌ ဆရာကောင်းကို မှီဝဲရဘို့ အလွန် အရေးကြီးလှကြောင်း မိန့်ဆိုထားပုံ။ ။ရဟန်းငယ်တို့အား ဆုံးမရန်ဟောထားသော အန္ဓက ဝိန္ဒသုတ်၊ အံ—၅—ပါ—၁၂၁၊ ၁၂၂၊ ဋ္ဌ—၄၅၊ [၁]ပါတိမောက္ခသံဝရသီလ၊ [၂]ဣန္ဒြိယသံဝရသီလ၊ [၃]အပ္ပဘဿ (စကားနည်းရန်)၊[၄]အာရညိက၊[၅]သမ္မာ ဒိဋ္ဌိ၊ ဤ ၅-ပါး၌ တည်စေရန် တိုက်တွန်းပေးရမည်ဟု ဟောထားၡ်။ ။ ရှင်ရဟန်းပြုပေးပြီးလျှင် ဆရာဖြစ်သူမှာ တပည့်နှင့် အနည်းဆုံး ၁၅-ရက် မျှအတူနေသင့်ကြောင်း မိန့်ဆိုထားပုံ၊ ပဏ်—၂—ဋ္ဌ—၁၉၅၊ ပါ—၂၃၉၊

**ရဟန်းတို့အတွက် အညစ်အကြေးများ။** ။၄-မျိုး၊ ဥပက္ကိလေသသုတ်၊ အံ-၄-ပါ-၃၆၂၊ ၃၊ ဋ္ဌ-၃၀၇၊ မှတ်သားဘွယ်ဂါထာများပါ၏။ ။ဝိ-၄-ပါ-၄၉၃၊ ဋ္ဌ-၁၃၄၊ [၁]အရက်စသည်ကိုသောက်စားခြင်း၊ [၂]မေထုန်မှီဝဲခြင်း၊ [၃]ရွှေငွေကိုကိုင်ခံခြင်း၊ [၄]မိစ္ဆာဇီဝအမှုများကိုပြုခြင်း။ ။ရဟန်းတို့အတွက် အညစ်အကြေး ၂၁-မျိုးကို အကျယ်ဟောထားသော အနင်္ဂဏသုတ်၊ ပဏ္ဏ-၁-ပါ-၂၉၊ ဋ္ဌ-ပ-အုပ်-၁၄၂။ ။ရဟန်းတို့အတွက်ညစ်နွမ်းကြောင်းများ၊ ဒီဃ-၃-ပါ-၃၄၊ ဋ္ဌ-၂၀။ ။ဖြူစင်ကြောင်းများ၊ ပါ-၃၇၊ ဋ္ဌ-၂၃၊ ရဟန်းတို့ စင်ကြယ်ကြောင်းများ သုဒ္ဓိခန်း၌ ရှိ၏။

**ရဟန်းတို့အတွက် တိုးတက်ကြောင်း, ဆုတ်ယုတ်ကြောင်းများ။** ။အပရိဟာနိယသုတ်၊ အံ-၄-ပါ-၃၄၈၊ ဋ္ဌ-၃၀၀။ ။သတ္တကသုတ်၊ (ပ-ဒု-တ) ၇-ပါ-၄၁၂၊ ၃၊ ၄၁၄၊ ဋ္ဌ-၁၅၇။ ။ပဌမပရိဟာနိသုတ်၊ ပါ-၄၁၅၊ ဋ္ဌ-၁၆၁။ ။အပ္ပမာဒဂါရဝသုတ်၊ အံ-၇-ပါ-၄၁၈၊ ဂါထာများပါ၏။ ။ဟိရိဂါရဝသုဘ်၊ ပါ-၄၁၉၊ ဂါထာများပါ၏။ ။ဗောဇ္ဈင်္ဂသုတ်၊ သညာသုတ်၊ ပါ-၄၁၄၊ ဋ္ဌ-၁၆၁။ ။သောဝစဿတာသုတ်၊ (ပ-ဒု)၊ ပါ-၄၂၀၊ ဂါထာများပါ၏။ ။ဒီဃ-၂-ပါ-၆၄၊ ဋ္ဌ-၁၁၃၊ ၆-နည်း၊ (အပရိဟာနိယ အခန်း၌ အကျယ်ရေးခဲ့ပြီ)။ ။ပါပဏိကသုတ်၊ အံ-၃-ပါ-၁၁၃၊ ၁၁၄၊ ဋ္ဌ-ဂ၅၊ ဂ၆၊ (ပ-ဒု)။ ။မဟာစောရသုတ်၊ အံ။ ။ဒီဃ-၃-ပါ-၆၄၊ ဋ္ဌ-၄၁။

**ရဟန်းတို့ မသွားကောင်းသောအိမ်များ။** ။၆-အိမ်၊ ပဏ္ဏ-၂-ပါ-၂၊ ဋ္ဌ-၄။ ။ခုဒ္ဒက-ဋ္ဌ-၂၀၂။ ။သုတ္တ-ဋ္ဌ-ပ-အုပ်-၁၇၉။ ။ဝိသုဒ္ဓိ-ပ-အုပ်-၁၇။ ။မဟာနိ-ပါ-၃၇၇၊ ဋ္ဌ-၃၉ဂ၊ ၉။ ။အဘိ-၂-ပါ-၂၅၅၊ ဋ္ဌ-၃၂၅၊ ၃၂၇။

[၁]သုရာသောက်ထုတ်၊ သေတင်းကုတ်၊ [၂]ပဏ္ဍုက်[၃]ဘိက္ခုမြ။
[၄]ပျိုကြီးဂေဟာ၊ [၅]ပြည့်တန်ဆာ၊ [၆]လင်ကွာမုဆိုးမ။
ဤ ၆-အိမ်တွင်၊ အမြဲဝင်၊ ဆွမ်းလျှင်မခံရ။

လက်ာ၌ ဆွမ်းမခံရဟု ဆိုသော်လည်း အမှန်စင်စစ် ဟောထားသည်ကား (အဂေါစရ) မကျက်စားသင့် (ဝါ) မသွားသင့်သော အိမ်များသာတည်း။ ။၅-အိမ်၊ အံ-၅-ပါ-၁၁၂၊ ဋ္ဌ-၄၃၊ ဥဿက်ိတသုတ်။ ။ဝိ-၅-ပါ-၂၃၀၊ ဋ္ဌ-၁၇၃။ ။၃-ပါ-၉၉၊ ဋ္ဌ-၂၇၃။

ရဟန်းတို့ မသွားသင့်, သွားသင့်သောအိမ်များ။ ။၇-မျိုးစီဟောထားသော ကုလသုတ်၊ အံ-၇-ပါ-၄၀၂၊ ဠ-၁၄၆။ ။၉-မျိုးစီ၊ အံ-၉-ပါ-၁၉၂၊ ဠ-၂၆၆။ ။ဓမ္မ-ဠ-ပ-အုပ်-၂၁၇၊ အညွှန်း။

ရဟန်းတို့ မသွားသင့်သောအိမ် ၉-မျိုး

၁။ နှစ်လိုဘွယ်ရာ အမူအရာဖြင့် ခရီးဦးကြို မပြုတတ်ခြင်း။
၂။ နှစ်လိုဘွယ်ရာ အမူအရာဖြင့် ရှိခိုးခြင်းစသည်ကို မပြုတတ်ခြင်း။
၃။ ကောင်းမွန်စွာ နေရာထိုင်ခင်း မပေးတတ်ခြင်း။
၄။ ရှိပြီးပစ္စည်းများကို လျှို့ဝှက်ထားတတ်ခြင်း။
၅။ များစွာရှိသော်လည်း အနည်းငယ်သာ ပေးလှူတတ်ခြင်း။
၆။ အကောင်းအမွန်များ ရှိသော်လည်း အညံ့စားများကိုသာ ပေးလှူတတ်ခြင်း။
၇။ မရိုမသေ ပေးလှူတတ်ခြင်း။
၈။ တရားစကားကို နာယူရန် ရဟန်းထံ မချဉ်းကပ်လိုခြင်း။
၉။ တရားစကားကို ကြားရသော်လည်း လိုလားစွာ မနာယူတတ်ခြင်း။

ဤ အင်္ဂါ ၉-ပါးမှ ဆန့်ကျင်ဘက် ဖြစ်သော အင်္ဂါ ၉-ပါးရှိ အိမ်သို့မှု ရဟန်းတော်များ သွားလာကောင်းကြောင်း ဟောထား၏။ (ကုလသုတ်)။

ရဟန်းပြုကြခြင်းအကြောင်းများ။ ။ခန္ဓ-သံ-ပါ-၇၆၊ ဠ-၂၇၇၊ အချို့သူတို့ရဟန်းပြုကြခြင်းမှာ [၁]မင်းဘေးကြောင့်ရင်း၊ [၂]သူခိုးဓားပြဘေးကြောင့်ရင်း၊ [၃]ကြွေးမြီမပေးဆပ်နိုင်သောကြောင့်ရင်း၊ [၄]ငတ်မွတ်ခြင်းဘေးကြောင့်ရင်း၊ [၅]အနာရောဂါဘေးကြောင့်ရင်း၊ [၆]လုပ်ကိုင်စားသောက်ရမည်ကိုမစွမ်းနိုင်သောကြောင့်ရင်း၊ [၇]သံသရာဝဋ်ဆင်းရဲမှ လွတ်လိုသောကြောင့်ရင်း၊ ဤအကြောင်း ၇-မျိုးတွင် တမျိုးမျိုးကြောင့် ရဟန်းပြုတတ်ကြသည်ဟုလို၊ ရဟန်းပြုကြခြင်း အကြောင်း ၄-မျိုး၊ ၈-မျိုး၊ ရဋ္ဌပါလသုတ်၊ ပဏ်-၂-ပါ-၂၅၆၊ ဠ-၂၁၁၊ ကောရဗျမင်းအလို [၁]ဇရာ၊ [၂]ဗျာဓိ၊ [၃]ဘောဂ၊ [၄]ဉာတိ-ဤလေးမျိုးတွင် တမျိုးမျိုး ပျက်စီးမှုကြောင့် ရဟန်း ပြုကြသည်ဟုလို။ ။[၁]ဇရာ၊ [၂]ဗျာဓိ၊ [၃]ဘောဂ၊ [၄]တဏှာဒါသ-ဤလေးမျိုး အပြစ်ကို ကြိုတင်မြင်ကြမှုကြောင့် ရဟန်းပြုကြသည်လည်း ရှိကြောင်း အသျှင်ရဋ္ဌပါလထေရ်က ဟောထား၏။ ။ပဏ်-၁-ဠ-ပ-အုပ်-၂၆၂၊ လေးမျိုး။ ။၆-မျိုး၊ ၂-ပါ-၁၂၆၊ ဠ-၁၂၆။ ။ရဟန်းပြုကြရာ၌ ကုသိုလ် ရဘို့ရန်၊

မင်္ဂလိုလ်ရဘိုရန် ရည်ရွယ်ချက် နှစ်မျိုးရှိတတ်ကြရာ ၎င်းချီ့မှာ တမျိုးသာ ပြည့်စုံ၍ အချို့မှာ နှစ်မျိုးစလုံး ပြည့်စုံတတ်ကြကြောင်း၊ ရာသိယသုတ်၊ သဠာ–သံ–ပါ–၅၁၀၊ ဋ္ဌ–၁၄၆။ ၊ဇာတိ–ဋ္ဌ–၂၇၇၊ ပါ–၂၅၅၊ ၆–မျိုး။ ၊သုတ္တ–ဋ္ဌ–၃–အုပ်–၇၄။ ။ပါရိဇ္ဇလေးမျိုး၊ (ပျက်စီးခြင်းလေးမျိုးဟူ၏၊ ထေရ–ဋ္ဌ–၃–အုပ်–၂၉၄။ ။အပ–ဋ္ဌ–၃–အုပ်–၂၁။ ။ပညာရှိတို့ကား ဤလေးမျိုး ပျက်စီးလတ္တံ့သည်ကိုမြင်၍ မပျက်စီးမီကပင် ရဟန်းပြုကြသည်ဟူလို၊ ဇာတက–ပါ–၃–အုပ်–၂၄၊ ဋ္ဌ–မ–အုပ်–၁၀၀၊ ဂါထာ။ ။ပဋိသံ–ပါ–၁၂၁၊ ဋ္ဌ–၃–အုပ်–၁၅။ ။ပဗ္ဗဇ္ဇ္ဇပဉှ၊ မိလိန္ဒ–ပါ–၃၀။ ။မိလိန္ဒမင်းကြီးက အာယုပါလမထေရ်ထံ ရဟန်းပြုကြခြင်း အကြောင်းကို မေး၍ ဖြေရှင်းပြခန်း၊ ပါ–၁၀။ ။ဥဒါန–ဋ္ဌ–၉၄။ ။မဟာ–သံ–ဋ္ဌ–၂၂၁။ ။ပဏ်–၂–ပါ–၂၆၁၊ ဋ္ဌ–၂၁၂။ ။ဒီယ–၁–ဋ္ဌ–၁၆၉။ ။ပေဋက–ပါ–၂၀၀။ ။ထေရ–ပါ–၃၂၇၊ ဋ္ဌ–၃–အုပ်–၂၉၆၊ ၂၉၀။ ။သုတ္တ–ပါ–၂၀၇၊ ဋ္ဌ–ပ–အုပ်–၀၀။ ။အပ–ဋ္ဌ–၃–အုပ်–၂၂၊ ၂၃၊ ဂါထာများ။ ။ထေရ–ပါ–၂၃၆၊ ဋ္ဌ–ပ–အုပ်–၂၀၆၊ ၇။ ။ရဟန်းပြုကြသည်မှာ နတ်တို့ ကာမဂုဏ်ကို ရလိုသောကြောင့်ဟု အထင်မှားခဲ့ကြပုံ၊ သုတ္တ–ပါ–၄၀၉၊ ဋ္ဌ–၃–အုပ်–၂၅၉။ ။ထေရ–ဋ္ဌ–၃–အုပ်–၅၃၃။ ။(နတ်သမီးခဏ်း၌လည်း ရေးခဲ့ပြီ)။ ။ရဟန်းပြုကြရာ၌ မူလရည်ရွယ်ချက်ကို မေ့ပျောက်ထားက ထင်းကုလားတုံးနှင့်တူကြောင်း ဟောထားသော ဇီဝိကသုတ်၊ ရဟန်းတို့ အလွန်မှတ်သားဘွယ်ကောင်းလှ၏၊ ဂါထာများပါ၏။ ။ရဟန်းပြုကြရာ၌ ကာမဂုဏ်နှင့် ပတ်သက်သောအရာများကို သုံးစွဲနေလျှင် သဒ္ဓါပဗ္ဗဇိတမဟုတ်၊ မသုံးစွဲမှသာ သဒ္ဓါပဗ္ဗဇိတ စစ်မှန်ကြောင်း မိန့်ဆိုထားပုံ၊ ဇာတက–ဋ္ဌ–သ–အုပ်–၂။ ။ရဟန်းတို့အပေါ်၌ လူထွက်၊ မထွက် အကဲခတ်နိုင်သော ဒကာမကြီးတဦး၊ ဋ္ဌ–စ–အုပ်–၂၁၉။ ။ရသေ့ရဟန်းပြုကြရာ၌ ငယ်ရွယ်ခိုက်က ပြုကြခြင်းကိုသာ ဘုရားစသော သူတော်ကောင်းတို့က ချီးမွမ်းကြောင်းဂါထာ၊ ပါ–၃–အုပ်–၁၅၇၊ ဋ္ဌ–ဆ–အုပ်–၃၂။ ။ရဟန်းပြုရခြင်း၏ အကျိုးများကို ဟောကြားထားသော သန္ဒိဋ္ဌိက သာမညဖလဝဏ္ဏနာ၊ ဒီယ–၁–ပါ–၅၅၊ ဋ္ဌ–၁၅၂။ ။သစ္စာလေးပါးကို သိရန် ရဟန်းပြုကြကြောင်း ဟောထားသော ကုလပုတ္တသုတ်–သံ–။

**ရဟန်းမပြုနိုင်ခြင်း, ရဟန်းဘဝ၌ မပျော်မမွေ့နိုင်ခြင်းအကြောင်း။** ။ကဿပဘုရားရှင်လက်ထက်တော်က ရဟန်းတပါးကို လူထွက်အောင် တိုက်တွန်း

ခဲ့ဘူးသောကြောင့် ရဟန်း မဖြစ်ရရှာသော သကုလုဒါယီ ပရိဗိုဇ်
အကြောင်း၊ ပဏ်–၂–ပါ–၂၃၀၊ ဋ္ဌ–၁၉၀။ ။အချို့ရဟန်းတို့ ရဟန်း
ဘ၀၌ မပျော်မွေ့ခြင်းမှာ ရှေးအတိတ်က ရဟန်းကောင်းကို လှုထွက်
အောင် တိုက်တွန်းခဲ့ဘူးသောကြောင့် ဟု မိန့်ဆိုထားပုံ၊ ဓမ္မ–ဋ္ဌ–ပ–
အုပ်–၄၃၆။ ။(စိတ္တ ဟတ္ထ မထေရ်ဝတ္ထု၌လည်း ရှိ၏)။

ရဟန်းအမျိုးမျိုးကိုခွဲပြခဏ်း။ ။၂-မျိုး၊ (လူများနှင့်ရောနှောသော သန္တ
ဝဇာတ၊မရောနှောသော အသန္တဝဇာတ)၊ မဟာနိ–ပါ–၁၅၃၊၃၀၃၊
ဋ္ဌ–၂၇၀။ ။စူဠနိ–ပါ–၂၄၀၊ဋ္ဌ–၁၀၅။ ။ပါ–၂၉၃၊ဋ္ဌ–၁၃၂။ ။
ခန္ဓ–သံ–ပါ–၁၀၊ ဋ္ဌ–၂၄၀။ ။ကိုယ်ကျိုးလိုသောရဟန်း၊ မလိုသော
ရဟန်း ၂-မျိုး၊ပဏ်–၁–ပါ–၂၆၆၊ ဋ္ဌ–၃–အုပ်–၁၃၉။ ။၄-မျိုး၊ပါ–
၁၉၉၊ဋ္ဌ–၅၂၊လူနှင့်ရဟန်းတို့အချင်းချင်း ချဉ်းကပ်ကြရာ၌စင်ကြယ်ခြင်း၊
မစင်ကြယ်ခြင်းကိုပြဆိုခဏ်း၊နှစ်ဦးစုံသိဆိုက်လှသည်။ ။၁-ဂါဟဂါဟက၊
၂-ဂါဟမုတ္တက၊ ၃–မုတ္တဂါဟက၊ ၄–မုတ္တ မုတ္တက။ ။၄-မျိုး၊ဒီဃ–
၃–ပါ–၁၉၄၊ ဋ္ဌ–၂၀၀။ ။အင်္ဂ–၄–ပါ–၁၇၃၊ဋ္ဌ–၉၅၊ ၁–သမဏ
မစလ သောတာပန်ရဟန်း၊၂-သမဏပဒုမ သကဒါဂါမိရဟန်း၊၃-သမဏ
ပုဏ္ဍရိက အနာဂါမိရဟန်း၊ ၄–သမဏသုခုမာလ ရဟန္တာရဟန်း။ ။
သုတ္တ–ပါ–၂၉၃၊ ၂၉၄၊ဋ္ဌ–ပ–အုပ်–၁၄၅၊ ၄-မျိုး၊ ၁–မဂ္ဂဇိနမဂ်ရ
ရဟန်း၊ ၂–မဂ္ဂဒေသက မဂ်ရအောင်ဟောတတ်သောရဟန်း၊ ၃–မဂ္ဂ
ဇီ၀တိသေက္ခနှင့် သီလ၀န္တရဟန်း၊ ၄–မဂ္ဂဒူသီ ဒုသီလနှင့် မိစ္ဆာဒိဋ္ဌိ
ရဟန်း။ ။ပုတ္တသုတ်၊အံ–၄–ပါ–၃၉၉၊ ဋ္ဌ–၃၂၂၊ သမဏမစလ-စ
သည် ၄-မျိုး၊ ။သံယောဇနသုတ်၊ပါ–၄၀၁၊ ဋ္ဌ–၃၂၃။ ။သမ္မာဒိဋ္ဌိ
သုတ်၊ ပါ–၄၀၁၊ ခန္ဓသုတ်၊ပါ–၄၀၂။ ။သမဏသုခုမာလသုတ်၊ အံ–
၅–ပါ–၁၁၅၊ ။နိကဋ္ဌသုတ်၊အံ–၄–ပါ–၅၅၄၊ ဋ္ဌ–၃၃၀၊ တောရ
ကျောင်း၊ ရွာနီးကျောင်းတို့၌ နေထိုင်၍ ၀ိတက်ဆိုးသုံးပါးကို ကြံစည်ခြင်း,
မကြံစည်ခြင်းဖြင့် ရဟန်းလေးမျိုးဟောထား၏။ ။ရဟန်း ၈-မျိုးကို
အကျယ်ဟောထားသော ဒါရုက္ခန္ဓောပမသုတ်၊သဠာ–သံ–ပါ–၃၈၆၊ဋ္ဌ–
၇၄၇၆။

၁။ မိစ္ဆာဒိဋ္ဌိရဟန်း....နတ္ထိကဒိဋ္ဌိစသော မိစ္ဆာအယူရှိသောရဟန်း။

၂။ သမဏကုဠုမ္ဗိကရဟန်း....လယ်ယာစသည်ကို ကိုယ်တိုင်လုပ်ကိုင်
၍ ချက်ပြုတ်စားသောက်နေသောရဟန်း၊ (ကတုံးသူကြွယ်ဟူလို)။

၃၊ ဘိန္နာဇီဝရဟန်း....သံဃာ့ပစ္စည်းကို စားသောက်၍ ကုလဒူသက အနေသနအမှုများကိုပြုနေသောရဟန်း။
၄။ အာလသိယမဟာဃသရဟန်း.... ပရိယတ္တိ ပဋိပတ္တိ တာဝန်များကို မထမ်းဆောင်ဘဲ နိဝရဏငါးပါးအနှိပ်စက်ခံရကာ စားသောက်ရေး ဖြင့်သာ အချိန်ကုန်နေသောရဟန်း။
၅။ ဒိဋ္ဌိဂတိကရဟန်း....အရိဋ္ဌရဟန်း, ကဏ္ဍကသာမဏေတို့ကဲ့သို့ အယူ ရှိသောရဟန်း။
၆။ မဟလ္လကပဗ္ဗဇိတရဟန်း....အိုမင်းမှ သာသနာတော်ဝင်လာပြီး လျှင် ရဟန်းသံဃာရှားပါးသောအရပ်၌ကျောင်းထိုင်လုပ်နေသောရဟန်း၊
၇။ မစ္ဆရိယရဘာဏကရဟန်း....ပေါ်လွင်ထင်ရှားသောဇာတ်တော်-စ သည်များကို သင်ကြားကာ ကျောင်းထိုင်လျက် တရားဟောနာမည် ကြီးပြီး ထိုကျောင်း,ဥယျာဉ်,ဒကာ,ဒကာမ-စသည်ကို မခွဲခွါနိုင်ဘဲ မဂ်ဖိုလ်မှဆုံးရှုံးရသောရဟန်း။
၈။ ဩလီနဝုတ္တိက ရဟန်း....တရားဟောကောင်းသည်ကို အကြောင်းပြု၍ သံဃာ့လယ်ယာ-စသည်ကို စီမံခန့်ခွဲကာ ဒုဗ္ဗစပုဂ္ဂိုလ်များကို မွေးမြူ လျက် ကြီးပွါးနေမှု၌ သာယာနေသောရဟန်း။

၌ဆိုခဲ့ပြီး ရဟန်း ၈-မျိုးမှာ မဂ်ဖိုလ်မရနိုင်ရှာကြဘဲ ထင်းကုလားတုံးနှင့် တူသောကြောင့် ဝမ်းနည်းဘွယ်ရာကောင်းလှပေသည်။

ရဟန်းတို့လူထွက်ခြင်းအကြောင်းများ။ ။၄-မျိုး၊ပဏ္ဏ—၂—ပါ—၁၂၂၊ဋ္ဌ—၁၂၃၊စာတုမသုတ်၊ ၁—ဒကာဒဥပါယာသ၊ ၂—ဩဒရိကတ္တ၊ ၃—ကာမဂုဏ၊ ၄—မာတုဂါမ။

၁။ ကောဓုပါယာသ....ဆိုဆုံးမသည်ကိုမခံယူလိုသောကြောင့်ဟုင်း။
၂။ ဩဒရိကတ္တ....စားသောက်ချင်တိုင်း မစားသောက်ရသောကြောင့်ဟုင်း။
၃။ ကာမဂုဏ....သူတပါးတို့ ကာမဂုဏ်ငါးပါးနှင့်တင့်တယ်စွာနေသည် ကိုမြင်ပြီး ထို့အတူ နေလိုသောကြောင့်ဟုင်း။
၄။ မာတုဂါမ....မာတုဂါမတို့ မလုံမခြုံဝတ်သည်ကိုမြင်ပြီး ရာဂသောင်း ကျန်းသောကြောင့်ဟုင်း။

၌အကြောင်းလေးမျိုးတွင် တမျိုးမျိုးကြောင့် ရဟန်းတို့လူထွက်တတ်ကြ သည်ဟုလို။ ။ဦမိဘယသုတ်၊ အံ—၄—ပါ—၄၃၉၊ဋ္ဌ—၃၃၀။ ၊၃-မျိုး၊ သဠာ—သံ—ပါ—၃၂၃၊ဋ္ဌ—၃၆။

၁။ ဣန္ဒြိယေသုအဂုတ္တဒွါရတာ····ဣန္ဒြေ ၆-ပါးကို မစောင့်စည်းခြင်း ကြောင့်၎င်း။

၂။ ဘောဇနေအမတ္တညုတာ····စားသောက်မှု၌ အတိုင်းအရှည် မသိသော ကြောင့်၎င်း။

၃။ ဇာဂရိယံအနနုယုတ္တတာ····သတိပဋ္ဌာန်လေးပါးကို အားမထုတ်သော ကြောင့်၎င်း။

၎င်းအကြောင်းသုံးမျိုးတွင် တမျိုးမျိုးကြောင့် လူထွက်တတ်ကြသည်ဟု လို။ ။သာရိပုတ္တသဒ္ဓိဝိဟာရိကသုတ်၊ ပါ-၃၂၂၊ ဋ္ဌ-၃၆၊ အကျယ်ဟော ထား၏။ ။၃-မျိုး၊သုခုမာလသုတ်၊အံ-၃-ပါ-၁၄၅၊ဋ္ဌ-၁၂၉၊ ၁ယောဗ္ဗ နမဒမတ္တ၊ ၂အာရောဂျမဒမတ္တ၊ ၃ဇီဝိတမဒမတ္တ၊ မှတ်သားဘွယ်ဂါထာ များပါ၏။ ၅-မျိုး၊ စဝနသုတ်၊ အံ-၅-ပါ-၆၊ ဋ္ဌ-၃၊ ၁အသဒ္ဓါ၊ ၂အဟိ ရိက၊ ၃အနောတ္တပ္ပီ၊ ၄ကုသီတ၊ ၅ဒုပ္ပည၊ ။ပဉ္စမအာဂါရဝသုတ်လည်းနည်း တူ။ ။ဟတ္ထိသာရိပုတ္တသုတ်၊အံ-၆-ပါ-၃၄၄၊ဋ္ဌ-၁၃၁၊ ဘိက္ခု၊ဘိက္ခုနီ၊ ဥပါသက၊ဥပါသိကာ၊ ရာဇာ၊ပြာဟ္မဏ၊တိတ္ထိယစသည်တို့နှင့် ရောနှောနေထိုင် က လူထွက်တတ်ကြောင်း ဟောထား၏၊ ၎င်းဟတ္ထိသာရိပုတ္တထေရ်မှာ ကဿပဘုရားရှင်လက်ထက်တော်အခါက ရဟန်းတော်တပါးကို လူထွက် အောင် တိုက်တွန်းခဲ့ဘူးသောကြောင့် (၇) ကြိမ်တိုင်အောင်လူထွက်လိုက်၊ ပြန်ဝတ်လိုက်နှင့် ဖြစ်နေပြီး (၇) ကြိမ်ခစ့်ပြီးနောက် ပြန်ဝတ်သော အခါတွင် ရဟန္တာဖြစ်သွား၏။ ။ဒီယ-၁-ဋ္ဌ-၃၁၂။ ။ငွေ စသည် အားကိုးရှိ လျှင်လည်း လူထွက်တတ်ကြောင်း၊ ထွန်တုံးအားကိုးဖြင့် လူထွက်အံ့ကြံ စည်သောရဟန်း၊ ဓမ္မ-ဋ္ဌ-၃-အုပ်-၃၇၀၊ ။ပိတ် ၈-တောင်အားကိုး ဖြင့် လူထွက်အံ့ကြံသောရဟန်း၊ဋ္ဌ-ပ-အုပ်-၁၉၂။ ။ငွေ ၁၀၀-အား ကိုးဖြင့် လူထွက်အံ့ကြံသောရဟန်း၊ ဋ္ဌ-၃-အုပ်-၁၅၅။ ။ပုဆိုးပိုင်း စုက်အားကိုးဖြင့် လူထွက်အံ့ကြံသောရဟန်း၊ ထေရ-ပါ-၂၅၀၊ ဋ္ဌ-ပ- အုပ်-၄၁၀၊ ။ဓမ္မ-ဋ္ဌ-၃-အုပ်-၅၃။ ။ရဟန်းတို့ ဣန္ဒြေမစောင့် စည်းလျှင် လူထွက်တတ်ကြောင်းဟောသော ဝေရဉ္ဇသုတ်၊ နိဒါန-သံ- ပါ-၄၂၀၊ဋ္ဌ-၁၉၂။ ။မိဠှာရသုတ်၊ပါ-၄၅၉၊ဋ္ဌ-၂၁၃။ ။အာသီ ဝိသောပမသုတ်၊ သဠာ-သံ-ပါ-၄၀၃၊ ဋ္ဌ-၆၃၊ လူထွက်တတ်ရှိမျှမက အပါယ်လေးပါးသို့လည်း ကျရောက်စေနိုင်ကြောင်း ဟောထား၏။ ။ ပုထုဇဉ်ရဟန်းတို့သိလပျက်စီးကြောင်း ၅-ပါး၊ ၁ပါရာဇိကာပဇ္ဇနာ၊ ၂သိက္ခာ ပစ္စက္ခာနနာ၊ ၃တိတ္ထိယပက္ကန္ဒနာ၊ ၄အရဟတ္တ၊ ၅မရဏ၊ ။ရဟန်းတို့လူထွက်လို

သော် ထင်လာသောပုဗ္ဗနိမိတ် ၅-ပါး၊ဇာတက—ဋ္ဌ—မ—အုပ်—၂၉၇။ ။ ရဟန်းတို့လူထွက်ကြခြင်းအကြောင်းကို ရှင်းပြခဏ်း၊ ဟိနာယဝတ္တနပဥှ၊ မိလိန္ဒ—ပါ—၂၄၀၊၂၄၃၊ ရဟန်းတို့လူထွက်ခြင်း,မထွက်ခြင်း အကြောင်း ၄-ပါးစီဧဟာထားသော ပပတိကသုတ်၊အံ—၄—ပါ—၃၀၀၊ဋ္ဌ—၂၄၉။ ။ အကြောင်း ၅-ပါးစီ ဟောထားသော အဂါရဝသုတ်၊ အံ—၅—ပါ—၆၊ ဋ္ဌ—၃။ ။ဓမ္မ—ဋ္ဌ—ပ—အုပ်—၄၇၊ဂါထာ။

ရဟန်းလူထွက်၏ အပြစ်များ။ ။ရဟန်းလူထွက်၏ အပြစ်များကိုဟောထားသော တိဿမေတ္တေယျသုတ်၊ သုတ္တ—ပါ—၄၀၆၊ ဋ္ဌ—၃—အုပ်—၂၄၉။ ။ မဟာနိ—ပါ—၁၁၂၊ ဋ္ဌ—၂၃၄။ ။ဂါထာ၊ သဂါထာ—သံ—ပါ—၂၁၁၊ ဋ္ဌ—၂၀၂။ ။သာနုသာမဏေအား မယ်တော်က ဆုံးမအပြစ်ပြသောဂါထာများ၊ဓမ္မ—ဋ္ဌ—၃—အုပ်—၃၁၉၊ပြာပုတွင်း ဆင်းရဲသလို-ဟု ဆုံးမထားသည်။ ။သာနုသာမဏေဝတ္ထု၊ထေရ—ဋ္ဌ—ပ—အုပ်—၁၄၃။ ။ရဟန်းတို့လူထွက်လျှင် သာသနာတော်မှ ရွေ့လျောသောကြောင့် သေသည်မည်ကြောင်း၊ ဗိဠာရသုတ်၊ နိဒါန—သံ—ပါ—၄၆၀၊ ဋ္ဌ—၂၁၃။ ။မိဘကို လုပ်ကျွေးရန် လူထွက်ရပါသည်ဟု လိမ်ပြောခြင်းကပင် မုသာဝါဒ အပြစ်ရနေပြီဖြစ်ကြောင်းဂါထာ၊ မဟာနိ—ပါ—၁၁၇၊ ဋ္ဌ—၂၃၀။ ။သိက္ခာသုတ်၊ အံ—၅—ပါ—၃။ ။ထေရ—ပါ—၂၀၅၊ ဋ္ဌ—၃—အုပ်—၉၀၊ ၉၉။ ။ ပဏ်—၃—ပါ—၄၅၊ဋ္ဌ—၃၆။ ။လူထွက်လိုသော တိဿရဟန်းအားဆုံးမခဏ်း၊ခန္ဓ—သံ—ပါ—၀၇၊ဋ္ဌ—၂၀၄။ ။စောင်းဥပမာဖြင့် ဝီရိယမျှစေရန် ဆုံးမတော်မူပုံ၊အံ—၆—ပါ—၃၂၉၊ဋ္ဌ—၁၂၃။ ။ရဟန်းဘဝမှ လျှောကျလျှင် အကျနာကြောင်း မိန့်ဆိုထားပုံ၊ပဏ်—၃—ဋ္ဌ—၁၁၀၊ပါ—၁၅၇။

ရဟန်းတို့ လူမထွက်ခြင်း အကြောင်းများ။ ။စဝနသုတ်၊ အံ—၅—ပါ—၆၊ ဋ္ဌ—၃၊ သဒ္ဓါ၊ ဟိရိ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာ၊ ၅-ပါး။ ။ပပတိကသုတ်၊ အံ—၄—ပါ—၃၀၀၊ ဋ္ဌ—၂၄၉။ ။အဂါရဝသုတ်၊ အံ—၅—ပါ—၆၊ ဋ္ဌ—၃။ ။ဓမ္မ—ဋ္ဌ—ပ—အုပ်—၄၇၊ ဂါထာ။ ။ဝိပဿနာဗလဝရဟန်းသည်ပင် လူမထွက်တော့ကြောင်း၊သဠာ—သံ—ပါ—၃၉၅၊ဋ္ဌ—၉၇။ ။ရဟန်းတော်များမှာ မင်္ဂိုလ်ကိုမရသေးစေကာမူ မဂ္ဂင် ၈-ပါးကို ပွါးများအားထုတ်နေလျှင် လူမထွက်တော့ကြောင်း တိကျစွာဟောထားသော နဒီသုတ်၊ မဟာ—သံ—ပါ—၄၉၊ ဋ္ဌ—၁၇၃။ ။သတိပဋ္ဌာန်ကို အားထုတ်နေကလည်း လူမထွက်တော့ကြောင်း ဟောထားသော သလဠ္ဌာဂါရသုတ်၊ပါ—၂၆၂၊ ဋ္ဌ—၂၉၃။

**ရဟန်းတို့ သာသနာတော်၌ ပျော်မွေ့ကြခြင်း အကြောင်းများ။** ။အမိ အရွယ်ရှိလျှင်အမိ၊ အမအရွယ်ရှိလျှင်အမ၊ နှမအရွယ်ရှိလျှင်နှမ၊ သမီး အရွယ်ရှိလျှင်သမီးဟု နှလုံးသွင်းကြသောကြောင့်၄င်း၊ ကောဋ္ဌာသကိုနှလုံး သွင်းသောကြောင့်၄င်း၊ ဣန္ဒြေကိုစောင့်စည်း သောကြောင့်၄င်း၊ ရဟန်း တော်ငယ်ကလေးများ သာသနာတော်၌ ပျော်မွေ့ကြကြောင်းကို အသျှင် ပိဏ္ဍောလဘာရဒွါဇထေရ်က ဥဒေနမင်းအား ပြောပြချက်။ သဠာ–သံ– ပါ–၃၂၀၊ ဋ္ဌ–၃၀။ ။ရဟန်းတော်များ သာသနာတော်၌ ပျော်မွေ့ကြ သည်မှာ သေခြင်းတရားကို ကြောက်လန့်ကြသောကြောင့်ဟု သီရိဓမ္မာ သောကမင်းကြီးက ညီတော်အိမ်ရှေ့မင်းသားကို သိစေပုံ၊ ဝိ–၁–ဋ္ဌ–ပ– အုပ်–၄၁။ ။ရဟန်းဘဝ၌ မပျော်မွေ့ခြင်း၊ ပျော်မွေ့ခြင်း အကြောင်းများ ကိုဟောသော ဥပဇ္ဈာယသုတ်၊ အံ–၅–ပါ–၆၁၊ ဋ္ဌ–၂၀၊ [1]ဣန္ဒြိယေသုဂုတ္တ ဒွါရတာ၊ [2]ဘောဇနေမတ္တညုတာ၊ [3]ဇာဂရိယာနုယောဂ၊ [4]အာရဒ္ဓဝိပဿက၊ [5]ဒိဿာဥပဋ္ဌက၊ ဤ ၅-ပါးနှင့်ပြည့်စုံလျှင် ပျော်မွေ့၍၊ မပြည့်စုံလျှင် မပျော် မွေ့ကြောင်း ဟောထား၏။

**ရဟန်းတို့အသားစားခြင်း၌ စိစစ်ပြချက်။** ။ဇီဝကသုတ်၊ ပဏ်–၂–ပါ– ၃၂၊ ဋ္ဌ–၃၃၊ ဗြဟ္မဝိဟာရလေးပါး ပွါးများ၍, ([1]ဒိဋ္ဌပရိသင်္ကိဘ၊ [2]သုတ ပရိသင်္ကိဘ၊ [3]ဒိဋ္ဌသုတပရိသင်္ကိဘ) အစွန်းသုံးပါးမှ လွတ်လျှင် အပ်သော အသားများကို စားခြင်း၌ အပြစ်မရှိကြောင်း ဟောထား၏။ ။ရဟန်းတို့ စားဘို့ရန် ရည်ရွယ်၍ သတ်ရာ၌ ရအပ်သောအပြစ် ၅-ပါး၊ ပါ–၃၄၊ ဋ္ဌ–၃၅။ ။ရဟန်းတို့ ငါးအမဲစသည်ကို စားရာ၌ တိကောဋိပရိသုဒ္ဓ ဖြစ်- မဖြစ်စိစစ်ပြချက်၊ ဝိ–၁–ပါ–၂၆၄၊ ဋ္ဌ–၃–အုပ်–၁၀၉။ ။အစွန်း သုံးပါးမှလွတ်လျှင် စားအပ်ကြောင်း၊ ၄–ပါ–၃၅၉၊ ဋ္ဌ–၁၁၁။ ။ သီဟသေနာပတိဝတ္ထု၊ ၃–ပါ–၃၂၀၊ ဋ္ဌ–၃၇၀၊ပါ–၃၃၄၊၃၃၅။ ။ မဇ္ဈိမ်သဝိနိစ္ဆယကထာ၊ သင်္ဂဟ–ဋ္ဌ–၂၅။ ။မှဆိုးက ရဟန္တာ အသျှင် မြတ်အား အမဲ သား ငါး စသည်ကို လှူဒါန်းနေရာ လူတို့က သဘောတူ အသက်းမွေးနေသည်ဟု ကဲ့ရဲ့ကြသည်ကို ဖြေရှင်းထားပုံ၊ သုတ္တ–ဋ္ဌ–ပ– အုပ်–၂၆၁၊ ပါ–၃၁၁။ ။ဗာလောဝါဒက ဇာတက၊ ပါ–၈–အုပ်– ၆၀၊ ဋ္ဌ–၃–အုပ်–၂၃၉။

**ရဟန်းတို့မစားကောင်းသော အသားကြီး ၁၀-မျိုး။** ။ဝိ–၃–ပါ–၃၁၀၊ ၃၁၂၊ ဋ္ဌ–၃၇၆။ ။၁–ဋ္ဌ–၃–အုပ်–၂၉၂၊ ပါ–၃၆၃။ ။မဇ္ဈိမ်သ ဝိနိစ္ဆယကထာ၊ သင်္ဂဟ–ဋ္ဌ–၂၅၊ ၁၀၄၊ လူသားစားလျှင် တုလ္လစ္စယ

အာပတ်သင့်ရောက်၍ ကျန်အသားများကိုစားမိလျှင် ဒုက္ကဋအာပတ် သင့်ရောက်ကြောင်း ဟောထား၏။ ။မနုဿမံသပဋိက္ခေပကထာ၊ ဝိ–၃–ပါ–၃၁၀၊ ဋ္ဌ–၃၇၆။

၁။ လူသား····မနုဿမံသ။
၂။ ဆင်သား····ဟတ္ထိမံသ။
၃။ မြင်းသား····အဿမံသ။
၄။ ခွေးသား····သုနခမံသ။
၅။ မြွေသား····အဟိမံသ။
၆။ ခြင်္သေ့သား····သီဟမံသ။
၇။ ကျားသား····ဗျဂ္ဃမံသ။
၈။ သစ်၏အသား····ဒီပိမံသ။
၉။ ဝံသား····အစ္ဆမံသ။
၁၀။ အောင်းသား····တရစ္ဆမံသ။

**ရဟန်းတို့မပြုကောင်းသောအမှုများ။** ။ကုလဒူသက ၈-ပါး၊ အနေသန ၂၁-ပါး၊ (ကု-ခဏ်း၊ အ-ခဏ်း၌ အကျယ်ရေးခဲ့ပြီ)။ ။မိစ္ဆာဇီဝအပြစ်ကိုဟောထားသော သတဓမ္မဇာတက၊ ပါ–ပ–အုပ်–၄၅၊ ဋ္ဌ–၃–အုပ်–၇၄။ ။ရဟန်းတို့တွင် အရှက်မရှိသူတို့မှာ အသက်မွေးလွယ်၍ အရှက်ရှိသူတို့မှာ အသက်မွေးခက်ကြောင်း ဂါထာများ၊ ဓမ္မ–ဋ္ဌ–၃–အုပ်–၂၂၄။ ။ရဟန်းတို့မှာ မိမိ၏သီလအကျင့်စသည်ဖြင့် လူတို့အံ့ဩဘွယ် မဖြစ်စေရဟု ဟောထားသော နကုဟနသုတ်၊ (ပ–၃)၊ ဣတိ–ပါ–၂၁၄၊ ဋ္ဌ–၁၀၂။ ။ပါ–၂၁၅၊ဋ္ဌ–၁၀၇။ ။ရဟန်းတို့မှာ လာဘ်လာဘရအောင် အားထုတ်ရာ၌ ရှက်ဖွယ်ကောင်းလှပုံကို ဟောထားသော လာဘဂရဟဇာတက၊ ပါ–ပ–အုပ်–၈၆၊ ဋ္ဌ–၃–အုပ်–၃၇၈။ ။ရဟန်းတို့မှာ ငယ်ရွယ်စဉ်အခါတွင် ဆေးကုခြင်းစသည်ဖြင့်၎င်း၊ မကျက်စားသင့်ရာ၌ ကျက်စားနေခြင်း စသည်ဖြင့်၎င်း ပြုလုပ်ပြီးနေက ကြီးသောအခါတွင် နိဗ္ဗာန်ကို မမြင်နိုင်ကြောင်း၊ ဒီဃ–၂–ဋ္ဌ–၂၄၅၊ ပါ–၁၀၀။ ။မိစ္ဆာဇီဝအမှုများကို ပြုခြင်းကြောင့် ဒုဂ္ဂတိရောက်နိုင်ပုံ၊ မပြုခြင်းကြောင့် သုဂတိရောက်နိုင်ပုံကို ပြဆိုခဏ်း၊ ၁–ဋ္ဌ–၂၈၈၊ ပါ–၁၅၃။ ။ရသေ့ရဟန်းအဝတ်ဖြင့် စီးပွါးမရှာသင့်ကြောင်း ဟောထားသောဂါထာ၊ ဥဒါန–ပါ–၁၅၇၊ ဋ္ဌ–၃၀၃။ ။စရိယာ–ပါ–၄၀၈၊ ၉၊ ဋ္ဌ–၁၀၁၊ ၁၀၄။ ။(သောမနဿဇာတက၌လည်း ရှိ၏)။ ။ရဟန်းတို့ လောင်းကစားမှု

မပြုအပ်ကြောင်း၊ ဝိ—၁—ဋ္ဌ—၃—အုပ်—၁၄၀။ ။ရဟန်းတို့မှာ သီတင်း သုံးဘော်တို့နှင့် လိမ်လည်၍ သော်၄င်း၊ တိုးပွါးအောင်သော်၎င်း လဲလှယ် ခြင်း မပြုအပ်ကြောင်း၊ မဟာနိ—ပါ—၃၀၁၊ ဋ္ဌ—၃၆၇။ ။သုတ္တ—ပါ— ၄၂၃၊ဋ္ဌ—၃—အုပ်—၂၀၀၊ ဂါထာနံပါတ်-၉၃၅။ ။ဝိ—၁—ပါ—၃၄၉၊ ဋ္ဌ—၃—အုပ်—၂၇၉၊ ၂၀၀။ ။ပစ္စည်းရအောင် မပြုကောင်းသော အမှု များ၊ လပနာနိဒ္ဒေသ၊ အဘိ—၂—ပါ—၃၆၆၊ ဋ္ဌ—၄၆၄၊ ၄၆၇။ ။ နိပ္ပေသိကတာနိဒ္ဒေသ၊နေမိတ္တိကတာနိဒ္ဒေသ၊ပါ—၃၆၆၊ ဋ္ဌ—၄၆၅၊၆။ ။ (ကုဟနဝတ္ထုခဏ်း၊ ကုဟကနိဒ္ဒေသခဏ်း၌လည်း ရှိ၏)။

**ရဟန်းတို့မပြုအပ်သော ကြမ်းကြုတ်သောအမှုများ။** ။(ကိုယ်-နှုတ်-စိတ် သုံး မျိုးတို့ မကြမ်းထမ်းရကြောင်း ဟောထားတော်မူပုံ၊ (အပ္ပဂဗ္ဘ အခဏ်း ၌၎င်း၊ ပါဂဗ္ဘိယ အခဏ်း၌၎င်း ရေးခဲ့ပြီ)။ ။ခုဒ္ဒက—ပါ—၁၁၊ ဋ္ဌ— ၂၀၆။ ။စောင့်ရှောက်အပ်ကြောင်းဂါထာများ၊ ဓမ္မ—ဋ္ဌ—၃—အုပ်— ၂၁၂၊ ၃၆၂။ ။မဟာနိ—ပါ—၁၇၅၊ ၃၀၅၊ ဋ္ဌ—၂၉၄၊ သိထားဘွယ် ကောင်းလှ၏။ ။မပြုအပ်သောအနာစာရ၊ ပြုအပ်သော အာစာရ အမှု များကို ခွဲပြထားတော်မူပုံ၊ အဘိ—၂—ပါ—၂၅၅၊ဋ္ဌ—၃၁၉၊ ။နိဒါန— သံ—ပါ—၄၀၁၊ ဋ္ဌ—၁၅၄၊ အကျယ်။

**ရဟန်းတို့မပြောကောင်းသောစကားများ။** ။ဝိသုဒ္ဓိ—၁—အုပ်—၂၆၊၂၇၊ ။ မဟာနိ—ပါ—၂၉၀၊ ၃၀၃၊ ဋ္ဌ—၃၄၉၊ ၃၇၀၊ လာဘ်ရအောင်,ဘုန်း ကြီးအောင်ဟူသော ယုတ်မာသောအလိုဆိုးဖြင့် မပြောကောင်းသောစကား များ၊ (အနေသနခဏ်း၌လည်း ရှိ၏)။ ။ရဟန်းတို့မှာ မိဘ စသည် တကယ်မဟုတ်ပါဘဲလျက် ပစ္စည်းရလိုမှု၊ စားသောက်ရေး၌ ချောင်လည် လိုမှုကြောင့် အမိ အဘ စသည်ဖြင့် မခေါ်ဝေါ်အပ်ကြောင်း၊ ဓမ္မ—ဋ္ဌ—၃— အုပ်—၂၂၄။ ။ပစ္စည်းလေးပါးနှင့်စပ်၍, ကာယဝိညတ် ဝစီဝိညတ် ၂- ပါး အပ်-မအပ် ရှင်းပြခဏ်း၊မိလိန္ဒ—ပါ—၂၂၃။ ။ရဟန်းဟူသည်မှာ တရားစကားပြောလျှင်ပြော၊ မပြောလျှင်အရိယာအသျှင်တို့ ဆိတ်ဆိတ်နေ ခြင်းကဲ့သို့ ဆိတ်ဆိတ်နေရမည်ဟု ဟောထားတော်မူပုံ၊ ဥဒါန—ပါ—၀၉၊ ဋ္ဌ—၉၄။ ။တိရစ္ဆာနကထာများကို မပြောဆိုရဟု ဟောထားတော်မူပုံ၊ ပါ—၁၁၃၊ ၁၁၄။

**ရဟန်းတို့ ပစ္စည်းလေးပါးစသည်၌ မကပ်ငြိရန်။** ။ရဟန်းတို့လာဘ်လာဘ၌ မကပ်ငြိရန်ဟောထားသော ဇိဝိကသုတ်၊ ဇာတ်—ပါ—၂၅၅၊ဋ္ဌ—၂၇၆။ ။

နာဂသုတ်၊ နိဒါန-သံ-ပါ-၄၅၀၊ ဋ္ဌ-၂၁၂။ ။အပ-ပါ-ပ-အုပ်-၁၁၊ ဋ္ဌ-ပ-အုပ်-၁၉၀၊ ရဟန်းဟူသည်မှာ စိတ်အလိုသို့လည်းမလိုက်ရ၊ ပစ္စည်းကိုလည်း မမက်မောရဟု ကိုယ့်ကိုယ်ကို ဆုံးမပြီး ပစ္စေက ဗုဒ္ဓါဖြစ်သွားသော ဗာရာဏသီမင်း။ ။လာဘ်လာဘကို မမျှော်ရန်ဂါထာ၊ မဟာနိ-ပါ-၁ဂ၂၊ ဋ္ဌ-၂၉၉၊ ။မြင်ခြင်း ကြားခြင်းစသည်၌လည်း မကပ်ငြိရကြောင်း ဂါထာ၊ ပါ-၁၀၄၊ ။ပစ္စည်းလေးပါး၌ တဏှာဖြစ်နေလျှင် သံသရာမှ မလွတ်နိုင်ကြောင်း ဟောထားသော တဏှုပ္ပါဒသုတ်၊ ဧကတိ-ပါ-၂၆ဂ၊ ဋ္ဌ-၃၁၇၊ ဂါထာများပါ၏။ ။ရဟန်းတို့ ရပ်ရွာနှင့် ဒကာ,ဒကာမအပေါ်၌ စိတ်ထားရပုံ ပျားပိတုန်း ဥပမာဂါထာ၊ နေတ္တိ-ပါ-၁၅၉၊ ဋ္ဌ-၂၆၂။ ။ဇာတက-ဋ္ဌ-ပ-အုပ်-၃၇၀။ ။ထေရ-ပါ-၃၄၀၊ ဋ္ဌ-ဒု-အုပ်-၃၅၇။ ။စန္ဒူပမာသုတ်၊ နိဒါန-သံ-ပါ-၄၀၁၊ ဋ္ဌ-၁၅၄၊ ။ရပ်ရွာ၌ကပ်ငြိခြင်း၊မကပ်ငြိခြင်းကိုပြဆိုချက်၊မဟာနိ-ပါ-၃၀၂။ ။ဓမ္မ-ဋ္ဌ-ပ-အုပ်-၂၃၆၊၃ဂ၅၊ ။၃ဂ၆၊၃ဂဂ၊ ။မိလိန္ဒ-ပါ-၂၀ဂ၊ဂါထာ။ ။ပစလာယမာနသုတ်၊ အံ-၇-ပါ-၄၆၁၊ဋ္ဌ-၁၇၄၊ ။ပစ္စည်းလေးပါးကို မဆင်ခြင်ဘဲ သုံးစွဲလျှင် ပုထုဇဉ်တို့ ရှာမှီးခြင်းပင်မည်ကြောင်း၊ ပဏ-၁-ပါ-၂၃၀၊ ဋ္ဌ-ဒု-အုပ်-၉၇။ ။ရဟန်းတို့ သိမှီးခြင်း ၇-မျိုး၊ (သန္နိဓိ)၊ မဟာနိ-ပါ-၂၉၀၊ ဋ္ဌ-၃၅၅၊ သိမှီးခြင်း မပြုရန် ဟောထားတော်မူ၏၊ မှတ်သားဘွယ်ရာကောင်းလှ၏။ ။ရဟန်းတို့ ပစ္စည်းလေးပါးရှားပါးရာ,ပေါများရာ၌ နှလုံးသွင်းကောင်း,မကောင်းကို ပြဆိုချက်၊ ဒီဃ-၁-ဋ္ဌ-၂ဂဂ၊ပါ-၁၅၃။ ။သန္နိဓိ ၂-မျိုးအကျယ် ပြဆိုချက်၊ (ဝိနယ သန္နိဓိ၊သလ္လေခသန္နိဓိ)၊ ၁-ဋ္ဌ-၇၉၊ပါ-၆။

ရဟန်းတို့စားသောက်ရေးနှင့်စပ်၍ မှတ်သားဘွယ်များ။ ။ရဟန်းတို့ သုံးဆောင်စားသောက်ခြင်း ၂-မျိုး၊ (သာဝဇ္ဇဘောဂီ၊အနဝဇ္ဇဘောဂီ)၊ စူဠနိ ပါ-၂၅ဂ၊ ဋ္ဌ-၁၁ဂ၊ ။မဟာနိ-၁ဂ၅၊ ဋ္ဌ-၃၀၁။ ။ဇာတက-ပါ-ဒု-အုပ်-၅၄၊ ဋ္ဌ-မ-အုပ်-၂၆၇။ ။ရဟန်းတို့စားသောက်ရေးနှင့် ပတ်သက်၍ ငုံ့စားခြင်း,မော့စားခြင်း-စသည်မဖြစ်ရအောင် မိစ္ဆာဇီဝမှ ရှောင်ကြဉ်ရန် အသျှင်သာရိပုတ္တရာဆရ ဟောထားသော သုစိမုခီသုတ်၊ ခန္ဓ-သံ-ပါ-၂၀၀၊ဋ္ဌ-၃၁ဂ၊ ။ရဟန်းဟူသည်မှာ သူတပါးကိုမှီစားရသောကြောင့် ပြိတ္တာသဖွယ်ဖြစ်ရကား အဦးလှူလှူ၊ စားဆဲလှူလှူ၊ စားပြီးမှလှူလှူ-အလှူခံရကြောင်း ဘုရားရှင်ကိုယ်တော်တိုင် မိန့်ကြားသော

ဂါထာ၊ ဓမ္မ–ဠ–၃–အုပ်–၃၈၀။ ။သုတ္တ–ပါ–၃၁၀ ဠ–ပ–အုပ်–၂၅၀။

**ရဟန်းတို့မှာ ပစ္စည်းလေးပါး ရလွယ်မှုသာ**….ရဟန်းဘရားကို အားထုတ်နိုင်ကြောင်း၊ ပဏ်–၁–ပါ–၂၃၆၊ ဠ–၃–အုပ်–၁၄၁။ ။ပြည့်စုံသင့်သောပစ္စည်းများပြည့်စုံမှသာ၊ ပါ–၁၅၊ဠ–၁–အုပ်–၉၂၊ ။သုလဘသုတ်၊ ဇာတိ–ပါ–၂၆၄၊ ဠ–၃၀၀။ ။ပဏ်–၂–ဠ–၂၃၃၊အင်္ဂုတ္တိုရ်မာလမထေရ်ဝတ္ထု။ ။ရဟန်းဘို့ပစ္စည်းလေးပါးရလွယ်ကြောင်းနည်း၊ ဇာတိ–ပါ–၂၆၄၊ဠ–၃၀၀။

**ရဟန်းတို့ပစ္စည်းတောင်းရာနှင့်စပ်၍ မှတ်သားဘွယ်များ**။ ။ဝိ–၁–ပါ–၃၁၄၊ ဠ–၃–အုပ်–၂၄၀၊ လက်အမှုကိုတောင်းခြင်း၊ ပစ္စည်းကိုတောင်းခြင်း၌ စိစစ်ပြထား၏။ ။၂–ပါ–၁၃၉၊ ဠ–၁၂၄။ ။၁–ပါ–၂၁၉၊ ဠ–၃–အုပ်–၁၄၀-မှ ၁၅၁-အထိ၊ ဠ–၂၀၇။ ။ဝိညတ္တိဝိနိစ္ဆယကထာ၊ သင်္ဂဟ–ဠ–၁၅၊ အကျယ်။ ။ရဟန်းဘို့ပစ္စည်းလေးပါးကိုအလှူခံရာနှင့်စပ်၍ တောင်းကောင်းသောပစ္စည်း၊ အရိပ်အခြွက်ပြောကောင်းသောပစ္စည်း၊ မပြောကောင်းသော ပစ္စည်း-သုံးမျိုး ခွဲပြခဏ်း၊ သုတ္တ–ဠ–၃–အုပ်–၂၁၅၊ ပါ–၃၀၉၊အနည်းငယ်လှူသော်လည်းမရှိချသင့်ကြောင်းဂါထာလည်းပါ၏။ ။မိလိန္ဒ–ပါ–၂၂၃။ ။သင်္ကန်းစသည်ကို လှူရာ၌အပ်အောင် အလှူခံနည်းကိုဟောထားတော်မူသော ရာဇသိက္ခာပုဒ်၊ ဝိ–၁–ပါ–၃၂၆၊ ဠ–၃–အုပ်–၂၅၆၊၂၅၇၊ရွှေငွေစသောပစ္စည်းများကို နဝကမ္မအတွက်လှူရာ၌ အလှူခံအပ်,မအပ်ကိုလည်း စိစစ်ပြထား၏။

**ရဟန်းတို့ရွှေငွေကိုမကိုင်မခံအပ်ကြောင်း**—ဘင်းကြပ်စွာ တားမြစ်ထားတော်မူပုံ။ ။မဏိစူဠကသုတ်၊သဠာ–သံ–ပါ–၅၀၉၊ဠ–၁၄၄၊ရွှေငွေကိုမကိုင်ခံအပ်လျှင် ကာမဂုဏ် ၅-ပါးလည်း အပ်တော့ကြောင်း ကာမဂုဏ် ၅-ပါးမှအပ်လျှင်လည်း ရဟန်းမဟုတ်တော့ကြောင်း ဟောထားတော်မူ၏။မြက်ကိုလိုလျှင် မြက်ကိုသာအလှူခံရမည်၊ ရွှေငွေကိုကား မည်သည့်နည်းနှင့်မျှ အလှူခံချဟု ဟောထားတော်မူ၏။ ။ဝိ–၃–ပါ–၃၄၂၊ ။၄–ပါ–၄၉၅၊ ။ရဟန်းဘို့မကိုင်ကောင်း၊ မခံယူကောင်းသောပစ္စည်းများ၊ ဝိ–၁–ဠ–၃–အုပ်–၁၂၉။ ။အနာမာသဝိနိစ္ဆယကထာ၊ သင်္ဂဟ–ဠ–၂၀။

**ရဟန်းတို့လူတို့နှင့်ရောနှောခြင်းအပြစ်များ။** ။လူတို့နှင့်ရောနှောသောရဟန်းတို့အပြစ်ကိုပြသောဂါထာ၊ ထေရ—ပါ—၃၅၀၊ ဋ္ဌ—၃—အုပ်—၄၅၀။ ။လူတို့နှင့်ရောနှောသောရဟန်းတို့ဖြစ်တတ်သော သဘောထားများ၊ ခန္ဓ—သံ—ပါ—၁၀၊ဋ္ဌ—၂၄၀။ ။သဠာ—သံ—ပါ—၃၀၇၊ ဋ္ဌ—၇၆။ ။အင်္ဂ—၂—ပါ—၃၇၁၊ ဋ္ဌ—၄၇၂၊၃။ ။ပါ—၂၅၅၊၆၊ဋ္ဌ—၃၂၅။(ဂိဟိသန္ထဝဇာတ)။ ။သုတ္တ—ဋ္ဌ—ပ—အုပ်—၁၀၄၊ ပါ—၃၀၀။ ။မဟာနိ—ပါ—၃၀၂။ ။ဇာတ်—ပါ—၂၄၄၊ ဋ္ဌ—၂၃၇၊သဟသောကီ သဟာနန္ဒီ-စသည်ဖြင့်ဟောထားတော်မူ၏။ ။ပဋိဗဒ္ဓ ၂-မျိုး၊ (စူဠနိ—ပ—ကျမ်း၌ ရေးခဲ့ပြီ)။ ။လူတို့နှင့်မရောနှော ရာ၌ နမူနာယူစရာကောင်းလှသော ရဟန်းတော် ၂-ပါး၊ နိဒါန—သံ—ဋ္ဌ—၁၅၄၊ ပါ—၄၀၁။ ။အပြစ်ပြဂါထာ၊မိလိန္ဒ—ပါ—၂၀၀။ ။လူတို့နှင့်ရောနှောပြစ်၊နတ်ပြည်ကိုတောင့်တ၍ ကျင့်သောအပြစ်၊ ဒုဿီလရဟန်း၏ အပြစ်များကို အကျယ်ဟောထားသောဒါရုက္ခန္ဓောပမသုတ်၊သဠာ—သံ—ပါ—၃၀၆၊ဋ္ဌ—၇၄၊ပုဂ္ဂိုလ်ဂ-မျိုး၊ ရဟန်းတို့ကိုဟောပြောစရာအလွန်ကောင်းလှ၏။ ။ရွာနီးကျောင်း၌နေရသောအပြစ်များ၊ နိဒါန—သံ—ပါ—၄၀၅၊ ဋ္ဌ—၁၅၉။

**ရဟန်းတို့က မိဘစသော သူများအပေါ်၌ပြုပေးကောင်းသောအမှုများ။** ။(ကုလဒူသကခန်း၊အနေသနခန်းတို့၌လည်း တွဲလျက်ပြထားတတ်၏)။ ။ဝိသုဒ္ဓိ—ပ—အုပ်—၉၁၊မိဘအပေါ်ပြုနိုင်သောအမှုများနှင့် ညီအစ်ကိုအမ, နှမအပေါ်၌ဆေးကုနိုင်ကြောင်း။ ။ဝိ—၁—ဋ္ဌ—၃—အုပ်—၆၄၊အကျယ်။ ။သဂါထာ—ဋ္ဌ—ဂ၊၁၃၊ ဘေသဇ္ဇာဒိကရဏဝိနိစ္ဆယကထာ။ ။ပန်းသစ်သီးစသည်ကိုပေးကောင်း,မပေးကောင်းသောပုဂ္ဂိုလ်များကို ခွဲပြခန်း၊ဝိ—၁—ဋ္ဌ—၃—အုပ်—၂၀၉၊၂၁၀။ ။သဂါထာ—ဋ္ဌ—၂၁။ ။လူတို့အား ဝါး-စသည်ကို ပေးကောင်းအောင် ရဟန်းတို့ပြုလုပ်ပုံအစီအစဉ်ကိုပြဆိုခန်း၊အင်္ဂ—၂—ဋ္ဌ—၃၂၀၊ပါ—၂၅၅။ ။လူတို့က သံဃိကဉယျာဉ်စသည်မှ သစ်သီးစသည်ကို လာတောင်းရာနှင့်စပ်၍ ကြိုတင်ပြုလုပ်ထားဘွယ်များ၊ဝိ—၁—ဋ္ဌ—၃—အုပ်—၂၀၉၊၂၁၀။ ။သဂါထာ—ဋ္ဌ—၂၁၊၂၃၊၄၀၆။ ။ဝိ—၅—ဋ္ဌ—၂၅၀။ ။ဆွမ်းဦးစသည်ကို ရဟန်းတို့က ပေးကောင်း, မပေးကောင်းသော ပုဂ္ဂိုလ်များကို ခွဲခြားပြခန်း၊ဝိ—၁—ဋ္ဌ—၃—အုပ်—၆၇၊၆၈။ ။မဇ္ဈ—ဋ္ဌ—ပ—အုပ်—၄၂၈။ ။သဂါထာ—ဋ္ဌ—၁၃။ ။ရဟန်းတို့က မပေးကောင်းသော ပေးပုံပေးနည်းများကို ပြဆိုခန်း၊ဝိ—၁—ဋ္ဌ—၃—အုပ်—၃၀၂။ ။

**ရဟန်းတို့ မကြည့်ရှုကောင်းသော အရာများ။** ။ရဟန်းတို့မှာ ကစားရာ ရေကန်,ဥယျာဉ်,အာရာမ်,ကစားရုံ စသည်သို့သွား၍ ကြည့်ရှုလျှင် ဒုက္ကဋ အာပတ် သင့်၏ ဟု ပညတ်ထားတော်မူပုံ၊ဝိ–၂–ပါ–၃၉၂၊ဌ–၂၁၂။ ။မာတုဂါမတို့၏ အင်္ဂါဇာတ်ကို ကြည့်ရှုလျှင် ဒုက္ကဋအာပတ် သင့်၏ ဟု ပညတ်ထားတော်မူပုံ၊ဝိ–၁–ပါ–၁၆၉၊ဌ–၃–အုပ်–၁၁၈။ ။ဝိ–၅–ဌ–၂၃၂-အညွှန်း။ ။ဥယျုတ္တသေနာသိက္ခာပဒ၊ဝိ–၂–ပါ–၁၃၉၊ဌ–၁၂၅၊ စစ်ချီ,စစ်တက် စသည်ကိုကြည့်ရှုလျှင် ပါစိတ္တိအာပတ်သင့်၏ဟု ပညတ်ထားတော်မူပုံ။ ။နစ္စ,ဂီတ,ဝါဒိတ သိက္ခာပဒ၊ဝိ–၂–ပါ–၃၅၀၊ ဌ–၂၀၁၊ ပွဲလမ်းသဘင်ကြည့်ရှုခြင်းစသည်ပြုလျှင် ဒုက္ကဋအာပတ်သင့်၏ ဟု ပညတ်ထားတော်မူပုံ။ ။ဆွမ်းလောင်းသူ၏(ယောက်ျား၏ မျက်နှာပင် ဖြစ်စေကာမူ)မျက်နှာကိုကြည့်ရှုလျှင် ဒုက္ကဋအာပတ်သင့်၏ ဟု ပညတ်ထားတော်မူပုံ၊ ဝိ–၄–ပါ–၃၈၄၊ဌ–၁၂၁။ ။၅–ပါ–၃၆၇၊ ဌ–၂၃၃။ ။မှန်စသည်ကို အကြောင်းမရှိဘဲကြည့်လျှင် ဒုက္ကဋအာပတ် သင့်၏ ဟု ပညတ်ထားတော်မူပုံ၊ဝိ–၄–ပါ–၂၄၂၊ဌ–၄၅။ ။သင်္ဂဟ–ဌ–၄၃၇။ ။ရေကန်ကြည့်,တောတောင်ကြည့် စသည်သွားလိုက အနမတဂ္ဂ သံသရာကို ဆင်ခြင်နိုင်လျှင်၊ ဆင်ခြင်လျှင် သွားသင့်ကြောင်း မိန့်ဆိုထားပုံ၊ပဏ်–၂–ဌ–၁၅၄၊ပါ–၁၀၀။ ။

**ရဟန်းတော်တို့ အချင်းချင်း ခေါ်ဝေါ်ရပုံကို ပြဆိုခဏ်း။** ။မထေရ်ကြီး, မထေရ်ငယ်တို့ အပြန်အလှန် ခေါ်ဝေါ်ရပုံကို ဟောထားတော်မူပုံ၊ ဒီဃ–၂–ပါ–၁၂၇၊ဌ–၁၀၄။ ။ရှင်ရဟန်းတို့အပေါ်၌ ခေါ်ဝေါ်ပုံ နမူနာ ယူစရာ၊ ပဏ်–၂–ဌ–၂၃၂၊ပါ–၃၀၅။ ။ရဟန်းတော်တို့ အချင်းချင်းတွင် သုံးဝါကြီး,သုံးဝါငယ် ပုဂ္ဂိုလ်တို့မှာ နေရာတခုတည်း၌ အတူတကွနေထိုင်ကောင်းကြောင်း၊ ထို့ထက် ကြီးလျှင်,ငယ်လျှင် အတူမနေထိုင်ကောင်းကြောင်း၊ ဝိ–၄–ပါ–၃၁၉၊ဌ–၇၆။ ။အတူမနေထိုင်ကောင်းသောသူများ၊ပါ–၃၂၀။ ။သင်္ဂဟ–ဌ–၄၂၆။ ။

**ရဟန်းတို့ သီလ လေးပါး။** ။အကျယ်ဟောထားသော တုဝဋ္ဋကသုတ္တ နိဒ္ဒေသ၊ မဟာနိ–ပါ–၂၆၃၊ဌ–၃၂၆။ ။သုတ္တ–ပါ–၄၂၁၊ဌ–၃–အုပ်–၂၇၇၊ [၁]ပါတိမောက္ခသံဝရ သီလ၊ [၂]ဣန္ဒြိယသံဝရ သီလ၊ [၃]အာဇီဝပါရိသုဒ္ဓိသီလ၊ [၄]ပစ္စယသန္နိဿိတသီလ၊(ဆိုင်ရာဆိုင်ရာအခဏ်း၌ အကျယ်ရှိ၏)။ ။

၁။ ပါတိမောက္ခသံဝရသီလ···· ဒွေမာတိကာ ခေါ်သော ပါတိမောက်၌ လာသော သိက္ခာပုဒ်များသာမက ဝိနယ ပိဋက၌လာသော သိက္ခာပုဒ်များ။

၂။ ဣန္ဒြိယသံဝရသီလ ···· စက္ခုန္ဒြေစသော ဣန္ဒြေ ၆-ပါး၌ အကု သိုလ် မဖြစ်ရအောင် စောင့်စည်းမှု။

၃။ အာဇီဝပါရိသုဒ္ဓိသီလ ···· ကုလဒူသက အနေသန အမှုများမှရှောင် ကြဉ်၍ စင်ကြယ်စွာ အသက်မွေးမှု။

၄။ ပစ္စယသန္နိဿိတသီလ ···· စင်ကြယ်စွာရသော ပစ္စည်းများ၌ ပစ္စ- ဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်မှု။

**ရဟန်းတို့ မဆင့်မြန်းကောင်းသော တန်ဆာများ။** ။မဟာနိ–ပါ–၂၉၆၊ ဌ– ၃၆၃၊ ။နား,လက်,လည်ပင်း,ဦးခေါင်း,ခါး စသောအရပ်များ၌ လူတို့ ဆင်မြန်းသော တန်ဆာများကို ရဟန်းတို့ မဆင်မြန်းအပ်ကြောင်း ပညတ် ထားတော်မူပုံ၊ ဆင်မြန်းလျှင် ဒုက္ကဋအာပတ်သင့်၏၊ ဝိ–၄–ပါ–၂၄၁၊ ဌ–၄၄။ ။သဂ်ဟ–ဌ–၄၃၆။ ။ရဟန်းတို့မှာလူတို့ဝတ်သကဲ့သို့ သင်္ကန်း ကို မဝတ်ရကြောင်း ပညတ်ထားသော သိက္ခာပုဒ်များ၊ဝိ–၄–ပါ–၂၇၇၊ ၂၇၀၊ဌ–၅၄။ ။ပရိမဏ္ဍလသိက္ခာပဒ၊ (သေခိယ)၊ ဝိ–၂–ပါ–၂၃၉၊ ဌ–၁၆၁။ ။သဂ်ဟ–ဌ–၄၄၆။ ။ရဟန်းတို့မျက်နှာ၌ မလိမ်းမခြယ်ရ ကြောင်း ပညတ်ထားသော သိက္ခာပုဒ်များ၊လိမ်းခြယ်လျှင် ဒုက္ကဋအာပတ် သင့်၏၊ ဝိ–၄–ပါ–၂၄၂၊ ဌ–၄၅။ ။သဂ်ဟ–ဌ–၄၃၇။ ။မအပ် သော တန်ဆာဆင်နည်းများ၊ ဒီဃ–၁–ပါ–၇၊ ဌ–ဂ၄။

**ရဟန်းတို့မစီးကောင်းသော ယာဉ်များ။** ။ဥပါဟနာ ပန ပဋ္ဌဇိတဿ ယာနံ ယေဝ-ဟု ဖွင့်ပြထားပုံ၊ မဟာနိ–ဌ–၃၅၅၊ ပါ–၂၉၀။ ။ မအပ်သောယာဉ်၊ အပ်သောယာဉ်ကို ခွဲပြခ်ား၊ ဒီဃ–၁–ဌ–ဂ၀၊ ပါ– ၆။ ။ယာနာဒိပဋိက္ခေပကထာ၊ ဝိ–၃–ပါ–၂၀၀၊ ဌ–၃၆၉။ ။ သဂ်ဟ–ဌ–၄၅၇။

**ရဟန်းတော်တို့ကို ထေရ,မဇ္ဈိမ, နဝ-ခွဲခြားပြပုံ။** ။ပဏ်–၁–ဋ္ဌ–ပ–အုပ်– ၁၀၅၊ ၁၀၆၊ ပါ–၁၇၊ ထေရာတိ ဒသဝဿေ ဥပါဒါယ ဝုစ္စန္တိ-ဟု ဖွင့်ပြ ထား၏။ ။ဝိ–၁–ပါ–၂ဂ၊ ဌ–ပ–အုပ်–၂၀၃၊ ။အဘိ–၄–ဌ–၆၆၊ ပါ–၁၃၇၊ ။သဂါထာ–သံ–ဌ–၄၂။

**ရဟန်းတို့ အစောင့်အရှောက် တောင်းရာနှင့်စပ်၍ မှတ်သားဘွယ်များ။** ။ ရဟန်းကောင်းတို့ကို တရားနှင့်အညီ လူတို့က စောင့်ရှောက်ပုံ အစီအစဉ်ကို ပြဆိုချက်။ အကျဉ်း၊ ဒီဃ—၁—ဋ္ဌ—၁၅၃၊ ပါ—၅၇။ ။ဓမ္မိကာရက္ခယာစန ဝိနိစ္ဆယ၊ ဝိ—၂—ဋ္ဌ—၁၈၂၊ ပါ—၂၉၀။ ။သင်္ဂဟ—ဋ္ဌ—၄၃၃။ ။ပဏ်—၂—ပါ—၂၇၅၊ ဋ္ဌ—၂၂၁။ ။ဒီဃ—၃—ပါ—၅၀၊ ဋ္ဌ—၃၄။ ။ရဟန်းတို့ တရားစွဲဆိုမှုနှင့်စပ်၍ သိထားဘွယ်များ၊ ဝိ—၁—ဋ္ဌ—ပ—အုပ်—၂၉၄။ ။ဝိ—၂—ပါ—၂၂၀၊ ဋ္ဌ—၁၈၀၊ ၁၁၈၂၊ ဥဒေါသိတ သိက္ခာပဒ။ ။ရဟန်းဟူသည်မှာ ဘေးရန်ကို လုံခြုံရန်အတွက် စောင့်ရှောက်ရန် မလိုကြောင်း၊ မိမိကလည်း သူတပါးကို စောင့်ရှောက်ရန် မလိုကြောင်း ဂါထာ၊ ထေရ—ပါ—၃၀၇၊ ဋ္ဌ—ဒု—အုပ်—၂၁၆။ ။ရဟန်းဟူသည်မှာ အဖော်မလိုကြောင်း၊ အဖော်ရှိလျှင် ငြင်းခုံခြင်း စသော အပြစ်များဖြစ်တတ်ကြောင်း၊ မာတုဂါမနှင့်ဆိုလျှင် အမရင်း၊ နှမရင်းနှင့်ပင် အတူမနေသင့်ကြောင်း ဆုံးမသောဂါထာများ၊ ဇာတက—ပါ—ဒု—အုပ်—၁၇၃၊ ဋ္ဌ—ဆ—အုပ်—၇၉။ ။မဟာဇနကဇာတက၊ ပါ—၁၇၄၊ ဋ္ဌ—၈၁၊ ၈၂။

**ရဟန်းလူထွက်နတ်သား။** ။ရဟန်းတရားကို ကြိုးစားအားထုတ်နေစဉ် စုတေပြီး နတ်သားသွားဖြစ်သော ရဟန်းလူထွက်နတ်သားဝတ္ထု၊ အစ္ဆရာသုတ်၊ သဂါထာ—သံ—ပါ—၃၀၊ ဋ္ဌ—၈၀။ ။၎င်းနတ်သားအား ရထားဥပမာဖြင့် ဘုရားရှင်က တရားဟောတော်မူပုံ၊ ဋ္ဌ—၈၂။ ။ရဟန်းဘဝမှ လူထွက်ပြီး စေတီယင်္ဂဏဝတ်ကိုပြုလုပ်ခြင်း၊ တရားဟောပြောပေးခြင်း ကုသိုလ်များကြောင့် သုမေဓာဘုရားရှင်လက်ထက်တော်မှ ငါတို့ဂေါတမဘုရားရှင်လက်ထက်တော်တိုင်အောင် နတ်သားဖြစ်ရသော အနေကဝဏ္ဏဝိမာနဝတ္ထု၊ ဝိမာန—ပါ—၁၁၂၊ ဋ္ဌ—၂၉၉။

**ရဟန်းတို့ညီညွတ်စေရန် လူတို့ကပြုလုပ်နိုင်ပုံများ။** ။ရဟန်းတော်တို့ ဝိဝါဒါဓိကရုဏ်းဖြစ်၍ အချင်းချင်း မညီမညွတ်ဖြစ်ကာ ကွဲပြားနေသော် ပြန်၍ ညီညွတ်ကြစေရန် လူတို့က အရိအသေမပေးခြင်း၊ ပစ္စည်းလေးပါးစသည်ကို မလှူဒါန်း မထောက်ပံ့ခြင်းဖြင့် သပိတ်မှောက်နိုင်ကြောင်း ဟောထားတော်မူပုံ၊ ကောသမ္ဗီမြို့သူမြို့သားတို့ ထုံးရှိခဲ့ကြသည်၊ ပဏ်—၃—ဋ္ဌ—၁၄၅၊ ပါ—၁၉၂။ ။ဇာတက—ဋ္ဌ—တ—အုပ်—၄၆၆၊ ထိုသို့ လူတို့က သပိတ်မှောက်ခြင်းကြောင့် ကောသမ္ဗီရဟန်းတော်တို့မှာ ပြန်၍ ညီညွတ်ရေးရလာကြ၏။ ။ဝိ—၃—ပါ—၅၀၀၊ ၅၀၁၊ ဋ္ဌ—၄၃၄၊ ၅။

**ရဟန်းပျင်း ရဟန်းဖျင်းတို့ကို ဆုံးမတော်မူခဏ်း။** ။ဂါထာများ၊ ထေရ–ပါ–၂၃၀၊ ဋ္ဌ–ပ–အုပ်–၂၂၀၊ ။ပါ–၂၄၁၊၂၆၀၊၂၆၁။ ။ပါ–၂၄၄၊ ဋ္ဌ–၂၀၇။ ။ပါ–၂၆၀၊ ဋ္ဌ–၄၀၅။ ။ပါ–၃၁၇၊ ဋ္ဌ–၃–အုပ်–၂၅၇၊၄၉၆။ ။ရဟန်းငယ်တို့ တိရစ္ဆာနကထာကို ပြောဆိုကြရန် အားထုတ်နေကြရာတွင် အသျှင်မဟာမောဂ္ဂလ္လာန်ထေရ်က ပုဗ္ဗါရုံကျောင်းတော်ကြီးကို တုန်လှုပ်စေခြင်းဖြင့် သတိသံဝေဂရစေတော်မူပုံ၊ အပ–ပါ–ပ–အုပ်–၃၆၊ ဋ္ဌ–ပ–အုပ်–၂၇၂၊ ။မောဂ္ဂလ္လာနသုတ်၊ မဟာ–သံ–ပါ–၂၃၅၊ ဋ္ဌ–၂၀၀။ ။နေတ္တိ–ပါ–၁၁၀၊ ဋ္ဌ–၂၂၅၊ ၂၂၆။ ။ဒုက္ကရသုတ်၊ သဂါထာ–သံ–ပါ–၇၊ဋ္ဌ–၃၅။ ။ရဟန်းပျင်း ရဟန်းဖျင်း ရဟန်းစဉ်းလဲတို့မှာ ဘုရားရှင်၏ စကားတော်ကို မနာယူခကြောင်း၊(အပြန် ရဟန်းတော်များကား နာယူကြကြောင်း)ဟောထားသော စောဒနာသုတ်၊ အံ–၅–ပါ–၁၇၄၊ ဋ္ဌ–၅၉။ ။အအိပ်ကြီးသော ရဟန်းတို့အား ဆုံးမသော သေးပွသုတ်၊အံ–၆–ပါ–၂၆၄၊ဋ္ဌ–၉၀။ ။ဂါထာ၊ အံ–၁–ဋ္ဌ–၃၇၅၊ ပါ–၃၆၊ ။ဓမ္မ–ဋ္ဌ–၃–အုပ်–၃၀၂။ ။နိဘမထေရ်ဆုံးမသောဂါထာ၊ ထေရ–ပါ–၂၃၀၊ ဋ္ဌ–ပ–အုပ်–၂၂၇။

**ရဟန်းတို့ကိုဆုံးမသောဂါထာများ။** ။ဥပါလိထေရ်က ဆုံးမသောဂါထာ၊ ထေရ–ပါ–၂၆၆၊ ဋ္ဌ–ပ–အုပ်–၄၇၅။ ။နိသဘထေရ်ကဆုံးမသော ဂါထာ၊ ပါ–၂၅၀၊ ဋ္ဌ–၄၀၇၊ ကျက်မှတ်ထားစရာကောင်းလှ၏။ ။ဓမ္မပါလမထေရ်က ဆုံးမသောဂါထာ၊ ပါ–၂၅၉၊ ဋ္ဌ–၄၁၇၊ ။ယသောဇထေရ်က ဆုံးမသော ဂါထာ၊ ပါ–၂၆၆၊ ဋ္ဌ–၄၅၉၊ ။အသျှင်မဟာကဿပထေရ်က ဆုံးမသောဂါထာ၊ ပါ–၂၉၅၊ ဋ္ဌ–၃–အုပ်–၁၇၇။ ။မဟာကပ္ပိနထေရ် ဆုံးမသော ဂါထာများ၊ ဋ္ဌ–၁၀၄။ ။မဟာမောဂ္ဂလ္လာန်ထေရ် ဆုံးမသောဂါထာများ၊ ပါ–၃၆၂၊ ဋ္ဌ–၄၀၀။ ။သမ္ဘူတထေရ်ကဆုံးမသောဂါထာ၊ ပါ–၂၇၁၊ဋ္ဌ–၁၉၊ ။ဥပသေနထေရ်က ဆုံးမသောဂါထာ၊ ပါ–၃၀၅၊ဋ္ဌ–၂၀၄၊ ။အသျှင်အာနန္ဒာထေရ်က ဆုံးမသောဂါထာ၊ပါ–၃၄၆၊ဋ္ဌ–၃–အုပ်–၄၂၁။

**ရဟန်းသံဃာကောင်းကို ကိုးကွယ်လိုသော်။** ။ရဟန်းသံဃာကို ကိုးကွယ်ဆည်းကပ်လိုသော် အရိယာပုဂ္ဂိုလ်ပေါင်း ၉၆–ဦးကို ရေတွက်ဖော်ပြ၍ တရားဟောပြောနိုင်သော ရဟန်းသံဃာကို ကိုးကွယ်ဆည်းကပ်ရမည်ဟု တိပိဋကတိဿမထေရ်ကမိန့်ကြားတော်မူခဲ့ပုံ၊မဟာ–သံ–ဋ္ဌ–၂၇၂။ ။ရဟန်းသံဃာကောင်းများကို ယူဇနာတရာ, တထောင်ဝေးကွာသော အရပ်

သို့ ရိက္ခာထုပ်ကိုလွယ်၍ပင် သွားရောက်ဖူးမျှော်သင့်ကြောင်း ဟောထားသော ဥပေါသထသုတ်၊ အံ-၄-ပါ-၅၀၃၊ဋ္ဌ-၃၆၃။ ။ရဟန်းသံဃာကောင်းတို့ကို မိမိတို့အရပ်တွင်သီတင်းသုံးနေထိုင်စေလိုသော် ပုဏ္ဏကျွန်မထုံး နှလုံးသွင်းမှုကြရမည်၊ သရဏဂုံတည်ပါမည်၊ ၅-ပါးသီလကို လုံခြုံအောင်စောင့်ထိန်းပါမည်ဟု လျှောက်ထား၍ ဘုရားရှင်ကို ခရီးမသွားနိုင်အောင်တားမြစ်အသနားခံရာ ဘုရားရှင်က ခရီးမသွားတော့ဘဲ ပုဏ္ဏကျွန်မကိုငဲ့ညှာ၍နေတော်မူခဲ့ဘူးပုံ၊ အံ-၇-ဋ္ဌ-၁၆၉။ ။ဓမ္မ-ဋ္ဌ-ပ-အုပ်-၁၀၄၊၁၉၉၊၃၃၀၊၄၂၇။

**ရဟန်းသံဃာကောင်းတို့ မရှိခြင်းအပြစ်။** ။ရဟန်းသံဃာကောင်းတို့မရှိလျှင် နတ်တို့ကလည်း လူတို့ကိုမစောင့်ရှောက်ကြကြောင်းမိန့်ဆိုထားပုံ၊အံ-၇-ဋ္ဌ-၁၅၄။ပါ-၄၀၀၊ ။ရဟန်းသံဃာကောင်းတို့မရှိသောအရပ်တွင်ဘီလူးသရဲ-စသည်တို့က လူတို့ကို နှိပ်စက်တတ်ကြောင်း၊ ဒီဃ-၂-ဋ္ဌ-၁၁၁၊ (အပရိဟာနိယအခန်းတိုင်း၌ရှိ၏)။

**ရဟန်းသံဃာကောင်းထံချဉ်းကပ်ရကျိုးများ။** ။ကုလသုတ်၊ အံ-၅-ပါ-၂၁၃၊ကောင်းကျိုး ၅-ပါးကိုဟောထား၏။ ။ဂိဟိသာမိစိသုတ်၊ အံ-၄-ပါ-၃၇၆၊ဋ္ဌ-၃၁၂၊ ပစ္စည်းလေးပါးဖြင့် လုပ်ကျွေးရကျိုးဂါထာများ၊ ။၅-ပါ-၁၀၆၊ဋ္ဌ-၆၃၊ ။ရဟန်းကောင်းတို့ကို ကြည်ညိုခလေးစားလှသော သီဟိုဠ်ကျွန်း ကုဋကဏ္ဏမင်း၊ အဘိ-၂-ဋ္ဌ-၄၃၃။ ။ ရဟန်းကောင်းယှသုံး၊ စိတ်ရွှင်ပြုံး၊ နှလုံးကြည်သာ၊ ထိုဒကာ-ဟူသော ဂါထာ၊ ဇာတက-ပါ-ပ-အုပ်-၁၁၀၊ ဋ္ဌ-ဆ-အုပ်-၂၂၂။

**ရဟန်းတို့အားပစ္စည်းဖြင့်ဘိတ်ကြား၍လှူဒါန်းရကျိုးများ။** ။နှုတ်ဖြင့်ဖိတ်ခြင်း၊ ပစ္စည်းဖြင့်ဖိတ်ခြင်း ဘိတ်ခြင်း ၂-မျိုး၊ ပဏ-၂-ဋ္ဌ-၂၂၁၊ ပါ-၂၇၅။ ။ ၁-ပါ-၂၀၃၊ ဋ္ဌ-၃-အုပ်-၁၆၆၊ ။လှူဒါန်းရကျိုးများ၊ အံ-၁၀-ပါ-၃၆၁၊ဋ္ဌ-၃၂၁၊ ၃၂၂၊အာကခ်သုတ်၊ ။ရဟန်းတို့အား ပစ္စည်းလေးပါးဖြင့် အလှူခံရန်ဘိတ်ကြားပြီးနောက် ၁မလှူဒါန်းသူမှာ နောင်ဘဝများတွင် စီးပွါးဥစ္စာရှာဖွေသောအခါတိုင်း ကြံစည်တိုင်းလိုလို ပျက်စီးတတ်ကြောင်း၊ ၂အနည်းငယ်သာလှူဒါန်းသူမှာ မိမိကြံစည်တိုင်းဖြစ်မလာတတ်ကြောင်း၊ ၃ဘိတ်ကြားသမျှသာ လှူဒါန်းသူမှာ မိမိကြံစည်သလောက်သာဖြစ်တတ်ကြောင်း၊ ၄ပိုပိုလျှံလျှံလှူဒါန်းသူမှာ ကြံစည်သည်ထက် ပိုပိုလျှံလျှံဖြစ်ထွန်းလာတတ်ကြောင်းဟောထားသော ဝဏိဇ္ဇသုတ်၊ အံ-၄-ပါ-၃၉၃၊ဋ္ဌ-၃၂၀။ ။သုတ္တ-ဋ္ဌ-ပ-အုပ်-၁၅၃။

ရဟန်းတို့တပါးတည်းမနေထိုက်,နေထိုက်ပြဆိုခက်း။ ။အင်္ဂါ ၅-ပါးစီဟော သော ဝပကာသသုတ်၊ အံ-၅-ပါ-၁၂၀၊ ဌ-၄၆။ ။(ဝိနယ နိဿယ မုစ္စက-အခက်း၌လည်းရှိ၏.)။

ရဟန်းသူရဲကောင်းအစစ်။ ။ပဌမယောဓာဇီဝသုတ်၊ အံ-၅-ပါ-၇၉၊ ၈၁၊ ဌ-၃၄၊(အဘိ-စစ်သားခက်း၌အကျယ်ခရေးခဲ့ပြီ)။ ။ဒုတိယယောဓာ ဇီဝသုတ်၊အံ-၅-ပါ-၈၂၊ ဌ-၃၅၊(၁) ဆွမ်းခံသွားရာ-စသည်၌ ကိုယ်, နှုတ်,စိတ် ဣန္ဒြေများကိုမစောင့်ရှောက်ဘဲ မာတုဂါမတို့၏ အင်္ဂါကြီးငယ် ကိုမြင်၍ သည်းမခံနိုင်ဖြစ်ကာ သိက္ခာမချဘဲ မေထုန်မှီဝဲသောရဟန်း၊ (၂) သီတင်းသုံးဘော်တို့ကိုမပန်ကြားဘဲ သိက္ခာချ၍ လူထွက်သောရဟန်း၊ (၃) သီတင်းသုံးဘော်တို့ကိုပန်ကြား၍ သီတင်းသုံးဘော်တို့က ကာမဂုဏ် ၏ အပြစ်များကို ဟောပြသော်လည်း မနာယူဘဲ လူထွက်သောရဟန်း၊(၄) သီတင်းသုံးဘော်တို့က ကာမဂုဏ်၏ အပြစ်များကို ဟောပြရာ သတိသံဝေဂ ရပြီး လူမထွက်သောရဟန်း၊ (၅) ကိုယ်နှုတ်စိတ် ဣန္ဒြေများကို စောင့် ကြသောကြောင့် ဝိသဘာဂ အာရုံဒက်များ မခံစားရဘဲ ချာန်, မဂ်,ဖိုလ် ရအောင် အားထုတ်သောရဟန်း၊၌နံပါတ် ၄၊၅၊ ရဟန်းတော် ၂-ပါးကို ရဟန်းသူရဲကောင်းအစစ်ဖြစ်ကြောင်း ဟောထားတော်မူ၏။ ။ရဟန်း ဘဝတွင် မပျော်မွေ့ဘဲ ကျင့်နေရသော်လည်း သီတင်းသုံးဘော်တို့က ချီး ကျူးကြပုံ အချက် ၅-ချက်၊ သိက္ခာသုတ်၊ အံ-၅-ပါ-၄။

ရဟန်းတို့ နန်းတော်ဝင်ခြင်း၌ ရအပ်သောအပြစ်များ။ ။၁၀-ပါး၊ ရာဇန္တေ ပုရပ္ပဝေသနသုတ်၊ အံ-၁၀-ပါ-၃၂၀၊ ဌ-၃၀၂၊ မင်းကျွမ်းဝင်ခြင်း ကြောင့် ရအပ်သောအပြစ်များ ဟူ၍လည်း ခေါ်ဆိုနိုင်၏။ ။ဝိ-၂- ပါ-၂၀၇၊ ဌ-၁၅၁။

ရဟန်းသံဃာကောင်းတို့ကို ကြည်ညိုရကျိုးများ။ ။ခုဒ္ဒက-ပါ-၄၊ ဌ- ၁၂၆။ ။သုတ္တ-ဌ-၃-အုပ်-၃၂၊ ဂါထာများအညွှန်း၊ မျက်စိရောဂါ ကင်း၍ မျက်လုံးလှပတတ်၏ဟု ဖွင့်ပြထားပုံ။ ။ပဏ်-၁-ဌ-ပ-အုပ်- ၃၂၂။ ။မင်္ဂလသုတ်၊ သမဏာနဉ္စ ဒဿနံ-ပုဒ်အဖွင့်၌ ရှိ၏။ ။ (ရတနာသုံးပါးကို ကြည်ညိုရကျိုး အခက်း၌လည်း ရှိ၏.)။ ။ရဟန်း ကောင်းတို့အား မြတ်နိုးရခြင်းအကြောင်းစုံကို သမီးဖြစ်သူ ရေဟိနိက ဘခင်အား ပြောပြခက်း၊(ရဟန်းကောင်းတို့၏ ဂုဏ်ပုဒ်များလည်းဟူ၏.)၊ ထေရီ-ပါ-၄၁၁၊ ဌ-၂၂၃၊ ။စူဠသုဘဒ္ဒါဝတ္ထု၊ ဓမ္မ-ဌ-၃-အုပ်-

၂၉၀၊ ကျက်မှတ်ထားဘွယ် အလွန်ကောင်းလှ၏။ ။သောဏကဇာတက။ ။ကာဠကာရာမသုတ်၊ အံ၊ ။ရဟန်းကောင်းတို့အား ချီးကျူးထားပုံ၊ သမ္မဟုလသုတ်၊ သံ။

**ရဟန်းသာမဏေကို ခိုင်းစေတတ်သူ လူတို့ကျွန်ဖြစ်တတ်ကြောင်း။** ။ခုဇ္ဇုတ္တရာကျွန်မဘဝ္ထုနမူနာယူစရာ၊ ဓမ္မ-ဋ္ဌ-ပ-အုပ်-၁၄၄၊ ။ဇာတိ၊ ဋ္ဌ-၂၈၊ ။ အံ-၁-ဋ္ဌ-၃၃၈။ ။ထေရ-ဋ္ဌ-ပ-အုပ်-၈၅၊ ဒါသကတ္ထေရဂါထာ၊ ဒိဏ္ဏာသဝဏ္ဏထေရ်ကို ခိုင်းစေခဲ့ဘူးသောကြောင့် ကျွန်ဖြစ်ရပုံ၊ ရဟန်းကောင်း ,သာမဏေကောင်း (ရဟန္တာ) ကို ငယ်သည်ဟု မလေးမစားပြုလျှင် ဝန်လေးလှကြောင်း၊ ဓမ္မ-ဋ္ဌ-ဒု-အုပ်-၃၉၀။ ။ဒဟရသုတ်-သံ။

**ရဟန်းတို့ မှတ်သားဘွယ်ရာများ။** ။ရဟန်းတို့ မဒိဗ်အပ်သော တရား ၂-ပါး၊ ရာသိယသုတ်၊ သဠာ-သံ-ပါ-၅၁၃၊ ဋ္ဌ-၁၄၅၊ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ။ ။ရဟန်းတို့ ကုလမစ္ဆရိယ၊ အာဝါသမစ္ဆရိယအတွက် ကြောက်စရာကောင်းလှပုံ၊ ဓမ္မ-ဋ္ဌ-ပ-အုပ်-၃၁၃။ ။ရဟန်းဟူသည်မှာ အအိပ်နည်းပါးကြောင်း ဟောထားသောဂါထာ၊ ဓမ္မ-ဋ္ဌ-ဒု-အုပ်-၂၀၀။ ။ရဟန်းတို့မှာ လူ့ပုထုဇဥ်တို့ ကြည်ညိုမှု၊ မကြည်ညိုမှု၌ အရေးမထားထိုက်ကြောင်း၊ ဘာမျှထူးရှဲ့ မဆုတ်ယုတ်နိုင်ကြောင်းဂါထာ၊ ထေရ-ပါ-၂၆၆၊ ဋ္ဌ-ပ-အုပ်-၄၆၂။ ။ ရဟန်းဘို့မှာ ဘာကိုမျှမရည်ရွယ်ဘဲ မရည်ညွှန်းဘဲ ရေချမ်းစဥ်တည်ထားသော ကောင်းမှုကို ပြုကောင်းကြောင်း နမူနာ၊ ဇာတက-ဋ္ဌ-ပ-အုပ်-၄၇၅။ ။ရဟန်းတို့အတွက်၊ (အာယုဝဍ္ဎနဒိဝမုနကထာ)၊ ဒီဃ-၃-ပါ-၆၄၊ ဋ္ဌ-၄၁။ ။ရဟန်းကျင့်ဝတ် ၆-ပါး(လူတို့အပေါ်၌ ပြုရသောကျင့်ဝတ်)၊ ၃--ပါ-၁၅၆၊ ဋ္ဌ-၁၄၀။

**ရဟန်းယုတ်တို့ ဖြစ်တတ်သော သဘောထားများ။** ။အပြည့်အစုံဟောထားသော အနဂ်ဏာသုတ်၊ပဏ်-၁-ပါ-၃၂၊ဋ္ဌ-ပ-အုပ်-၁၄၇။ ။ရဟန်းယုတ်တို့ အနာဂတ်ကာလ၌ ကျင့်ကြံနေထိုင်ကြမည့် အကြောင်းအရာများကို ကြိုတင်ဟောထားခဲ့သော ဂါထာများ၊ ထေရ-ပါ-၃၃၉၊ ဋ္ဌ-ဒု-အုပ်-၃၅၄၊ပါရာပရိယထေရ် ဟောထားသော ဂါထာများဖြစ်၏၊ သတိပြု ရှောင်ကြဉ်ဘွယ် အလွန်ကောင်းလှ၏။ ။ဖုဿထေရ်ဟောထားသော ဂါထာများ၊ ပါ-၃၄၁၊ဋ္ဌ-၃၆၂၊ ရဟန်းယုတ်တို့မှာ ဂိုဏ်းအားကိုးဖြင့် သီလဝန္တဗဟုဿုတ ပုဂ္ဂိုလ်များအပေါ် အနိုင်ယူကြလိမ့်မည်- ဟူသော အချက်လည်း ပါဝင်၏။ ။အနာဂတဘယသုတ်၊ အံ-၅-ပါ-၉၃၊ဋ္ဌ-

၃၆၊(တတိယ)။ ။စတုတ္ထ၊ပါ–၉၅၊ဌ–၃၇။ ။ကာင်္ကော၀သုတ်၊ အံ–ဂ–ပါ–၁၆၊ဋ္ဌ–၁၉၇၊ ဂါထာများပါ၏။ ။ကာရကသုတ်၊ အံ–၁၀–ပါ–၃၇၅၊ဋ္ဌ–၃၂၄၊ရဟန်းယုတ်မာတို့၏ အင်္ဂါ ၁၀-ပါးကို ဟောထား၏။ ။ဍသာမစ္ဆေရ နှိပ်စက်ခံရသော ရဟန်းတို့ သတိမူစရာ၊ ဇမ္ဗုကစ္စေရ၀တ္ထု၊ဓမ္မ–ဋ္ဌ–ပ-အုပ်–၃၁၃။ ။ပါပိစ္ဆ ဗုဒ္ဓပဋ္ဋဉ္ဇရဟန်းတို့ တောင့်တတတ်သည်ကိုပြသော ဂါထာမျ း၊ ၃၂၀။ ။ရဟန်းယုတ်တို့မှာ သားသမင်နှင့်တူ၏ဟု ဆိုထားသော ဂါထာ၊ ထေရ–ပါ–၃၄၄၊ဋ္ဌ–၃–အုပ်–၄၀၀။ ။

ရဟန်းယုတ်တို့ ကြီးစိုးခြင်း အပြစ်များ။ ။ရဟန်းယုတ်တို့ကြီးစိုးလျှင် ရဟန်းကောင်းတို့နှင့်တကွ လူ့နတ်အားလုံးတို့ ဆင်းရဲကြရကြောင်းနှင့် အကျိုးမဲ့ဖြစ်ကြရကြောင်း ဟောထားတော်မူပုံ၊ အံ–၂–ပါ–၆၉၊ ဋ္ဌ–၄၄။ ။ ရဟန်းကောင်းတို့ ကြီးစိုးလျှင် အားလုံးချမ်းသာကြကြောင်းလည်း ဟောထား၏။ ။ရဟန်းဆိုးရဟန်းပျက်တို့ အားရှိကြောင်းသုံးပါးကို ဟောထားသော မဟာစောရသုတ်၊အံ–၃–ပါ–၁၅၂၊ဋ္ဌ–၁၃၉၊ကိုယ့်ကိုယ်ကိုဖျက်ကိုယ်ပင် ပျက်စီးရကြောင်း။ ။ရဟန်းပျက်လူ့ ကျိုးမူမများ-ဟူသော ဂါထာ၊ထေရ–ပါ–၂၇၀၊ဋ္ဌ–၃–အုပ်–၉။ ။

ရဟန်းဆိုး,ရဟန်းပျက်တို့ ခံရသော အပြစ်များ။ ။ပါပဘိက္ခုသုတ်၊နိဒါန–သံ–ပါ–၄၅၁၊ဋ္ဌ–၂၀၅။ ။ဝိ–၁–ပါ–၁၄၀၊ဋ္ဌ–၃–အုပ်–၁၀၀။ ။ ပဏ်–၂–ပါ–၂၊ဋ္ဌ–၄၊ငရဲမှလွတ်ပြီးနောက် အကုသိုလ်ကံကြွင်း အနေဖြင့် မီးလျှံတောက်သော သင်္ကန်း,သပိတ်,ခါးပန်းကြိုး-စသည်ကို ၀တ်ဆင်ပြီး ဆင်းရဲဒုက္ခ ခံနေကြရသော ပြိတ္တာများ ဖြစ်နေကြရပုံ ဟောထား၏။ ။ ဒုဗ္ဗရိတဖလ ပိဋိတ၀တ္ထု၊ဓမ္မ–ဋ္ဌ–၃–အုပ်–၂၉၀။ ။ကပိလသုတ်၊သုတ္တ–ပါ–၃၂၁၊ဋ္ဌ–၃–အုပ်–၄၂။ ။

ရဟန်းယုတ်တို့ ပြည်သူတို့ဆွမ်းကိုစားရာ၌ ကြောက်စရာကောင်းလှပုံ။ ။ဂါထာများ၊ဝိ–၁–ပါ–၁၁၆၊ဋ္ဌ–၃–အုပ်–၇၀။ ။ဓမ္မ–ဋ္ဌ–၃–အုပ်–၂၉၉၊ ။ ဣတိ–ပါ–၂၂၄၊ဋ္ဌ–၁၆၀။ ။

ရဟန်းသူခိုးကြီး ၅-ဦး။ ။သုတ္တ–ပါ–၂၉၉၊ဋ္ဌ–ပ–အုပ်–၁၆၄၊အညွှန်း။ ။ ဝိ–၁–ပါ–၁၁၄၊ ဋ္ဌ–၃–အုပ်–၇၅၊ မှတ်သားဘွယ်ကောင်းလှ၏။ ။

(၁) ပါပဘိက္ခု-အလဇ္ဇီရဟန်းများကို စုဆောင်းပြီး ၎င်းတို့ဖြင့် ခြံရံကာ မြို့ရွာအနှံ့အပြားသွား၍ ပစ္စည်းစသည်ရအောင် အားထုတ်တတ်သော ရဟန်း။

(၂) ဆရာသမားများကိုပစ်ပယ်၍ ဓမ္မဝိနယများကို ကိုယ်တိုင်ထိုးထွင်း၍ သိခလဟန်ဖြင့် ပြောဆိုတတ်သော ရဟန်း။

(၃) ရဟန်းကောင်း ရဟန်းမြတ်များကို မြင်ခြင်း ကြားခြင်း ယုံမှားခြင်း မရှိပါဘဲလျက် ပါရာဇိကအာပတ်ဖြင့် စွပ်စွဲတတ်သော ရဟန်း။

(၄) သံဃာပိုင် ဂရုဘဏ်ပစ္စည်းများကို လူတို့အားပေးကမ်း၍ မိမိဘက်ညွတ်လာအောင် သွေးဆောင်ဖြားယောင်းတတ်သောရဟန်း။

(၅) မိမိ အမှန်ဘကယ် မဂ်,ဖိုလ်မရပါဘဲလျက် ရလေဟန် ဝါကြွားပြောဆိုတတ်သော ရဟန်း။ ။ဤရဟန်း ၅-မျိုးကို ရဟန်းသူခိုးကြီး ၅-မျိုးဟု ဟောတားတော်မူ၏။ ။

**ရဟန်းဒုဿီလအတွက် ဟောထားချက်များ။** ။ဒုဿီလ ပါပဓမ္မ ပုဂ္ဂိုလ်တို့အတွက် ဟောထားသော ပေါ်တ္ထက္ကုပမ နိဒ္ဒေသ၊ အဘိ–၄–ပါ–၁၃၇၊ ဌ–၆၆။ ။ပေါ်တ္ထကသုတ်၊အံ–၄–ပါ–၂၄၉၊ဌ–၂၂၄။ ။အဆင်းလည်း မလှ၊ အတွေ့လည်းကြမ်းတမ်း၊ အဘိုးလည်းမတန်သော အဝတ်အစား သုံးမျိုးကဲ့သို့ ဒုဿီလပါပဓမ္မပုဂ္ဂိုလ်ဘို့မှာ နဝ,မဇ္ဈိမ,ထေရ-အရွယ်သုံးပါးလုံး၌ ကိုယ်အဆင်း ဂုဏ်သတင်းလည်းမရှိ၊ မှီခိုနေသူတို့လည်း အကျိုးမရှိ၊ လှူဒါန်းရသူတို့လည်း အကျိုးမများကြောင်း ဟောထား၏။ ။ဒုဿီလရဟန်းတို့အတွက် ကြောက်သန့်ဘွယ်ရာ ဥပမာအမျိုးမျိုးတို့ဖြင့် ဟောထားသော အဂ္ဂိက္ခန္ဓောပမသုတ်၊အံ–၇–ပါ–၄၈၅၊ဌ–၁၀၉။ ဝိသုဒ္ဓိ–ပ–အုပ်–၅၂၊အညွှန်း။ ။ရဟန်းယုတ်တို့အား နှင်ထုတ်ရမည်ဟု ဟောထားသော ကာရဏ္ဍဝသုတ်၊အံ–၈–ပါ–၁၆၊ဌ–၁၉၇၊ဂါထာများပါ၏။ ။ဆပ္ပါဏာကောပမသုတ်၊ သဠာ–သံ–ပါ–၄၀၁၊ ဌ–၁၁၀၊ ဒုဿီလရဟန်းတို့ ခံရသော ဒုက္ခဝေဒနာနှင့် ဈာန်မြေမစောင့်စည်းခြင်းအပြစ်များကို ဟောထား၏။ ။ဒုဿီလပဥ္စမိလိန္ဒ–ပါ–၂၄၉၊ရဟန်းဒုဿီလက လူဒုဿီလထက် အကြောင်း ၁၀-ပါးဖြင့် သာလွန်ပုံ ဟောထား၏။ ။ရဟန်းမှာ ဒုဿီလပင်ဖြစ်သော်လည်း အကြောင်း ၁၀-ပါးဖြင့် အလှူရေစက်ကို သုတ်သင်နိုင်သေးပုံ၊ပါ–၂၅၀။ ။

**ရဟန်း သီလဝန္တအတွက် ဟောထားချက်များ။** ။ကာသိကဝတ္ထူပမနိဒ္ဒေသ၊ အဘိ–၄–ပါ–၁၃၀၊၁၃၉၊ဌ–၆၇။ ။ပေါ်တ္ထကသုတ်၊ အံ–၄–ပါ–၂၅၀၊ ဌ–၂၂၄၊၅၊ကာသိတိုင်း၌ဖြစ်သော အဝတ်သည် အဆင်းလည်းလှ၏၊ အတွေ့လည်းနူးညံ့၏၊ အဘိုးလည်းထိုက်တန်သကဲ့သို့ သီလဝန္တ

ရဟန်းတော်များသည် ကိုယ်အဆင်းဂုဏ်သတင်းလည်း လှ၏၊ မှီခိုနေသူတို့ကိုလည်း အကျိုးရှိစေ၏၊ လှူဒါန်းသူတို့ကိုလည်း အကျိုးများစေ၏-ဟု အရွယ်သုံးပါးဖြင့် ပုဂ္ဂိုလ်သုံးမျိုးကို ဟောထား၏။

**ရဟန်းတို့ကိုဆဲရေးခြင်းအပြစ်များ။** ။ရဟန်းတို့ကို ဆဲရေးသောကြောင့် ပါးစပ်မှ သွေးပုတ်သွေးနက်များ ထွက်နေသောပြိတ္တာ ၂-ယောက်၊ဥဒါန်-ဠ-၂၇၉။ ။ကပိလငါး၊ သုတ္တ-ပါ-၃၂၁၊ ဠ-၃-အုပ်-၄၄။ ။ အချို့လူတို့က ရဟန်းတို့အား ကြိမ်ဖန်ဆဲရေးတတ်ကြပုံကို ပြဆိုချက်၊ ခန္ဓ-သံ-ဠ-၂၇၇၊ ပါ-၇၆၊ ခွန်အားရှိပါလျက် အရှက်အကြောက်ကင်းမဲ့စွာ တောင်းစားနေကြသည်ဟု ဆဲရေးတတ်ကြကြောင်း ဖွင့်ပြထား၏။ ။ ရသေ့ရဟန်းအချင်းချင်းတို့ကို မသင့်မတင့်ဖြစ်အောင် (ဝါ) အမိကရုဏ်းဖြစ်အောင် ပြုလုပ်သောသူတို့မှာ တနေ့နေ့တွင် အန္တရာယ်ကြီးစွာ ကျရောက်တတ်ကြောင်း၊ မဟာ-သံ-ဠ-၃၁၄၊ ဘုရားဇာတ်တော်ကို ပြန်ဟောထားတော်မူ၏။ ။(ပေတဝတ္ထု-၌ များစွာရှိ၏)။ ။အရိယာရဟန်းတော်တို့အားဆဲရေးခြင်း၊ ပြစ်မှားခြင်းအပြစ်များကို အ-ခက်း၌ အကျယ်ရေးခဲ့ပြီ။

